# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**လောကကို ရှုကျင့်သူ**

ရေပြင်ကို ရှုမြင်ရသကဲ့သို့လည်းကောင်း၊ တံလျှပ်ကို ရှုမြင်ရသကဲ့သို့ လည်းကောင်း၊ ဤအတူ(ခန္ဓာငါးပါး ဟူသော) လောကကို ရှုကျင့်သူကို သေမင်းသည် မမြင်နိုင်။ ဤသို့ ရှုသောသူသည် သေခြင်းကင်းရာ နိဗ္ဗာန်ကို မျက်မှောက်ပြုကြကုန်၏။ ထိုသူတို့အား နောက်တစ်ကြိမ် ပဋိသန္ဓေနေ၍ သေရခြင်းသည် မရှိတော့ပြီ။

လောကဝဂ်(ဓမ္မပဒ-၁၇၀)


၁၃၈၄ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၈ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 12 April 2023 ၁၁၀၆၈


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် သိန္နီဟော်နန်းယဉ်ကျေးမှုပြတိုက် ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးစဉ်။

# သိန္နီဟော်နန်းသစ်ကြီးသည် သိန္နီမြို့၏ ဂုဏ်ကျက်သရေဆောင် အဆောက်အအုံကြီးတစ်ခုဖြစ်

## သမိုင်းဝင်ယဉ်ကျေးမှုပြတိုက်ကြီးအဖြစ် ဆက်လက်ထူထောင်၍ အများပြည်သူလေ့လာအပန်းဖြေ ဗဟုသုတရှာမှီးရာ ယဉ်ကျေးမှုပြတိုက်ကြီးအဖြစ် ဆက်လက်ကြိုးပမ်းထူထောင်သွားမည်

နေပြည်တော် ဧပြီ ၁၁

သိန္နီစော်ဘွားကြီး ခွန်ဆန်တုန်ဟုန်း၏ ဟော်နန်းတော်(ဟော်ခမ်းသျှမ်းဝီ)ကို အသစ်ပြန်လည်တည်ဆောက်ပြီးစီးခဲ့သည့် သိန္နီဟော်နန်းယဉ်ကျေးမှုပြတိုက် ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ဖွင့်လှစ်ပေးသည်။


စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆



ယနေ့ ဖတ်စရာ

**နေပြည်တော်၊ ရန်ကုန်နှင့်မန္တလေးတို့မှ မြန်မာ့ရိုးရာ ယဉ်ကျေးမှု မဟာသင်္ကြန်ရေသဘင်ပွဲတော် ကျင်းပမှုများ MRTV မှ တိုက်ရိုက် Live ထုတ်လွှင့်မည်**

စာမျက်နှာ » ၁၁

**မြစ်ကြီးနားမြို့၌ လမ်းလျှောက်သင်္ကြန်အပြင် ဗဟိုမဏ္ဍပ် အပါအဝင် ရေကစားမဏ္ဍပ်ခြောက်ခုဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပရန် စီစဉ်ထား**

စာမျက်နှာ » ၁၈

**ဂုဏ်အင်အလွန်ထူးသည့် လတန်ခူး**

ဆောင်းပါး စာမျက်နှာ » ၁၉

**၂၀၂၃ ခုနှစ် မတ်လအတွင်း ဝန်းကျင်လေထုအရည်အသွေး လေ့လာဆန်းစစ်ခြင်းနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်**

စာမျက်နှာ » ၂၄


**ထူးခြားသည့် နေ့အပူချိန်များ**

နေပြည်တော် ဧပြီ ၁၁

| | | |
|---|---|---|
| ဘော်လခဲ | ၄၄ | ဒီဂရီစင်တီဂရိတ် |
| ဖားဆောင်း | ၄၄ | ဒီဂရီစင်တီဂရိတ် |
| တမူး | ၄၂ | ဒီဂရီစင်တီဂရိတ် |
| မြင်းခြံ | ၄၂ | ဒီဂရီစင်တီဂရိတ် |
| ချောက် | ၄၂ | ဒီဂရီစင်တီဂရိတ် |
| တောင်တွင်းကြီး | ၄၂ | ဒီဂရီစင်တီဂရိတ် |
| တောင်ငူ | ၄၂ | ဒီဂရီစင်တီဂရိတ် |

ကြေးမုံ

# မြန်မာ့ရိုးရာမဟာသင်္ကြန်ကို မြတ်နိုးတန်ဖိုးထား

မြန်မာသက္ကရာဇ် ၁၃၈၄ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှုအစဉ်အလာ မဟာသင်္ကြန်အခါကာလသို့ ရောက်ရှိလာပြီဖြစ်သည်။ မဟာသင်္ကြန်ကာလတွင် မြန်မာတို့ မြတ်နိုးတန်ဖိုးထားသော ယဉ်ကျေးမှုအစဉ်အလာ ပျော်ရွှင်ဖွယ်ရာ ရေသဘင်ပွဲဆင်နွှဲမှုများနှင့် ကောင်းမြတ်သော မင်္ဂလာအပေါင်းတို့ကို တစ်နိုင်ငံလုံး နှစ်စဉ်နှစ်တိုင်း လွှမ်းခြုံဆင်နွှဲကြသည်မှာ စိတ်ကြည်နူးဖွယ်ရာဖြစ်သည်။

နှစ်ဟောင်းတွင် ကိုယ်စိတ်နှစ်ပါး ညစ်နွမ်းမှုများရှိပါက ဆေးကြောသန့်စင်သည့်အနေဖြင့် တစ်ဦးနှင့်တစ်ဦး ယဉ်ကျေးသိမ်မွေ့စွာ အတာရေသွန်းလောင်း ပက်ဖျန်းကြခြင်း၊ ဘုရား၊ ကျောင်းကန်များတွင် ကောင်းမှုကုသိုလ်များပြုလုပ်ကြခြင်း၊ သက်ကြီးဝါကြီး မိဘဘိုးဘွားတို့အား ပူဇော်သက္ကာယပြုခြင်း၊ ရဟန်းခံရှင်ပြုအလှူမင်္ဂလာပွဲများပြုလုပ်ကြခြင်းနှင့် တိရစ္ဆာန်များအား ဘေးမဲ့ပေးကာ လွတ်မြောက်ချမ်းသာစေခြင်း စသည့်ကောင်းသောအမှုတို့ကို ပြုလုပ်ကြသဖြင့် ဤအတာကူးပြောင်းသည့် နှစ်သစ်အခါကာလသည် မြန်မာပြည်တစ်ဝန်း မင်္ဂလာအပေါင်းတို့ကို ဆောင်ကြဉ်းသည့်အချိန်ကာလဖြစ်သည်။

၁၃၈၄ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကို နိုင်ငံတော်အစိုးရအနေဖြင့် မြန်မာ့ဓလေ့ထုံးတမ်းအစဉ်အလာနှင့်အညီ ရိုးရာမပျက် ဆက်လက်ထိန်းသိမ်းဆောင်ရွက်ရန်၊ ပြည်သူများ ကိုယ်စိတ်နှစ်ပါး ရွှင်လန်းချမ်းမြေ့စွာဖြင့် ရေသဘင်ပွဲတော်တွင် ယဉ်ကျေးသိမ်မွေ့စွာ ပါဝင်ဆင်နွှဲနိုင်ရန်၊ ပြည်သူများသည် မိမိတို့ ပင်ပန်းနွမ်းနယ်သမျှကို အတာရေပက်ဖျန်း လန်းဆန်းစေခြင်းဖြင့် နှစ်သစ်တွင် နိုင်ငံတော်၏တာဝန်များကို စွမ်းအားပြည့်စွမ်းဆောင်နိုင်ကြစေရန်၊ မြန်မာမှု၊ မြန်မာ့ဟန်၊ မြန်မာ့ရိုးရာယဉ်ကျေးမှု အနှစ်သာရများ၊ အမျိုးသားရေးစရိုက်လက္ခဏာများကို ဆက်လက်ထိန်းသိမ်း စောင့်ရှောက်တတ်ကြစေရန် စသည့်ကောင်းမြတ်သော ရည်ရွယ်ချက်များဖြင့် ကျင်းပနိုင်ရန် ပြင်ဆင်ဆောင်ရွက်ခဲ့သည်။

ဤသို့ ကောင်းမြတ်သော အစဉ်အလာများနှင့်အညီ မြန်မာပြည်တစ်ဝန်းရှိ ပြည်သူများအားလုံး စိတ်နှလုံးရွှင်လန်းချမ်းမြေ့စွာဖြင့် အေးချမ်းပျော်ရွှင်စွာ ပါဝင်ဆင်နွှဲနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိနေသည်ကို မြန်မာအချင်းချင်း မနာလိုမရှုဆိတ်ဖြစ်ခြင်း၊ ဣဿာမစ္ဆရိယစိတ်ထားခြင်းတို့မှာ မပြုလုပ်သင့် မပြုလုပ်ထိုက်သောအမှုများဖြစ်သည်။ သူတစ်ပါးပျော်ရွှင်ချမ်းမြေ့ကြ၊ ကောင်းသောအမှုများပြုလုပ်ကြသည်ကို ပျက်စီးအောင်ပြုလုပ်ခြင်းသည် ယုတ်မာပက်စက်သည့် အကြံအစည်ဖြစ်သည့်အပြင် နောင်သံသရာတွင် ကြီးမားသောအပြစ်တို့ မလွဲမသွေခံကြရမည်ဖြစ်သည်။ သင်္ကြန်ကာလအတွင်း သင်္ကြန်မဏ္ဍပ်များအား ယုတ်မာပက်စက်သောအကြံဖြင့် ဖောက်ခွဲဖျက်ဆီးရန်ကြံစည်ခဲ့သည့် PDF အမည်ခံ အကြမ်းဖက်သမားများကို အချိန်မီတားဆီးနိုင်ခဲ့သည်။

မွန်မြတ်သောသင်္ကြန်၊ အစဉ်အလာကြီးမားသော သင်္ကြန်ကာလအတွင်း ပြည်သူများအနေဖြင့် အစစအရာရာ သတိမူဆင်ခြင်ကာ အစဉ်အလာမပျက် ပါဝင်ဆင်နွှဲခြင်း၊ ဝိုင်းဝန်းကူညီဆောင်ရွက်ခြင်းဖြင့် မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ကို ထိန်းသိမ်းစောင့်ရှောက်ကြရမည်ဖြစ်သည်။ မြန်မာ့ရိုးရာအစဉ်အလာယဉ်ကျေးမှုကို ပျက်စီးအောင်ဖျက်ဆီးမည့်သူများအား ဝိုင်းဝန်းတားဆီးကာကွယ်ကြရမည်ဖြစ်သည်။ ယခုနှစ်မဟာသင်္ကြန်ကာလတွင် အဖျက်အန္တရာယ်ကို သတိပြုကြရမည်ဖြစ်သလို အပူဒဏ်အန္တရာယ်ကိုလည်း ပြည်သူများအနေဖြင့် အထူးသတိပြုကြရန် လိုအပ်ပေသည်။ သတိပြုဖွယ်ရာများကို အထူးသတိပြု၍ မြန်မာ့ရိုးရာအစဉ်အလာများကို မပျောက်ပျက်အောင် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရမည်ဖြစ်သည်။

နွေရာသီသင်္ကြန်ကာလသည် အပူချိန်ပြင်းထန်သောကြောင့် ကျန်းမာရေးကို အထူးသတိပြုရမည်ဖြစ်သည်။ အပူရှိန်ကြောင့် ခန္ဓာကိုယ်အတွင်း ရေဓာတ်များ ဆုံးရှုံးမှုများလာပြီး ပင်ပန်းနွမ်းနယ်ခြင်း၊ မူးဝေခြင်း၊ ခေါင်းကိုက်ခြင်း၊ ကြွက်တက်ခြင်း၊ ချွေးခြောက်ခြင်း၊ ကိုယ်အပူချိန်မြင့်တက်ခြင်း၊ သတိလစ်ခြင်းတို့ ပြင်းထန်စွာ ခံစားရပါက အသက်အန္တရာယ်ထိခိုက်နိုင်သည်ကို သတိပြုရမည်ဖြစ်သည်။ ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများ၊ ဆီးချို၊ သွေးတိုး၊ နှလုံးရောဂါအခံရှိသူများအနေဖြင့် နေ့လယ်နေ့ခင်း အရိပ်ရအေးမြ၍ လေဝင်လေထွက် ကောင်းမွန်သောနေရာများတွင် နားနေရန်လိုအပ်ပါသည်။ ပူးပြင်းသောနေရောင်အောက်တွင် ပြင်းထန်စွာအလုပ်လုပ်ခြင်းနှင့် ကိုယ်လက်လှုပ်ရှားမှုများကို ရှောင်ကြဉ်ရမည်ဖြစ်သည်။ အရက်သေစာ သောက်စားခြင်းသည် ကာလအရ မသင့်လျော်သဖြင့် ရှောင်ကြဉ်သင့်ပါသည်။

သို့ဖြစ်ရာ မဟာသင်္ကြန်ကာလသည် မြန်မာတို့၏ မွန်မြတ်သည့် ယဉ်ကျေးမှုအစဉ်အလာဖြစ်သဖြင့် မြန်မာတို့၏ ယဉ်ကျေးမှုအစဉ်အလာများ မပျောက်ပျက်စေဘဲ အားလုံးပါဝင်ဆင်နွှဲနိုင်ရန်အတွက် သတိမူဆင်ခြင်အပ်သည်တို့ကို သတိမူခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုအစဉ်အလာကို ပျက်စီးအောင်ဖျက်ဆီးသူများကို ဝိုင်းဝန်းတိုက်ဖျက်ခြင်းဖြင့် မြန်မာ့ရိုးရာယဉ်ကျေးမှုအစဉ်အလာ မဟာသင်္ကြန်ကို ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရမည်ဖြစ်ပါကြောင်း။ ။

## မြန်မာနိုင်ငံ ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ စုပေါင်းသွေးလှူဒါန်းပွဲ ပြုလုပ်

ရန်ကုန် ဧပြီ ၁၁

မြန်မာနိုင်ငံ ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့၏ နှစ်သစ်ကူးအကြို ပထမအကြိမ် ဒါနဥပပါရမီစုပေါင်းသွေးလှူဒါန်းပွဲအခမ်းအနားကို အမျိုးသားသွေးဌာန(ရန်ကုန်)၌ ယနေ့ နံနက် ၉ နာရီတွင် ပြုလုပ်သည်။



အခမ်းအနားတွင် ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ဝင် ၇၅ ဦးတို့က စုပေါင်းသွေးလှူဒါန်းကြရာ(ဗဟို)ဥက္ကဋ္ဌ ဦးဝဏ္ဏ၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ဦးဇော်ဇော်နိုင်၊ ဦးအောင်ဇော်ဝင်း၊ အတွင်းရေးမှူး ဦးအောင်မျိုးသန့်၊ တွဲဖက်အတွင်းရေးမှူး ဒေါ်ခင်ခင်မေနှင့် တာဝန်ရှိသူများက သွေးလှူဒါန်းပေးခဲ့ကြသူများကို လိုက်လံကြည့်ရှုအားပေးပြီး လက်ဆောင်ပစ္စည်းများ ပေးခဲ့ကြသည်။

ဆက်လက်၍ အလှူငွေပေးအပ်ပွဲ ကျင်းပရာ သွေးလှူဒါန်းမှုတွင် အသုံးပြုနိုင်ရန်အတွက် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဖွဲ့ဝင်များက ပေးအပ်သည့် ငွေကျပ်သိန်း ၃၀ ကို အဖွဲ့ဝင်များကိုယ်စား (ဗဟို)ဒုတိယဥက္ကဋ္ဌဦးအောင်ဇော်ဝင်းက ပေးအပ်ရာ(ဗဟို)ဥက္ကဋ္ဌ ဦးဝဏ္ဏက လက်ခံရယူခဲ့သည်။

တင်ဝင်းတင်

## နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်သည့် နွေစပါးစီမံကိန်းအတွက် သွင်းအားစုများပေးအပ်ခြင်းနှင့် တွေ့ဆုံဆွေးနွေးပွဲ ကျင်းပ

ရွှေဘို ဧပြီ ၁၁

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ် ပန်းရံကျေးရွာအုပ်စု၌ ယနေ့ နံနက် ၉ နာရီတွင် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် နွေစပါးစီမံကိန်းဆောင်ရွက်လျက်ရှိသည့်တောင်သူများကို သွင်းအားစုဓာတ်မြေဩဇာများပေးအပ်ခြင်းနှင့် တွေ့ဆုံဆွေးနွေးပွဲအခမ်းအနား ကျင်းပသည်။

အခမ်းအနားတွင် ရွှေဘိုမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်မျိုးဝင်းက ရွှေဘိုမြို့နယ်အတွင်း နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် နွေစပါးစီမံကိန်း ဆောင်ရွက်နေမှုကိုလည်းကောင်း၊ ရွှေဘိုခရိုင်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးတင်မောင်ဆွေက နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် နွေစပါးစီမံကိန်းတွင် ဆောင်ရွက်ရမည့် လုပ်ငန်းများ၊ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဇာဇာမင်းက နွေစပါးတင်း ၁၂၀ ထွက်ရှိရေးအတွက် ဆောင်ရွက်ရမည့်လုပ်ငန်းများနှင့် ဆည်မြောင်းနှင့် ရေအသုံးချရေးစီမံခန့်ခွဲရေးဦးစီးဌာနမှ ဦးစီးအရာရှိဦးတေဇာထွန်းက နွေစပါး ဆည်ရေပေးဝေနေမှုအခြေအနေများကို ရှင်းလင်းဆွေးနွေးခဲ့ကြပြီး တက်ရောက်လာသော တောင်သူများအား သွင်းအားစုဓာတ်မြေဩဇာများ ပေးအပ်ကြသည်။



ရွှေဘိုခရိုင်နှင့် ရွှေဘိုမြို့နယ်၌ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် စပါးစီမံကိန်းတွင် ကျေးရွာအုပ်စု ၁၄ အုပ်စု၊ တောင်သူ ၁၈၂၄ ဦးနှင့် ဧကပေါင်း ၁၁၇၇၂ ဧက ဆောင်ရွက်လျက်ရှိပြီး ယနေ့အထိ ၁၁၆၁၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ရာ ကျန်ရှိနေသော ၁၅၅ ဧကကို ဆက်လက်စိုက်ပျိုးသွားမည်ဖြစ်ကြောင်းနှင့် အဆိုပါဆွေးနွေးပွဲသို့ ပန်းရံကျေးရွာ၊ သီးလုံးကျေးရွာနှင့် ခွန်တောင်းကျေးရွာတို့မှ တောင်သူ ၆၆ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

အေးမြသက်ထား

## ကလောမြို့နယ်ရှိကျေးရွာနှစ်ရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

ကလော ဧပြီ ၁၁

ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူများက တောင်ကုန်းကျေးရွာနှင့် ဈေးကုန်းကျေးရွာတို့၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေများဖြင့် စီမံကိန်းလုပ်ငန်းများ လုပ်ကိုင်နေမှု အခြေအနေများကို ယနေ့ နံနက်ပိုင်းတွင် ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ကလောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်စွာနှင့် တာဝန်ရှိသူများသည် တောင်ကုန်းကျေးရွာနှင့် ဈေးကုန်းကျေးရွာတို့တွင် အရင်းမပျောက်လည်ပတ်ရန်ပုံငွေများဖြင့် အသင်းသား အသင်းသူ ၈၃ ဦး၏ စိုက်ပျိုးရေးလုပ်ငန်းများ စိုက်ပျိုးထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ဆက်လက်၍ မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများသည် အဆိုပါကျေးရွာရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များနှင့်တွေ့ဆုံကာ လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းပုံစံများပြည့်စုံမှန်ကန်မှု ရှိ၊ မရှိ စစ်ဆေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါကျေးရွာနှစ်ရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၂၁-၂၀၂၂ ခြောက်လဘဏ္ဍာနှစ်မှ အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ်သိန်း ၃၀၀ ဖြင့် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ အဆိုပါကျေးရွာများရှိ အသင်းသား အသင်းသူ ၈၃ ဦးကို ရန်ပုံငွေကျပ်သိန်း ၃၆၀ အထိ ထုတ်ချေးနိုင်ခဲ့ပြီး စီမံကိန်းလုပ်ငန်းများ လည်ပတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

၂၂၂

ကြေးမုံ

| | | | |
|---|---|---|---|
| စာတည်းမှူးချုပ် | - ဦးစိုးစိုးနိုင် | အကြီးတန်း သတင်းထောက်များ | - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး |
| စာတည်းမှူး | - ဦးဝင်းနိုင် | | |
| စာတည်းများ | - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | အငယ်တန်း သတင်းထောက်များ | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန့်တင်အောင် |
| ဘာသာပြန် စာတည်းများ | - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | သုတေသန | - ဒေါ်ဇင်မာဝင့် |
| | | စာပြင် | - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့ |
| | | စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - ဦးကျော်စွာလင်းနှင့်အဖွဲ့ |
| | | အီးမေးလ်နှင့် အွန်လိုင်း | - ဦးစိုးချစ်ဦးနှင့်အဖွဲ့ |





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် သီနီှဟော်နန်းယဉ်ကျေးမှုပြတိုက် ဖွင့်ပွဲအခမ်းအနားတွင် အဖွင့်အမှာစကား ပြောကြားစဉ်။

**❖ ရှေးမြန်မာမင်းများ အဆက်ဆက်ကတည်းက ရှမ်းတောင်တန်းဒေသရှိ ပဒေသရာဇ်စော်ဘွားများသည် မြန်မာမင်းများ၏ သစ္စာတော်ကို စောင့်သိနာခံ၍ နိုင်ငံတော်၏ အကျိုးနှင့် နိုင်ငံတော်ကာကွယ်ရေးကိစ္စရပ်များတွင် တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြသည့် သာဓကများရှိခဲ့**

**❖ ကမ္ဘာ့သမိုင်းတွင် ဘုရင်စနစ်ကျင့်သုံးသည့် နိုင်ငံများ၊ မဟာရာဂျာများ အုပ်ချုပ်သည့် ပြည်နယ်များ၊ စော်ဘွားအုပ်ချုပ်သောနယ်များ စသည်ဖြင့် ရှိခဲ့ကြပြီး အချို့သော နိုင်ငံများသည် ဒီမိုကရေစီအုပ်ချုပ်ရေးစနစ်ကျင့်သုံးသည့် နိုင်ငံများအဖြစ် ပြောင်းလဲလာခဲ့ကြပြီ**

☆ **ရှေ့ဖုံးမှ**

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှ၊ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် ဇနီး၊ ကောင်စီဝင် ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ဒေါက်တာကျော်ထွန်း၊ ခွန်စံလွင်၊ ဦးရွှေကြိမ်းနှင့် ဦးရန်ကျော်၊ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ၊ ဦးအောင်သော်၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေး၊ ကာကွယ်ရေးဦးစီးချုပ် (ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်နှင့် ဇနီး၊ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ တပ်မတော် အရာရှိကြီးများနှင့် ဇနီးများ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် နိုင်နိုင်ဦး၊ စေတနာရှင် အလှူရှင်များ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

**ရိုးရာအိုးစည်အကဖြင့် လှိုက်လှဲစွာကြိုဆို**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် သီနီှဟော်နန်းယဉ်ကျေးမှုပြတိုက် ဖွင့်ပွဲအခမ်းအနား ကျင်းပပြုလုပ်မည့်နေရာသို့ ရောက်ရှိကြရာ လားရှိုးခရိုင် အုပ်ချုပ်ရေးမှူး ဦးမျိုးမင်းထွန်း၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ ပြည်သူ့စစ်အဖွဲ့ဝင်များနှင့် ဒေသခံ တိုင်းရင်းသား ပြည်သူများက ရိုးရာအကအလှများဖြင့် လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် သီနီှစော်ဘွားကြီး ခွန်ဆန်တုန်ဟုန်း၏ ဟော်နန်းတော် (ဟော်ခမ်းသျှမ်းဝီ)ကို အသစ်ပြန်လည် တည်ဆောက်ထားသည့် သီနီှဟော်နန်း ယဉ်ကျေးမှုပြတိုက် ဖွင့်ပွဲအခမ်းအနားကို ကျင်းပပြုလုပ်သည်။

ဦးစွာနိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားရာတွင် ယနေ့ကျင်းပပြုလုပ်သည့် သီနီှဟော်နန်း ယဉ်ကျေးမှုပြတိုက်ဖွင့်ပွဲ အခမ်းအနားကို တက်ရောက်လာကြသည့် တိုင်းရင်းသား ပြည်သူလူထု အပေါင်းကို ယခုကဲ့သို့တွေ့ဆုံရသည့်အတွက် အထူးဝမ်းမြောက်ပါကြောင်းနှင့် အားလုံးကိုယ်စိတ်နှစ်ဖြာ ရွှင်လန်းချမ်းမြေ့ပါစေကြောင်း ဆန္ဒပြုရင်းနှုတ်ခွန်းဆက်သအပ်ပါကြောင်း။

သီနီှမြို့နယ်ရှိသည့် ရှမ်းပြည်နယ်မြောက်ပိုင်း အပါအဝင် ရှမ်းပြည်နယ်သည် ပြည်ထောင်စုကြီး၏ တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၄ ခုအနက် အကြီးမားအကျယ်ပြန့်ဆုံးသော ပြည်နယ်ကြီးတစ်ခု ဖြစ်ပါကြောင်း၊ တိုင်းရင်းသားလူမျိုးပေါင်းစုံလင်စွာ မှီတင်းနေထိုင်ကြသည့် ထူးခြားသော ဝိသေသများရှိသည့် ပြည်နယ်ကြီး တစ်ခုလည်း ဖြစ်ပါကြောင်း၊ ရှမ်းပြည်နယ်၏ ဖြစ်စဉ်သမိုင်းကြောင်းကို အနည်းငယ် ပြန်ပြောင်း ပြောရမည်ဆိုပါက ရှေးမြန်မာမင်းများ အဆက်ဆက် ကတည်းက ရှမ်းတောင်တန်း ဒေသရှိ ပဒေသရာဇ်စော်ဘွားများ သည် မြန်မာမင်းများ၏ သစ္စာတော်ကိုစောင့်သိနာခံ၍ နိုင်ငံတော်၏ အကျိုးနှင့် နိုင်ငံတော်ကာကွယ်ရေး ကိစ္စရပ်များတွင် တက်ကြွစွာ ပူးပေါင်း ပါဝင်ဆောင်ရွက်ခဲ့ကြသည့် သာဓကများရှိခဲ့ပါကြောင်း။

ကုန်းဘောင်ခေတ် ဦးပိုင်းဆင်ဖြူရှင်မြေဒူးမင်း (သီရိဓမ္မရာဇာ)လက်ထက် တရုတ်တပ်များက သက္ကရာဇ် ၁၁၂၇ တွင် ကျိုင်းတုံကိုလည်းကောင်း၊ ၁၁၂၈ တွင် ဗန်းမော်ကိုလည်းကောင်း၊ ၁၁၂၉ တွင် သီနီှကိုလည်းကောင်း လာရောက်ထိပါး တိုက်ခိုက်ရာတွင် မြန်မာဘုရင်တပ်များနှင့် ရှမ်းစော်ဘွားတပ်များ ပူးပေါင်း၍ အောင်မြင်စွာ တွန်းလှန်တိုက်ခိုက်နိုင်ခဲ့ပါကြောင်း၊ ထို့အပြင် နယ်ချဲ့အင်္ဂလိပ်တို့၏ မတရားကျူးကျော်စစ်များကို ရှမ်းစော်ဘွားကြီးများက မိမိတို့၏ နယ်သူနယ်သားများကို စည်းရုံးဦးဆောင်ပြီး ရရာလက်နက်စွဲကိုင်ကာ ဆန့်ကျင်တော်လှန်ခဲ့ကြသော ထင်ရှားသည့် သာဓကများရှိခဲ့ပါကြောင်း၊ သာဓကအားဖြင့် ဝန်းသိုစော်ဘွားကြီး ဦးအောင်မြတ်သည် အင်္ဂလိပ်နယ်ချဲ့တို့အား သူ့ကျွန်မခံဘဲ စွမ်းစွမ်းတမံ ဆန့်ကျင်တိုက်ခိုက်ခဲ့သည့် မျိုးချစ်ပုဂ္ဂိုလ်တစ်ဦးဖြစ်ပါကြောင်း။

ယနေ့ ပြုလုပ်ကျင်းပသည့် သီနီှဟော်နန်းဖွင့်ပွဲနှင့် အကြောင်းတိုက်ဆိုင်သဖြင့် မြောက်သီနီှနယ်နှင့်ပတ်သက်၍ ပြောကြားလိုပါကြောင်း၊ ယခင်ကာလ ရှမ်းပြည်နယ် မြောက်ပိုင်းတစ်ခွင်ကို စီမံအုပ်ချုပ်သော နယ်ရှင်စော်ဘွားများသည် သီနီှမြို့တွင် အခြေစိုက်ခဲ့ကြပါကြောင်း၊ ၁၉၁၀ ပြည့်နှစ်တွင် တည်ဆောက်ခဲ့သည့် မြောက်သီနီှစော်ဘွားကြီး၏ ဟော်နန်းဆောင်သည် ဒုတိယကမ္ဘာစစ်ကာလ ၁၉၄၄ ခုနှစ် ဧပြီလတွင် ဗုံးဒဏ်ကြောင့် မီးလောင်ပျက်စီးခဲ့ရပါကြောင်း၊ ကမ္ဘာ့သမိုင်းတွင် ဘုရင်စနစ်ကျင့်သုံးသည့် နိုင်ငံများ၊ မဟာရာဂျာများ အုပ်ချုပ်သည့် ပြည်နယ်များ၊ စော်ဘွားအုပ်ချုပ်သောနယ်များ စသည်ဖြင့် ရှိခဲ့ကြပြီး အချို့သော နိုင်ငံများသည် ဒီမိုကရေစီ အုပ်ချုပ်ရေးစနစ်ကျင့်သုံးသည့် နိုင်ငံများအဖြစ် ပြောင်းလဲလာခဲ့ကြပြီ ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံ၌လည်း ပြည်သူ့အုပ်ချုပ်ရေးဟုခေါ်သည့် ဒီမိုကရေစီ အုပ်ချုပ်ရေးပုံစံကို ရှမ်းပြည်နယ်၌ ၁၉၅၉ ခုနှစ်တွင် ပြောင်းလဲခဲ့ပြီး ဖြစ်ပါကြောင်း၊ သို့သော် သမိုင်းဟူသည်မှာ ဖျောက်ဖျက်၍မရသကဲ့သို့ အတိတ်သမိုင်းကို သင်ခန်းစာရယူပြီး ပိုမိုကောင်းမွန်သည့် ခေတ်စနစ်မျိုးကို လျှောက်လှမ်းကြရမည် ဖြစ်ပါကြောင်း၊ သမိုင်းကိုလည်း အသိအမှတ်ပြုရမည် ဖြစ်ပါကြောင်း၊ မိမိအနေဖြင့် ရှမ်းပြည်နယ်တွင် ရှိခဲ့သည့် စော်ဘွားများ၏ သမိုင်းကိုလည်း ဖော်ထုတ်ထိန်းသိမ်းသင့်သည်ဟု ယူဆပါကြောင်း၊ ထို့ကြောင့် ဒေသခံပြည်သူလူထု၏ ဆန္ဒပြုအကူအညီတောင်းခံမှုနှင့်အတူ သမိုင်းဝင်အဆောက်အအုံတစ်ခုအဖြစ် ဒေသအတွင်း တည်ရှိနေပြီး ဒေသတွင်းရှိ တိုင်းရင်းသားများ၏ စည်းလုံးညီညွတ်မှု ပြယုဂ်တစ်ခုဖြစ်သည့် ဟော်နန်းကို ရှေးမူမပျက်စေဘဲ မူလပုံစံအတိုင်း နိုင်ငံတော်နှင့် တပ်မတော်မှ ပြန်လည်တည်ဆောက်ပေးခြင်း ဖြစ်ပါကြောင်း၊ အလားတူ မိုင်းပွန်ဟော်နန်းကိုလည်း ပြန်လည်ပြုပြင်ထိန်းသိမ်းထားပြီး ကျိုင်းတုံဟော်နန်းကြီးကိုလည်း ပုံစံတူပြန်လည်တည်ဆောက်ရေး ဆောင်ရွက်နေပါကြောင်း၊ ထိုသို့ ဆောင်ရွက်ခြင်းသည် ဒေသအတွင်း ပြည်တွင်းပြည်ပခရီးသွားများ လာရောက်လေ့လာ ကြည့်ရှုမှုများကြောင့် ဖွံ့ဖြိုးတိုးတက် စည်ပင်သာယာရေးကိုလည်း အထောက်အကူဖြစ်စေမည်ဟု ယုံကြည်မျှော်လင့်ပါကြောင်း။ **စာမျက်နှာ ၄ သို့** ☆



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာကျော်ထွန်း၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေး၊ စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး ကျော်စွာလင်း၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် နိုင်နိုင်ဦး၊ သီနီှမြို့နယ် ရှမ်းစာပေနှင့် ယဉ်ကျေးမှုအဖွဲ့ဥက္ကဋ္ဌ ဦးစိုင်းမြင့်ထွန်း၊ မြို့မိမြို့ဖများဖြစ်ကြသည့် ဦးစိုင်းစံညွန့်နှင့် ဦးစိုင်းခိုင်ဝင်းတို့ သီနီှဟော်နန်းယဉ်ကျေးမှုပြတိုက်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။

☆ စာမျက်နှာ ၃ မှ

စော်ဘွားကြီး ခွန်ဆန်တုန်ဟုန်း၏ အရိုက်အရာကို ဆက်ခံသည့် သားတော် စဝ်ဟုံဖသည် မြောက်သိန္နီနယ်၏ နောက်ဆုံး ဆက်ခံသည့် စော်ဘွားကြီးဖြစ်ပြီး စစ်ဘက်နယ်ဘက် တာဝန်များကို ထမ်းဆောင်လျက် ပြည်ထောင်စုကြီးကိုများစွာ အလုပ်အကျွေးပြုခဲ့သည့် ပုဂ္ဂိုလ်တစ်ဦး ဖြစ်ပါကြောင်း၊ ၁၉၄၄-၁၉၄၅ ခုနှစ်တွင် နယ်သူနယ်သားများကို စုစည်းပြီး တပ်ဖွဲ့ကို ဦးဆောင်လျက် ဂျပန်များကို တော်လှန်တိုက်ခိုက်ခဲ့ပါကြောင်း၊ ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်တွင် မော်ကွန်းဝင် ပင်လုံစာချုပ်ကြီးကို ရှမ်းစော်ဘွားများ ခေါင်းဆောင်တစ်ဦးအနေဖြင့် လက်မှတ်ရေးထိုးခဲ့သည့် ပုဂ္ဂိုလ်တစ်ဦးလည်းဖြစ်ပါကြောင်း၊ ၁၉၄၈ ခုနှစ် မတ် ၂၈ ရက်တွင် လားရှိုးမြို့ကို ရဲဘော်ဖြူနှင့် ကွန်မြူနစ်တပ်နီများ ဝင်ရောက်သိမ်းပိုက်ရာ မိမိနယ်က ရဲအမှုထမ်းနှင့် နယ်တွင်းမှ လူသူစုဆောင်းပြီး လားရှိုးမြို့ကို ၁၉၄၈ ခုနှစ် မတ်လအတွင်း ပြန်လည်တိုက်ခိုက်သိမ်းယူပြီး အစိုးရကို ပြန်လည် အပ်နှင်းနိုင်ခဲ့ပါကြောင်း၊ စော်ဘွားကြီး စဝ်ဟုံဖသည် မကွေးခရိုင် နယ်ပိုင်ဝန်ထောက်အဖြစ်လည်းကောင်း၊ အမှတ်(၁၄) ဘားမားရိုင်ဖယ် တပ်ရင်းတွင် ဗိုလ်မှူးအဆင့်ထိ လည်းကောင်း တာဝန်များ ထမ်းဆောင်ခဲ့ပါကြောင်း၊ ထို့အပြင် ရှမ်းပြည်နယ် အစိုးရဥက္ကဋ္ဌအဖြစ် ၁၉၅၈ ခုနှစ်မှ ၁၉၆၀ ပြည့်နှစ်ထိ တိုင်းပြည်အကျိုးကို သယ်ပိုးဆောင်ရွက်ခဲ့ပါကြောင်း၊ ထို့ကြောင့် ၁၉၄၉ ခုနှစ် လွတ်လပ်ရေးနေ့တွင် စော်ဘွားကြီး၏ ရဲစွမ်းသတ္တိနှင့် မျိုးချစ်စိတ်ဓာတ်ကို ဂုဏ်ပြုသည့်အနေဖြင့် သတိုးမဟာသရေစည်သူဘွဲ့ကို ပေးအပ်ချီးမြှင့်ခဲ့ပါကြောင်း။

အတိတ်သမိုင်းက မြောက်သိန္နီ စော်ဘွားကြီး အဆက်ဆက်၏ စည်းရုံး ဦးဆောင်မှုဖြင့် နယ်သူနယ်သားများ၊ ဒေသခံ တိုင်းရင်းသားများသည် စည်းလုံးညီညွတ်စွာနှင့် နိုင်ငံတော်ကာကွယ်ရေး၊ နယ်ချဲ့ကျူးကျော်စစ် ခုခံတွန်းလှန်ရေး၊ ဖက်ဆစ်ဆန့်ကျင်တော်လှန်ရေးများကို ခေတ်အဆက်ဆက် ပါဝင်ဆင်နွှဲခဲ့ကြပါကြောင်း၊ ယင်းကို အသိအမှတ်ပြုသောအားဖြင့် သိန္နီနယ်၏ စည်းလုံးညီညွတ်မှု ပြယုဂ်တစ်ခုလည်းဖြစ်၊ သမိုင်းဝင် အဆောက်အအုံ တစ်ခုလည်းဖြစ်သည့် သိန္နီဟော်နန်းကြီးကို ဒေသခံပြည်သူများ၏ ဆန္ဒနှင့်အညီ နိုင်ငံတော်နှင့် တပ်မတော်မှ ရှေးမူမပျက် ပြန်လည်တည်ဆောက် ပေးနိုင်ခြင်းအတွက် များစွာ ဂုဏ်ယူမိပါကြောင်း၊ ဒေသခံ ပြည်သူလူထုအနေဖြင့်လည်း နှစ်ထောင်းအားရ ဝမ်းသာဖြစ်ကြမည်ဟုလည်း ယုံကြည်ပါကြောင်း။

ယခု သိန္နီဟော်နန်းသစ်ကြီးသည် သိန္နီမြို့၏ ဂုဏ်ကျက်သရေဆောင် အဆောက်အအုံကြီးတစ်ခုဖြစ်သကဲ့သို့ မြို့နယ်ရှမ်းစာပေနှင့် ယဉ်ကျေးမှုအသင်းမှ ဦးဆောင်ပြီး ဒေသခံများအနေဖြင့် သမိုင်းဝင်ယဉ်ကျေးမှု ပြတိုက်ကြီးအဖြစ် ဆက်လက်ထူထောင်၍ အများပြည်သူလေ့လာအပန်းဖြေ ဗဟုသုတ ရှာမှီးရာ ယဉ်ကျေးမှုပြတိုက်ကြီးအဖြစ် ဆက်လက်ကြိုးပမ်းထူထောင်သွားမည် ဖြစ်ကြောင်း ကြားသိရသည့်အတွက် ဝမ်းမြောက်မိပါကြောင်း၊ ဘာသာသာသနာဆိုင်ရာ အခမ်းအနားများလည်း ကျင်းပသည်ဟု သိရှိရပါကြောင်း၊ ထို့ကြောင့် သိန္နီဟော်နန်းကြီး သာယာလှပခိုင်ခံ့စွာဖြင့် အစွန့်ရှည် တည်ရှိရေးအတွက် ဒေသခံတိုင်းရင်းသားများနှင့် ဌာနဆိုင်ရာအသီးသီးမှ ပြည်သူ့ဝန်ထမ်းများအားလုံးက ပူးပေါင်းကာ ထိန်းသိမ်းစောင့်ရှောက်သွားရန် တိုက်တွန်းပြောကြားလိုပါကြောင်း ပြောကြားသည်။

**သမိုင်းဝင်မြို့ကျက်သရေဆောင် သိန္နီဟော်နန်းကြီးအား ပြန်လည်တည်ဆောက် ပေးသည့်အတွက် အထူးကျေးဇူးတင်ရှိ**

ယင်းနောက် ဒေသခံမြို့မိမြို့ဖတစ်ဦးဖြစ်သည့် သိန္နီဟော်နန်း ပြန်လည်တည်ဆောက်မှု ပူးပေါင်းဆောင်ရွက်ရေးကော်မတီ ဥက္ကဋ္ဌ ဦးစိုင်းမျိုးညွန့်က ဟော်နန်းအား ပြန်လည် တည်ဆောက်ပေးမှုအတွက် ကျေးဇူးတင်စကားပြောကြားရာတွင် သိန္နီမြို့ ရှမ်းစာပေနှင့် ယဉ်ကျေးမှုအသင်း အနေဖြင့် ဒေသတွင်းရှိ ရဟန်းရှင်လူ ပြည်သူအပေါင်း၏ ဆန္ဒကို ခံယူပြီး ဒုတိယကမ္ဘာစစ်ကာလအတွင်း ဗုံးဒဏ်ကြောင့် မီးလောင်မြေခဲ့သည့် ရှေးဟောင်းသမိုင်းဝင်ယဉ်ကျေးမှု အမွေအနှစ် အဆောက်အအုံ တစ်ခုဖြစ်သော စော်ဘွားကြီး ခွန်ဆန်တုန်ဟုန်း၏ ဟော်နန်းအား ရှေးမူရင်းလက်ရာမပျက် အသစ်တစ်ဖန်ပြန်လည်တည်ဆောက်နိုင်ရေးအတွက် တပ်မတော်ကို တင်ပြအကူအညီတောင်းခံခဲ့ကြောင်း၊ ယခုဟော်နန်းကြီး၏ မူလအလှူရှင်ဖြစ်သော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ဦးဆောင်လမ်းညွှန်မှုဖြင့် နိုင်ငံတော်နှင့် တပ်မတော်မှ ယခုဟော်နန်းကြီးကို ကူညီတည်ဆောက်ပေးခဲ့သည့်အတွက် ဒေသခံ ပြည်သူလူထုအားလုံးကိုယ်စား အထူးကျေးဇူးတင် ဝမ်းမြောက်ပါကြောင်း၊ နိုင်ငံတော်အကြီးအကဲ ကိုယ်တိုင် ပန္နက်တော်တင်ဆောင်ရွက်ပေးခြင်းနှင့် တည်ဆောက်မှုလုပ်ငန်းများ ဆောင်ရွက်နေစဉ်ကာလတွင်လည်း ကိုယ်တိုင်စစ်ဆေး လမ်းညွှန်မှုများကို ဆောင်ရွက်ပေးခဲ့သည့်အတွက် ဝမ်းမြောက်ဂုဏ်ယူပါကြောင်း။

မိမိတို့ဒေသအတွင်း မှီတင်းနေထိုင်ကြသည့် ရှမ်း၊ ကချင်၊ ကိုးကန့်၊ 'ဝ'၊ ပလောင်၊ လားဟူ၊ လီဆူ အစရှိသည့် ဒေသခံတိုင်းရင်းသားလူမျိုးများသည် ရှေးပဝေသဏီကပင် သိန္နီမြို့အပါအဝင် ရှမ်းပြည်နယ်မြောက်ပိုင်းတစ်ခွင်တွင် ချစ်ကြည်စည်းလုံးစွာဖြင့် အေးအတူ ပူအမျှ အတူယှဉ်တွဲနေထိုင်ခဲ့ကြသည့် သမိုင်းအစဉ်အလာကောင်းများ ခိုင်မာစွာတည်ရှိခဲ့ပါကြောင်း၊ ရှမ်းပြည်နယ်မြောက်ပိုင်း သိန္နီမြို့နယ်၏ သမိုင်းဝင်ယဉ်ကျေးမှု အမွေအနှစ်တစ်ခုဖြစ်သော ယခု ဟော်နန်းကြီးအား မူလပုံစံအတိုင်း ပြန်လည်တည်ဆောက်ပေးခြင်းဖြင့် သိန္နီမြို့နယ်၏ ဂုဏ်ယူဖွယ်ရာ အထင်ကရ ကျက်သရေဆောင် အဆောက်အအုံကြီး တစ်ခု ပြန်လည်ပေါ်ထွန်းခဲ့ပြီး ဒေသဖွံ့ဖြိုးရေး၊ ဒေသတွင်း တိုင်းရင်းသား စည်းလုံးညီညွတ်စေရေးကို များစွာ အထောက်အကူဖြစ်စေ၍ ပြည်ထောင်စုကြီး၏ ဂုဏ်ဒြပ်ကို ထင်ဟပ်ပေါ်လွင်စေသည့် သမိုင်းမှတ်တိုင်ကြီးတစ်ခုဖြစ်သည်ကို အလေးအနက် တင်ပြအပ်ပါကြောင်း၊ ယခုဟော်နန်းကြီးအား ရှေးမူမပျက် မူလပုံစံအတိုင်း ပြန်လည် တည်ဆောက်ပေးပါသော နိုင်ငံတော်နှင့် တပ်မတော်၏ စေတနာ၊ အဘက်ဘက်မှ ဝိုင်းဝန်းကူညီပံ့ပိုးပေးကြပါသော အုပ်ချုပ်ရေးဌာန အဆင့်ဆင့်နှင့် ဌာနဆိုင်ရာများ လူပုဂ္ဂိုလ်အဖွဲ့အစည်းများ၊ အလှူရှင်များနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးကို ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

စာမျက်နှာ ၅ သို့ ☆



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် သိန္နီဟော်နန်းယဉ်ကျေးမှုပြတိုက်အတွင်းရှိ ဘုရားခန်းအတွင်း သိန္နီစော်ဘွားကြီး ခွန်ဆန်တုန်ဟုန်း အပါအဝင် စော်ဘွားအစဉ်အဆက် ကိုးကွယ်ခဲ့သည့် ရှေးဟောင်းဘုရားများအား ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူပူဇော်စဉ်။

- ❖ **စော်ဘွားကြီး ခွန်ဆန်တုန်ဟုန်း၏ အရိုက်အရာကို ဆက်ခံသည့် သားတော် စဝ်ဟုံဖသည် မြောက်သိန္နီနယ်၏ နောက်ဆုံးဆက်ခံသည့် စော်ဘွားကြီးဖြစ်ပြီး စစ်ဘက်နယ်ဘက် တာဝန်များကို ထမ်းဆောင်လျက် ပြည်ထောင်စုကြီးကို များစွာအလုပ်အကျွေးပြုခဲ့သည့် ပုဂ္ဂိုလ်တစ်ဦးဖြစ်**
- ❖ **၁၉၄၇ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်တွင် မော်ကွန်းဝင် ပင်လုံစာချုပ်ကြီးကို ရှမ်းစော်ဘွားများ ခေါင်းဆောင်တစ်ဦးအနေဖြင့် လက်မှတ်ရေးထိုးခဲ့သည့် ပုဂ္ဂိုလ်တစ်ဦးလည်းဖြစ်**
- ❖ **၁၉၄၉ ခုနှစ် လွတ်လပ်ရေးနေ့တွင် စော်ဘွားကြီး၏ ရဲစွမ်းသတ္တိနှင့် မျိုးချစ်စိတ်ဓာတ်ကို ဂုဏ်ပြုသည့်အနေဖြင့် သတိုးမဟာသရေစည်သူဘွဲ့ကို ပေးအပ်ချီးမြှင့်ခဲ့**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် သိန္နီဟော်နန်းယဉ်ကျေးမှုပြတိုက် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီးဒေါ်ကြူကြူလှတို့အား သိန္နီဟော်နန်းယဉ်ကျေးမှုပြတိုက်ဖွင့်ပွဲအထိမ်းအမှတ် ပန်းချီကားကို ရှမ်းစာပေနှင့် ယဉ်ကျေးမှုအသင်းမှ တာဝန်ရှိသူတစ်ဦးက အမှတ်တရလက်ဆောင်ပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ ဇနီးဒေါ်ကြူကြူလှနှင့် အဖွဲ့ဝင်များ သိန္နီဟော်နန်းယဉ်ကျေးမှုပြတိုက်အတွင်းရှိ ရှေးဟောင်းယဉ်ကျေးမှုလက်ရာပစ္စည်းများကို လှည့်လည်ကြည့်ရှုစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ ဇနီးဒေါ်ကြူကြူလှနှင့် အဖွဲ့ဝင်များ ဒေသခံတိုင်းရင်းသားပြည်သူများကို မြန်မာ့ရိုးရာအတာသင်္ကြန်ရေများ ပက်ဖျန်း၍ နှစ်သစ်ကိုအတူတကွ ရင်းနှီးနွေးထွေးစွာကြိုဆိုကြစဉ်။

☆ စာမျက်နှာ ၄ မှ

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒေါက်တာကျော်ထွန်း၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်ဦးအောင်ဇော်အေး၊ စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး ကျော်စွာလင်း၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်နိုင်နိုင်ဦး၊ သိန္နီမြို့နယ်ရှမ်းစာပေနှင့် ယဉ်ကျေးမှုအဖွဲ့ဥက္ကဋ္ဌ ဦးစိုင်းမြင့်ထွန်း၊ မြို့မိမြို့ဖများဖြစ်ကြသည့် ဦးစိုင်းစံညွန့်နှင့် ဦးစိုင်းခိုင်ဝင်းတို့က သိန္နီဟော်နန်းယဉ်ကျေးမှုပြတိုက်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က သိန္နီဟော်နန်းယဉ်ကျေးမှုပြတိုက်ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပေးသည်။

၎င်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်သည် အခမ်းအနား တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနား တက်ရောက်လာကြသူများသည် သိန္နီဟော်နန်းယဉ်ကျေးမှုပြတိုက်အတွင်းရှိ ဘုရားခန်းအတွင်း သိန္နီစော်ဘွားကြီး ခွန်ဆန်တုန်ဟုန်း အပါအဝင် စော်ဘွား အစဉ်အဆက် ကိုးကွယ်ခဲ့သည့် ရှေးဟောင်းဘုရားများအား ဖူးမြော်ကြည်ညိုပြီး ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူပူဇော်သည်။ ထို့နောက်သိန္နီဟော်နန်းယဉ်ကျေးမှုပြတိုက်အတွင်းရှိ ရှေးဟောင်းယဉ်ကျေးမှုလက်ရာပစ္စည်းများ၊ စော်ဘွားကြီးများ အဆက်ဆက် အသုံးပြုခဲ့သည့် အသုံးအဆောင်ပစ္စည်းများနှင့် မှတ်တမ်းဓာတ်ပုံများ၊ ဟော်နန်းပြန်လည်တည်ဆောက်မှုမှတ်တမ်း ဓာတ်ပုံများကို လှည့်လည်ကြည့်ရှုပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ရှေးဟောင်းလက်ရာများသည် တန်ဖိုးဖြတ်မရသည့် ပစ္စည်းများဖြစ်သဖြင့် ထိခိုက်ပျက်စီးမှုများမရှိစေရေး အချို့သော ရှေးဟောင်းပစ္စည်းများကို မှန်ဆောင်များဖြင့် ထည့်သွင်းပြသထားရန်နှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့အား ရှမ်းစာပေနှင့် ယဉ်ကျေးမှုအသင်းမှ တာဝန်ရှိသူတစ်ဦးက သိန္နီစော်ဘွားကြီးခွန်ဆန်တုန်ဟုန်း၏ ဟော်နန်းတော်(ဟော်ခမ်းသျှမ်းဝီ)ကို အသစ်ပြန်လည်တည်ဆောက်ပြီးစီးခဲ့ပြီး သိန္နီဟော်နန်းယဉ်ကျေးမှုပြတိုက် ဖွင့်ပွဲအထိမ်းအမှတ် ပန်းချီကားနှင့် ဒေသထွက်လက်ဆောင်ပစ္စည်းများကိုပေးအပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှတ်တရလက်ဆောင်ပစ္စည်း ပြန်လည်ပေးအပ်သည်။

အခမ်းအနား အပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ အဖွဲ့ဝင်များသည် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်သူ့စစ်အဖွဲ့ဝင်များနှင့် ဒေသခံတိုင်းရင်းသား ပြည်သူများကို မြန်မာ့ရိုးရာ အတာသင်္ကြန်ရေများ ပက်ဖျန်း၍ နှစ်သစ်ကို အတူတကွ ရင်းနှီးနွေးထွေးစွာ ကြိုဆိုခဲ့ကြသည်။ ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ အဖွဲ့ဝင်များ ပြန်လည်ထွက်ခွာရာ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံတိုင်းရင်းသား ပြည်သူများက ရင်းရင်းနှီးနှီး လက်ပြနှုတ်ဆက်ခဲ့ကြသည်။

အဆိုပါ သိန္နီဟော်နန်းကို အေဒီ ၁၉၁၀ ပြည့်နှစ်၊ သက္ကရာဇ် ၁၂၇၂ ခုနှစ်တွင် ဒသဓမ္မရာဇာ နိဂြောဓာ မဟာမင်းခေါင်ဘွဲ့တော်ရ သိန္နီစော်ဘွားကြီး ခွန်ဆန်တုန်ဟုန်းက ကြီးကျယ်ခမ်းနားထည်ဝါသည့် ဟော်နန်းအသစ်ကြီး အဖြစ် တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း၊ ကျွန်းသားအစစ်များဖြင့် မန္တလေးနန်းတော်ပုံစံအတိုင်းဆောက်လုပ်ထားပြီး အဆောက်အအုံကြီးတစ်ခုထဲတွင် တစ်ခုနှင့်တစ်ခု ဆက်သွယ်ထားသော အဆောက်အအုံများစွာ ပါဝင်သည့်ပုံစံဖြစ်ကြောင်း၊ အလယ်တည့်တည့်တွင် ညီလာခံခန်းမကြီး တစ်ခုနှင့် မြေပေါက်ပလ္လင်တော် တစ်ခုလည်းပါရှိကြောင်း၊ စော်ဘွားကြီးသည် နှလုံးလေဟပ်သည့်ရောဂါဖြင့် နန်းတက်ကာလ ၃၃ နှစ်၊ အေဒီ ၁၉၁၆ ခုနှစ်၊ သက္ကရာဇ် ၁၂၇၇ ခုနှစ် တန်ခူးလဆန်း ၂ ရက် အင်္ဂါနေ့ ညသန်းခေါင်ကျော် နံနက် ၁ နာရီတွင် နတ်ရွာစံကံတော်ကုန်ခဲ့ကြောင်း၊ အေဒီ ၁၉၃၇ ခုနှစ် သက္ကရာဇ် ၁၂၉၉ ခုနှစ်တွင် ဂျပန်လေတပ်များက ရှမ်းပြည်နယ် (မြောက်ပိုင်း) တစ်ခွင်လုံးကို ဗုံးကြဲတိုက်ခိုက်မှုများ ပြုလုပ်ခဲ့ပြီး အေဒီ ၁၉၄၀ ပြည့်နှစ်တွင် သိန္နီကို ဂျပန်တို့က အပြီးအပိုင် သိမ်းပိုက်ခဲ့ကြောင်း၊ အေဒီ ၁၉၄၄ ခုနှစ်တွင် အမေရိကန်စစ်လေယာဉ်များသည် သိန္နီ-နမ္မတူ ချောင်းကူးတံတားကို ဗုံးကြဲဖျက်ဆီးခဲ့ပြီး သိန္နီမြို့ကိုလည်း ဗုံးများကြဲချတိုက်ခိုက်ခဲ့ကြောင်း၊ ထိုသို့ ဗုံးများကြဲချတိုက်ခိုက်ခြင်းကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများစွာ ဖြစ်ပေါ်ခဲ့ပြီး သမိုင်းတွင်ထင်ရှားခဲ့သည့် သိန္နီစော်ဘွားကြီး ခွန်ဆန်တုန်ဟုန်း၏ ဟော်နန်းကြီးသည်လည်း မြေခ ပျက်စီးဆုံးရှုံးခဲ့ရကြောင်း၊ ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ လမ်းညွှန်ချက်အရ ၂၀၁၉ ခုနှစ် ဒီဇင်ဘာ ၅ ရက်တွင် ဟော်နန်းပြန်လည်တည်ဆောက်ရေးလုပ်ငန်းကိုစတင်ဆောင်ရွက်ခဲ့ခြင်း ဖြစ်ကြောင်း၊ ဟော်နန်းအဆောက်အအုံသစ်ကို မူလအဆောက်အအုံဟောင်းမြေနေရာ၏လက်ဝဲဘက်ဖြင့်ပေအကွာ၌ ဆောက်လုပ်ခဲ့ခြင်းဖြစ်ကြောင်းနှင့် ယနေ့တွင် အသစ်ပြန်လည်တည်ဆောက်ပြီးစီးခဲ့သည့် သိန္နီစော်ဘွားကြီး ခွန်ဆန်တုန်ဟုန်း၏ ဟော်နန်းတော် (ဟော်ခမ်းသျှမ်းဝီ)ကိုသိန္နီဟော်နန်းယဉ်ကျေးမှုပြတိုက်အဖြစ် ဖွင့်လှစ်ပွဲအခမ်းအနားကို အောင်မြင်စွာ ကျင်းပခဲ့ခြင်းဖြစ်ပြီး ဒေသခံတိုင်းရင်းသားပြည်သူများက သောင်းသောင်းဖြဖြ စည်ကားများပြားစွာ တက်ရောက် အားပေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# လားရှိုးမြို့ သီရိမင်္ဂလာမန်ဆူရှမ်းကျောင်းတိုက် သီရိမင်္ဂလာဓမ္မရတနာ သုံးထပ်ကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် ယင်းကျောင်းဆောင်တော်အထွတ်၌ တည်ထားပူဇော်အပ်သည့် စူဠာမုနိစေတီတော်မြတ်အား ရွှေထီးတော်၊ ငှက်မြတ်နားတော်၊ ရတနာစိန်ဖူးတော် တင်လှူပူဇော်ပွဲ မဟာမင်္ဂလာအခမ်းအနား ကျင်းပ





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် သီရိမင်္ဂလာမန်ဆူရှမ်းကျောင်းတိုက် ဓမ္မာရုံအတွင်းရှိ နီးဘုရား ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုကာ ပန်း၊ ရေချမ်း၊ ဆီမီး ကပ်လှူပူဇော်စဉ်။

နေပြည်တော် မေ ၁၁

ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့ရှိ သီရိမင်္ဂလာမန်ဆူရှမ်းကျောင်းတိုက်၌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အမှူးပြုသည့် စေတနာရှင်၊ အလှူရှင်များ စုပေါင်းလှူဒါန်းထားသည့် သီရိမင်္ဂလာဓမ္မရတနာ သုံးထပ်ကျောင်းဆောင်သစ် ဖွင့်ပွဲနှင့် ယင်းကျောင်းဆောင်တော်အထွတ်၌ တည်ထားပူဇော်အပ်သည့် စူဠာမုနိ စေတီတော်မြတ်အား ရွှေထီးတော်၊ ငှက်မြတ်နားတော်၊ ရတနာစိန်ဖူးတော် တင်လှူပူဇော်ပွဲ မဟာမင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါ ကျောင်းတိုက်၌ ကျင်းပပြုလုပ်ရာ သီရိမင်္ဂလာ မန်ဆူရှမ်းကျောင်းတိုက်ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တပုညနန္ဒ အမှူးပြုသည့် ဆရာတော်၊ သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ၊ မိသားစုဝင်များ၊ ခရီးစဉ်တွင် လိုက်ပါလာသည့် အဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

### ခရီးဦးကြိုနှုတ်ဆက်

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့သည် အဖွဲ့ဝင်များနှင့်အတူ လားရှိုးမြို့ သီရိမင်္ဂလာ မန်ဆူရှမ်းကျောင်းတိုက်သို့ ရောက်ရှိကြရာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေး၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်နိုင်နိုင်ဦး၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများက ရိုးရာအကအလှများဖြင့် လှိုက်လှဲနွေးထွေးစွာ ခရီးဦးကြို နှုတ်ဆက်ကြသည်။



ဆက်ကပ်လှူဒါန်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီးဒေါ်ကြူကြူလှ သီရိမင်္ဂလာ မန်ဆူရှမ်းကျောင်းတိုက် ဆရာတော်ကြီးထံသို့ ရတနာစိန်ဖူးတော်၊ လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မအလှူငွေများကို ဆက်ကပ်လှူဒါန်းစဉ်။

### ပန်း၊ ရေချမ်း၊ ဆီမီး ကပ်လှူပူဇော်

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် သီရိမင်္ဂလာ မန်ဆူရှမ်းကျောင်းတိုက် ဓမ္မာရုံအတွင်းရှိ နီးဘုရား ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုကာ ပန်း၊ ရေချမ်း၊ ဆီမီး ကပ်လှူပူဇော်သည်။

ယင်းနောက် သီရိမင်္ဂလာဓမ္မရတနာ သုံးထပ်ကျောင်းဆောင်လှူဒါန်းပွဲ မင်္ဂလာအခမ်းအနားကို အစီအစဉ်အရ စတင်ကျင်းပပြုလုပ်ရာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ဖွင့်လှစ်ပြီး သီရိမင်္ဂလာမန်ဆူရှမ်းကျောင်း ဆရာတော်ကြီးအမှူးပြုသည့် ဆရာတော်၊ သံဃာတော်များ ရွတ်ပွားချီးမြှင့်တော်မူကြသည့် တရားတော်များကို နာယူကြည်ညိုကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့က သီရိမင်္ဂလာ မန်ဆူရှမ်းကျောင်းတိုက် ဆရာတော်ကြီးထံသို့ ရတနာစိန်ဖူးတော်၊ လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မအလှူငွေများကို ဆက်ကပ်လှူဒါန်းရာ ဆရာတော်ကြီးက ဓမ္မလက်ဆောင်များနှင့် ဂုဏ်ပြုမှတ်တမ်းလွှာကို ပြန်လည်ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ အခမ်းအနား တက်ရောက်လာကြသူများက သီရိမင်္ဂလာမန်ဆူရှမ်းကျောင်း ဆရာတော်ကြီးထံမှ အနုမောဒနာတရား နာယူ၍ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

### မင်္ဂလာဝေါယာဉ်တော်ဖြင့် ပင့်ဆောင်

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ မိသားစုဝင်များ၊ အခမ်းအနားတက်ရောက်လာကြသူများက သီရိမင်္ဂလာဓမ္မရတနာ သုံးထပ်ကျောင်းဆောင်သစ်အထွတ်၌ တည်ထားပူဇော်အပ်သည့် စူဠာမုနိစေတီတော်မြတ်၏အထွတ်၌ တင်လှူပူဇော်မည့် ရွှေထီးတော်၊ ငှက်မြတ်နားတော်၊ ရတနာစိန်ဖူးတော်နှင့် ဌာပနာသွင်းလှူ ပူဇော်မည့် ဓာတ်တော်၊ မွေတော်များကို ဓမ္မာရုံတော်အတွင်းမှ မင်္ဂလာဝေါယာဉ်တော်ဖြင့် ပင့်ဆောင်ကြပြီး မင်္ဂလာ ရထားပျံတော်ထက်သို့ ပင့်ဆောင်ပူဇော်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၊ တွဲဖက်အတွင်းရေးမှူး၊ ကောင်စီဝင် ဒေါက်တာကျော်ထွန်းတို့က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် အမှူးပြုသည့် စေတနာရှင်၊ အလှူရှင်များ စုပေါင်းလှူဒါန်းထားသည့် သီရိမင်္ဂလာဓမ္မရတနာ သုံးထပ်ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

စာမျက်နှာ ၇ သို့ ❖



ဖဲကြိုးဖြတ်ဖွင့်လှစ်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီဝင် ဒေါက်တာကျော်ထွန်းတို့ သီရိမင်္ဂလာဓမ္မရတနာ သုံးထပ်ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။



နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီးဒေါ်ကြူကြူလှ၊ မိသားစုဝင်များ၊ အခမ်းအနား တက်ရောက်လာကြသူများ သီရိမင်္ဂလာဓမ္မရတနာ သုံးထပ် ကျောင်းဆောင်သစ် အထွတ်၌ တည်ထားပူဇော်အပ်သည့် စူဠာမုနိစေတီတော်မြတ်၏အထွတ်၌ တင်လှူပူဇော်မည့် ရွှေထီးတော်၊ ငှက်မြတ်နားတော်၊ ရတနာစိန်ဖူးတော်နှင့် ဌာပနာသွင်းလှူ ပူဇော်မည့် ဓာတ်တော်၊ မွေတော်များကို ဓမ္မာရုံတော်အတွင်းမှ မင်္ဂလာဝေါယာဉ်တော်ဖြင့် ပင့်ဆောင်ကြပြီး မင်္ဂလာရထားပျံတော်ထက်သို့ ပင့်ဆောင်ပူဇော်စဉ်။

❖ စာမျက်နှာ ၆ မှ

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနားတက်ရောက် လာကြသူများက သီရိမင်္ဂလာဓမ္မရတနာ သုံးထပ်ကျောင်းဆောင်သစ် ကမ္ပည်းမော်ကွန်းကို အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးကြသည်။

၎င်းနောက် မင်္ဂလာအချိန်တွင် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီးနှင့် အဖွဲ့ဝင်များ၊ အခမ်းအနား တက်ရောက်လာကြသူများနှင့် ဒေသခံတိုင်းရင်းသားပြည်သူလူထုတို့က မင်္ဂလာကြိုးဆွဲ၍ ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့အား မင်္ဂလာရထားပျံဖြင့် စေတီတော်အထွတ်သို့ ပင့်ဆောင်ကြသည်။ ယင်းနောက် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များက ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့ကို စေတီတော်အထွတ်၌ တင်လှူပူဇော်၍ ပရိတ်နံ့သာရည်များ ပက်ဖျန်းကြသည်။ ထို့နောက် ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော် တင်လှူပူဇော်အောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် ရတနာရွှေမိုး၊ ငွေမိုးများ ရွာသွန်းဖြိုးကြသည်။

**အမွှေးနံ့သာရည်များ ဖျန်းပက်ပူဇော်**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စူဠာမုနိစေတီတော်မြတ်အတွင်း ဌာပနာတော်သွင်းလှူပူဇော်မည့် ဓာတ်တော်မွေတော်များကို အမွှေးနံ့သာရည်များ ဖျန်းပက်ပူဇော်ကြသည်။

ယင်းနောက် စေတီတော်မြတ်အား လက်ယာရစ် လှည့်လည်ပူဇော်ကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့က သီရိမင်္ဂလာဓမ္မရတနာ သုံးထပ်ကျောင်းဆောင်သစ်၊ ဘုရားခန်းအတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား မြသပိတ်ဆွမ်းတော်၊ သစ်သီးဆွမ်းတော်တို့ကို ကပ်လှူပူဇော်သည်။

ထို့နောက် သီရိမင်္ဂလာဓမ္မရတနာ သုံးထပ်ကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် ယင်းကျောင်းဆောင်တော်ပေါ်၌ တည်ထားပူဇော်အပ်သည့် စူဠာမုနိစေတီတော်မြတ်အား ရွှေထီးတော်၊ ငှက်မြတ်နားတော်၊ ရတနာစိန်ဖူးတော် တင်လှူပူဇော်ပွဲ မဟာမင်္ဂလာအခမ်းအနား အောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် သပြေပင်ကို အမှတ်တရစိုက်ပျိုးပေးကြသည်။

**နေ့ဆွမ်းဆက်ကပ်**

အခမ်းအနားအပြီးတွင် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်နှင့် ဇနီး၊ အခမ်းအနား တက်ရောက်လာကြသူများသည် ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး၊ အခမ်းအနား တက်ရောက်လာကြသူများသည် သံဃာတော်များကို လှူဖွယ်ပစ္စည်းများနှင့် နေ့ဆွမ်းလောင်းလှူခဲ့ကြပြီး တက်ရောက်လာကြသည့် ဧည့်သည်တော်များအား နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံခဲ့ကြသည်။

**ရှင်းလင်းတင်ပြ**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် လားရှိုးလေဆိပ်သို့ ရောက်ရှိကြပြီး လေယာဉ်ပြေးလမ်း အဆင့်မြှင့်တင် တိုးချဲ့ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးရာ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့် တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်း တင်ပြမှုများအပေါ် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က လားရှိုးလေယာဉ်ကွင်းသည် မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံသို့ ကုန်သွယ်မှုများ မြှင့်တင်ဆောင်ရွက်နိုင်မည့် ရှမ်းပြည်နယ် (မြောက်ပိုင်း)ဒေသမှ အဓိကကျသည့် လေယာဉ်ကွင်းတစ်ခုဖြစ်ကြောင်း၊ ထို့ကြောင့် ကုန်တင်လေယာဉ်ကြီးများ ဆင်းသက်နိုင်သည်အထိ အဆင့်မြှင့်တင်တိုးချဲ့ဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ ထိုသို့ ဆောင်ရွက်ခြင်းဖြင့် ပြည်တွင်းရှိလေကြောင်းလိုင်းများ ပြေးဆွဲမှုကိုလည်း အထောက်အကူဖြစ်စေမည်ဖြစ်ကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

စာမျက်နှာ ၈ သို့ ❖



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် သီရိမင်္ဂလာဓမ္မရတနာ သုံးထပ်ကျောင်းဆောင်သစ် ကမ္ပည်းမော်ကွန်းကို အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီးဒေါ်ကြူကြူလှ၊ တာဝန်ရှိသူများ ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းလောင်းလှူကြစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီးဒေါ်ကြူကြူလှတို့ သီရိမင်္ဂလာဓမ္မရတနာ သုံးထပ်ကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် စူဠာမုနိစေတီတော်မြတ်အား ရွှေထီးတော်၊ ငှက်မြတ်နားတော်၊ ရတနာစိန်ဖူးတော် တင်လှူပူဇော်ပွဲ မဟာမင်္ဂလာအခမ်းအနား အောင်မြင်ခြင်းအထိမ်းအမှတ်အဖြစ် သပြေပင်ကို အမှတ်တရစိုက်ပျိုးပေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်  တင်လှူပူဇော်အောင်မြင်ခြင်းအထိမ်းအမှတ်အဖြစ် ရတနာ ရွှေမိုး၊ ငွေမိုးများ ရွာသွန်းဖြိုးကြစဉ်။

❖ စာမျက်နှာ ၇ မှ

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် လားရှိုးလေယာဉ်ကွင်း အဆင့်မြှင့်တင် ဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် စီမံကိန်းလုပ်ငန်းများအား ပွင့်လင်းရာသီကာလအတွင်းသတ်မှတ်ထားသည့်ကာလများအလိုက် လျာထားလုပ်ငန်းများ ပြီးစီးအောင် ဆောင်ရွက်ရန်နှင့် အခြားလိုအပ်သည်များကို မှာကြားသည်။

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ အဖွဲ့ဝင်များသည် အရှေ့မြောက်တိုင်းစစ်ဌာနချုပ်သို့ ရောက်ရှိကြပြီး တိုင်းစစ်ဌာနချုပ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများကို မြန်မာ့ရိုးရာ အတာသင်္ကြန်ရေများ ပက်ဖျန်း၍ နှစ်သစ်ကို အတူတကွ ရင်းနှီးနွေးထွေးစွာ ကြိုဆိုခဲ့ကြပြီး ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့က ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြစဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အရှေ့မြောက်တိုင်းစစ်ဌာနချုပ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများကို မြန်မာ့ရိုးရာ အတာသင်္ကြန်ရေများ ပက်ဖျန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် လားရှိုးလေဆိပ် လေယာဉ်ပြေးလမ်း အဆင့်မြှင့်တင် တိုးချဲ့ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

# ပြည်ထဲရေးဝန်ကြီးဌာနမိသားစု မြန်မာ့ရိုးရာသင်္ကြန်ပွဲတော် ယိမ်းအကအဖွဲ့၊ Dancer အကအဖွဲ့ပြိုင်ပွဲနှင့် ဆုချီးမြှင့်ခြင်းအခမ်းအနား ကျင်းပ






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွန်း ပြည်ထဲရေးဝန်ကြီးဌာနမိသားစု မြန်မာ့ရိုးရာသင်္ကြန်ပွဲတော် ယိမ်းအကအဖွဲ့၊ Dancer အကအဖွဲ့ပြိုင်ပွဲနှင့် ဆုချီးမြှင့်ခြင်းအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

နေပြည်တော် ဧပြီ ၁၁

မြန်မာသက္ကရာဇ် ၁၃၈၄ ခုနှစ်တွင် ကျရောက်သည့် မဟာသင်္ကြန်ပွဲတော်တွင် ပြည်ထဲရေးဝန်ကြီးဌာနမိသားစု မြန်မာ့ရိုးရာယိမ်းအကအဖွဲ့၊ Dancer အကအဖွဲ့ပြိုင်ပွဲကို ယမန်နေ့ ညနေ ၆ နာရီခွဲက နေပြည်တော် ရုံးအမှတ်(၃၈)ရှိ ပြည်ထဲရေးဝန်ကြီးဌာန ရေကစားမဏ္ဍပ်၌ ကျင်းပသည်။ အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွန်းနှင့်ဇနီး၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်တိုးရီနှင့်ဇနီး၊ ဒုတိယဝန်ကြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်ချုပ် ဇင်မင်းထက်နှင့် ဇနီး၊ အမြဲတမ်းအတွင်းဝန် ဦးခိုင်ထွန်းဦးနှင့်ဇနီး၊ တပ်ဖွဲ့/ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ အရာရှိကြီးများနှင့် ဇနီးများ၊ တာဝန်ရှိသူများ၊ ဝန်ထမ်းများနှင့် မိသားစုဝင်များ၊ ပြိုင်ပွဲဝင် ယိမ်းအကအဖွဲ့များနှင့် Dancer အကအဖွဲ့များ စုံညီစွာ တက်ရောက်ကြပြီး ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲကြသည်။

အခမ်းအနားတွင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက ရှေးဦးစွာ ဖွင့်လှစ်အမှာစကားပြောကြားပြီး ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးနှင့်ဇနီး ဦးဆောင်သောအဖွဲ့သည် ယိမ်းအကအဖွဲ့များနှင့် Dancer အကအဖွဲ့များ ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ ဆုချီးမြှင့်ခြင်းအခမ်းအနားကို ကျင်းပရာ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွန်းနှင့်ဇနီး ဦးဆောင်၍ တာဝန်ရှိသူများက ပြိုင်ပွဲတွင် ဆုရရှိကြသည့် ယိမ်းအကအဖွဲ့များနှင့် Dancer အကအဖွဲ့များကို ဆုများ ပေးအပ်ချီးမြှင့်သည်။

အဆိုပါပြည်ထဲရေးဝန်ကြီးဌာနမိသားစု မြန်မာ့ရိုးရာ ယိမ်းအကအဖွဲ့၊ Dancer အကအဖွဲ့ ပြိုင်ပွဲသို့ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ အကျဉ်းဦးစီးဌာန၊ မီးသတ်ဦးစီးဌာနတို့မှ အမျိုးသမီးယိမ်းအကအဖွဲ့ ၁၂ ဖွဲ့၊ အမျိုးသား Dancer အဖွဲ့ ၁၂ ဖွဲ့ စုစုပေါင်း ၂၄ ဖွဲ့တို့ ပါဝင်ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲဝင်အသင်းများ အနေဖြင့် အားကြိုးမာန်တက် ယှဉ်ပြိုင်ခဲ့ကာ တပ်ဖွဲ့ဝင်များ၊ ဝန်ထမ်းများနှင့် မိသားစုဝင်များကလည်း သောင်းသောင်းဖြဖြ ပျော်ရွှင်စွာ အားပေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# မကွေးမြို့နယ် မြင်ကွန်းနယ်မြေ မီးသတ်စခန်းသစ်ဖွင့်ပွဲ ကျင်းပ




မကွေး ဧပြီ ၁၁

မကွေးတိုင်းဒေသကြီး မကွေးမြို့နယ် မြင်ကွန်းနယ်မြေ မီးသတ်စခန်းသစ်ဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီက မြင်ကွန်းနယ်မြေမီးသတ်စခန်းသစ်ရှေ့၌ ကျင်းပသည်။

မြင်ကွန်းနယ်မြေမီးသတ်စခန်းသစ်ကို မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ကျော်ကျော်လင်း၊ လူမှုရေးရာဝန်ကြီး ဦးသန့်ဇင်ကိုကို၊ အတွင်းရေးမှူး ဦးသန်းဆွေဝင်း၊ တိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ဦးမျိုးလှိုင်၊ တိုင်းဒေသကြီး အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမင်းဦး၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးမောင်ထူးနှင့် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဒုတိယဗိုလ်မှူးကြီး ဆောင်းတင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်က မကွေးမြို့နယ် မြင်ကွန်းနယ်မြေ မီးသတ်စခန်းကို မြင်ကွန်းကျေးရွာအနီးတစ်ဝိုက် ကျေးရွာများရှိ ဒေသခံပြည်သူများအတွက် မီးသတ်တပ်ဖွဲ့များ၏ ရည်မှန်းချက်တာဝန် (၄)ရပ်ဖြစ်သည့် မီးဘေးလုံခြုံရေး၊ သဘာဝဘေးအန္တရာယ်ကာကွယ်ရေး၊ ရှာဖွေကယ်ဆယ်ရေးနှင့် ပြည်သူ့အကျိုးပြု ဆောင်ရွက်ရေးတို့ကို ဆောင်ရွက်နိုင်ရန် ဖွင့်လှစ်ခြင်းဖြစ်ပြီး ဒေသခံပြည်သူများ အားကိုးအားထားပြုရမည့် မီးသတ်စခန်းတစ်ခုဖြစ်ကြောင်း၊ မီးသတ်တပ်ဖွဲ့ဝင်များ အနေဖြင့်လည်း ယုံကြည်ချက်၊ ခံယူချက် မှန်ကန်ကောင်းမွန်ကာ နိုင်ငံ့ဝန်ထမ်းများတွင် ရှိရမည့် စံတန်ဖိုးများအပြင် အသင်းအဖွဲ့ဖြင့် ဆောင်ရွက်မှုနှင့် လုပ်ငန်းကျွမ်းကျင်မှု အရည်အသွေးများအပြင် နိုင်ငံတကာတွင် ပြောင်းလဲတိုးတက်နေသည့် မီးသတ်လုပ်ငန်းဆိုင်ရာများကို မျက်ခြည်မပြတ်လေ့လာပြီး မိမိနိုင်ငံသားများအတွက် ပြန်လည်အသုံးချနိုင်ရန် အားထုတ်ကြရန် လိုအပ်ပါကြောင်းနှင့် ပြည်သူများ ယုံကြည်အားကိုးအားထားပြုသည့် မီးသတ်တပ်ဖွဲ့များ ဖြစ်အောင် လေ့ကျင့်တည်ဆောက်သွားကြစေလိုကြောင်း စသည်ဖြင့် ပြောကြားကာ ဒေသခံတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အဆိုပါ မြင်ကွန်းနယ်မြေမီးသတ်စခန်းသစ်ကို မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့က ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ငွေလုံးငွေရင်းရန်ပုံငွေမှ ခွင့်ပြုငွေကျပ်သန်း ၁၈၂ ဒသမ ၈၂၀ နှင့် မကွေးတိုင်းဒေသကြီး၏ အထွေထွေပိုလျှံရန်ပုံငွေ(GRF)မှ စခန်းရှေ့ကွန်ကရစ်ခင်းခြင်းလုပ်ငန်းအတွက် ငွေကျပ်သန်း ၁၀ ဒသမ ၁၀၀ ကို ရန်ပုံငွေခွဲဝေချထားပေးကာ (အလျား ၄၅ ပေ x အနံ ပေ ၅၀ x အမြင့် ၂၆ ပေ)အရွယ်အစားရှိ RC နှစ်ထပ် အဆောက်အအုံ အမျိုးအစား ဆောက်လုပ်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## မြန်မာသက္ကရာဇ် ၁၃၈၄ ခုနှစ် တန်ခူးလဆုတ်(၉)ရက်နေ့မှ (၁၂)ရက်နေ့အထိ (၂၀၂၃ ခုနှစ် ဧပြီလ ၁၃ ရက်နေ့မှ ၁၆ ရက်နေ့အထိ) မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်တွင် ယာဉ်မောင်းသူများ သတိပြုရန်အချက်များ

(က) မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ကာလ ရန်ကုန်တိုင်းဒေသကြီးအတွင်း ယာဉ်မောင်းနှင်သူများ လိုက်နာရန်-

(၁) မူးယစ်သောက်စား ယာဉ်မမောင်းရ။

(၂) အပျော်လွန်ကျူး စည်းကမ်းမဲ့ပြိုင်မမောင်းရ၊ လုမမောင်းရ။

(၃) မော်တော်ယာဉ်များတွင် အိတ်ဇောပိုက်ဖြုတ် မမောင်းရ။

(၄) ယာဉ်နံပါတ်ပြားမပါရှိဘဲ မမောင်းရ။

(၅) ယာဉ်နံပါတ်အတုများ၊ အခြားယာဉ်နံပါတ်များ တပ်ဆင်ခြင်းလုံးဝ မပြုရ။

(၆) ယာဉ်၏ဘေးတံခါးများ၊ နောက်ဖုံးများ ဖြုတ်၍ မောင်းနှင်ခြင်းမပြုရ။

(၇) ယာဉ်မောင်းလိုင်စင်နှင့် ယာဉ်မှတ်ပုံတင် (ဗီးတက်)မပါဘဲ မမောင်းရ။

(၈) ဖျက်သိမ်းထားသော ယာဉ်အိုဟောင်းများ၊ မှတ်ပုံမတင်ရသေးသော ယာဉ်များနှင့် ပြုပြင်ဆဲယာဉ်များ မမောင်းရ။

(၉) နိုင်ငံတကာအလံများ ယာဉ်တွင်တပ်ဆင်၍ မောင်းနှင်ခြင်းမပြုရ။

(၁၀) ရန်ကုန်မြို့တော် စည်ပင်သာယာနယ်နိမိတ်အတွင်း မည်သည့်မော်တော်ဆိုင်ကယ်မှ စီးနင်းခြင်း လုံးဝမပြုရ။

(၁၁) ဟွန်းသံကင်းမဲ့ဇုန်များအတွင်း ဟွန်းလုံးဝ မတီးရ။

(၁၂) ပစ်ကပ်ယာဉ်များ(လိုက်ထရပ်/မီနီပစ်ကပ်)သည် သတ်မှတ်ထားသည့် ဝန်အလေးချိန် (လူဦးရေ)ထက် ပိုမိုတင်ဆောင် မောင်းနှင်ခြင်း မပြုရ။

( ခ ) ကျူးလွန်ပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူမည်။

( ဂ ) ယာဉ်မောင်းနှင်သူများအား အရက်သေစာသောက်စားထားခြင်း ရှိ၊ မရှိ အရက်မူးတိုင်းကိရိယာ(Alcohol Tester)ဖြင့် တိုင်းတာစစ်ဆေး၍ ချိုးဖောက်ပါက ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ပါသည်။

(ဃ) သင်္ကြန်ကာလအတွင်း လမ်းလယ်၌ မော်တော်ယာဉ် စက်ပျက်၍ ရပ်ထားပါက ကရိန်းယာဉ်ဖြင့် ဆွဲယူမည် ဖြစ်ပါသည်။

( င ) ယခုအခါ အချက်အချာကျသော လမ်းဆုံ/လမ်းခွ မီးပွိုင့်များတွင် CCTV camera များ တပ်ဆင်ထားပြီးဖြစ်သဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ချိုးဖောက်မှုများအား အဆိုပါ ကင်မရာများဖြင့်ရိုက်ကူးပြီး ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါသည်။

( စ ) "သင့်ကြောင့် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ကာလအတွင်း ယာဉ်တိုက်မှုမဖြစ်ပါစေနှင့်"

**ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့**

## အသိပေးနှိုးဆော်ချက်

မြန်မာသက္ကရာဇ် ၁၃၈၄ ခုနှစ် တန်ခူးလဆုတ်(၉)ရက်နေ့မှ (၁၂)ရက်နေ့အထိ (၂၀၂၃ ခုနှစ် ဧပြီလ ၁၃ ရက်နေ့မှ ၁၆ ရက်နေ့အထိ) မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော်တွင် ရန်ကုန်မြို့တော်ခန်းမရှေ့ရှိ ရန်ကုန်မြို့တော် မဟာသင်္ကြန်မဏ္ဍပ်၌ ရေကစားခြင်း၊ သင်္ကြန်ယိမ်းအကအလှ ဖျော်ဖြေခြင်းများဖြင့် ကျင်းပသွားမည်ဖြစ်ရာ မဟာဗန္ဓုလလမ်းအား ဆူးလေဘုရားလမ်းမှ ပန်းဆိုးတန်းလမ်းအထိ လည်းကောင်း၊ ဆူးလေဘုရားလမ်းအား အနော်ရထာလမ်းမှကုန်သည်လမ်းအထိလည်းကောင်း နံနက် ၀၇:၀၀ အချိန်မှ ညနေ ၁၈:၀၀ အချိန်အထိ ခေတ္တလမ်းပိတ်ထားမည်ဖြစ်ရာ မော်တော်ယာဉ်မောင်းနှင်သူများ အနေဖြင့် လမ်းလွှဲများမှ သွားလာမောင်းနှင်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့**

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း နေပြည်တော်လမ်းလျှောက်သင်္ကြန် ဖွင့်ပွဲအခမ်းအနားကျင်းပရန် အစမ်းလေ့ကျင့်ဆောင်ရွက်နေမှုနှင့် ဇုန်များအလိုက် ပြင်ဆင်ဆောင်ရွက်ထားမှုများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဧပြီ ၁၁**

၂၀၂၃ ခုနှစ် မြန်မာ့ရိုးရာ အတာသင်္ကြန်ပွဲတော် ကာလအတွင်း နေပြည်တော်ရှိ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများ၊ ပြည်သူများ ပိုမိုပျော်ရွှင်စွာ ဆင်နွှဲနိုင်စေရန်အတွက် နေပြည်တော် လမ်းလျှောက်သင်္ကြန်ကို ပျဉ်းမနား - တောင်ညိုလမ်းပေါ်ရှိ နေပြည်တော်မြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ်အနီးမှ စည်ပင်ဧည့်ရိပ်သာလမ်းဆုံအထိ သတ်မှတ်ထားရှိပြီး သင်္ကြန်အကြိုနေ့ဖြစ်သည့် ဧပြီ ၁၃ ရက်တွင် ဖွင့်ပွဲအခမ်းအနားကျင်းပကာ စည်ကားသိုက်မြိုက်စွာ ဆောင်ရွက်သွားမည်ဖြစ်သည်။

**အစမ်းလေ့ကျင့်ဆောင်ရွက်**

နေပြည်တော် လမ်းလျှောက်သင်္ကြန် ကျင်းပရေးကော်မတီ ဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်၊ ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့ညနေပိုင်းတွင် နေပြည်တော် လမ်းလျှောက်သင်္ကြန်ဖွင့်ပွဲအခမ်းအနား ကျင်းပရန် အစမ်းလေ့ကျင့်ဆောင်ရွက်နေမှုနှင့် သင်္ကြန်ဇုန်များအလိုက် ပြင်ဆင်ဆောင်ရွက်ထားမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးသည် နေပြည်တော်လမ်းလျှောက်သင်္ကြန် ဖွင့်ပွဲအခမ်းအနားတွင် နေပြည်တော် လမ်းလျှောက်သင်္ကြန်မုခ်ဦးအား စနစ်တကျ ဖဲကြိုးဖြတ် ဖွင့်လှစ်နိုင်ရန်နှင့် ဝန်ကြီးဌာနကိုယ်စားပြု ယိမ်းအကအဖွဲ့များက သင်္ကြန်မိုးသီချင်းဖြင့် သံပြိုင်ညီညာ ကပြဖျော်ဖြေ၍ အစမ်းလေ့ကျင့် ဇာတ်တိုက်ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝန်ကြီးဌာနများအလိုက် မြန်မာ့ရိုးရာမဟာသင်္ကြန်မဏ္ဍပ်များနှင့် တိုင်းရင်းသားရေကစားမဏ္ဍပ်များ၌ ဝန်ထမ်းများနှင့် ပြည်သူများ စိတ်ပျော်ရွှင်ချမ်းမြေ့စွာ ရေပက်ကစားနိုင်ရန်နှင့် စတုဒိသာကျွေးမွေးနိုင်ရန် စနစ်တကျ ပြင်ဆင်ဆောင်ရွက်ထားမှု အခြေအနေများ၊ ဇုန်လေးဇုန်ဖြစ်သည့် သနပ်ခါးသင်္ကြန်ဇုန်၊ တိုင်းရင်းသားသင်္ကြန်ဇုန်၊ အလှပြဖျော်ဖြေရေးဇုန်နှင့် လူငယ်ဂိမ်းသင်္ကြန်ဇုန်တို့တွင် ခေတ်မီအဆင့်အတန်းရှိစွာ လည်ပတ်အနားယူနိုင်ရန် အဆင်သင့်ပြင်ဆင်ဆောင်ရွက်ထားမှု အခြေအနေများ၊ ကျန်းမာရေးစောင့်ရှောက်မှု ပေးနိုင်ရေးနှင့် လုံခြုံရေးကျိုးပေါက်မှု မရှိစေရေး ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

**ကြည့်ရှုစစ်ဆေး**

ယင်းနောက် ဗဟိုမဏ္ဍပ်၌ ဖျော်ဖြေကြမည့် ဝန်ကြီးဌာနယိမ်းအဖွဲ့များ၏ အစမ်းလေ့ကျင့်ကပြဖျော်ဖြေမှုများ၊ တေးသီချင်းသီဆိုဖျော်ဖြေနေမှုများ၊ အစမ်းလေ့ကျင့် ရေပက်ကစားနေမှုများကို ကြည့်ရှုစစ်ဆေးပြီး မီးဘေးအန္တရာယ် မဖြစ်ပေါ်စေရေးနှင့် ရေပြတ်တောက်မှု မရှိစေရေး စနစ်တကျ ဆောင်ရွက်ထားရှိရန် မှာကြားခဲ့သည်။

**သတင်းစဉ်**




ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် တာဝန်ရှိသူများ နေပြည်တော်လမ်းလျှောက်သင်္ကြန်တွင် ဝန်ကြီးဌာနကိုယ်စားပြု ယိမ်းအကအဖွဲ့များ အစမ်းလေ့ကျင့်ကပြဖျော်ဖြေမှုများကို ကြည့်ရှုစစ်ဆေးစဉ်။



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် တာဝန်ရှိသူများ နေပြည်တော်လမ်းလျှောက်သင်္ကြန် ဖွင့်ပွဲအခမ်းအနားအတွက် ပြင်ဆင်ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးစဉ်။




နေပြည်တော်လမ်းလျှောက်သင်္ကြန်အတွက် ဝန်ကြီးဌာနကိုယ်စားပြု ယိမ်းအကအဖွဲ့များ အစမ်းလေ့ကျင့်ကပြဖျော်ဖြေနေစဉ်။



# အုတ်တွင်းမြို့နယ်၌ မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော် စည်ကားသိုက်မြိုက်စွာကျင်းပမည်

**အုတ်တွင်း ဧပြီ ၁၁**

ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ်၌ ၁၃၈၄ ခုနှစ် မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်ကို ပြည်သူများ အေးချမ်းပျော်ရွှင်စွာ ဆင်နွှဲနိုင်ရန်အတွက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ကကြီးမှူး၍ ကြက်သွန်ခင်း (၁)ရပ်ကွက် ခိုင်ရွှေဝါလမ်းထိပ်၌ ဖျော်ဖြေရေး ရေကစားမဏ္ဍပ်ဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

သင်္ကြန်ပွဲတော်ကာလအတွင်း ပြည်သူများအေးချမ်းပျော်ရွှင်စွာ ရေကစားနိုင်ရေးအတွက် မဟာသင်္ကြန်ပွဲတော် ကျင်းပရေးဦးစီးကော်မတီနှင့် ဗဟိုမဏ္ဍပ်ဆောက်လုပ်ရေးကော်မတီတို့က စီစဉ်ဆောင်ရွက်လျက်ရှိပြီး မြန်မာ့ရိုးရာမဟာသင်္ကြန်မဏ္ဍပ်တွင် သင်္ကြန်တေးသီချင်းများ၊ ရိုးရာယဉ်ကျေးမှုအကများ၊ သင်္ကြန်ယိမ်းအကအလှယှဉ်ပြိုင်မှုများ၊ Stage Show ကဏ္ဍများ၊ ခေတ်ပေါ်တေးသီချင်းများဖြင့် သီဆိုဧည့်ခံဖျော်ဖြေသွားမည်ဖြစ်သည်။ လာရောက်ဆင်နွှဲကြသော ပြည်သူများကို ဌာနဆိုင်ရာများနှင့် ရပ်/ကျေးအဖွဲ့များက တစ်ရက်ချင်းအလိုက် အလှည့်ကျ အအေး၊ ဖျော်ရည်၊ စတုဒိသာများဖြင့် (သင်္ကြန်အကြိုနေ့)မှ စတင်ကာ နေ့စဉ်ဧည့်ခံကျွေးမွေးသွားမည်ဖြစ်သည်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်**


အုတ်တွင်းမြို့နယ်၌ နှစ်သစ်ကူးချိန်ခါ မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်ကို ဧပြီ ၁၃ ရက် (သင်္ကြန်အကြိုနေ့)ညနေ ၄ နာရီတွင် ဖဲကြိုးဖြတ်ဖွင့်လှစ်သွားမည်ဖြစ်ပြီး မြို့ပေါ်ရပ်ကွက်များမှ ယိမ်းအကအဖွဲ့များဖြင့် ဖျော်ဖြေတင်ဆက်သွားမည်ဖြစ်ကြောင်း သိရသည်။

**အေးမင်းရည်(ပြန်/ဆက်)**

# ကန့်ဘလူမြို့နယ် ပဇီကြီးကျေးရွာအနီးရှိ PDF အမည်ခံ အကြမ်းဖက်အဖွဲ့များ၏ အကြမ်းဖက် NUG ရုံးအား တိုက်ခိုက်ချေမှုန်းမှုနှင့်ပတ်သက်၍ ဗိုလ်ချုပ်ဇော်မင်းထွန်း၏ ပြန်လည်ဖြေကြားချက်

ပထမဦးဆုံးကတော့ ဒီကန့်ဘလူဒေသ ပဇီကြီးကျေးရွာနဲ့ ပတ်သက်ပြီးတော့ နောက်ခံအခြေအနေကို သိထားဖို့လိုပါတယ်။ ဒီနှစ်မတ်လပိုင်းက ပဇီးကြီးကျေးရွာဥက္ကဋ္ဌကို PDF အမည်ခံ အကြမ်းဖက်အဖွဲ့တွေက စွပ်စွဲပြီးတော့ သတ်ဖြတ်ခဲ့တဲ့ အဖြစ်အပျက်တွေရှိခဲ့တယ်။ ပြီးရင် ပဇီကြီးကျေးရွာမှာ တစ်ရွာလုံးကိုခြိမ်းခြောက်ပြီး PDF အဖြစ် ခိုင်းတဲ့ဟာတွေရှိတယ်။ နောက်ကွယ်မှာရှိနေတဲ့ အဖွဲ့တွေကိုလည်း သိပြီးဖြစ်ပါလိမ့်မယ်။ ဒီနောက်ပိုင်းမှာတော့ NUG / CRPH အမည်ခံ အကြမ်းဖက်အဖွဲ့တွေနဲ့ လှုံ့ဆော်နေတာတွေလည်း တွေ့ရလိမ့်မယ်။ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းမှာ တချို့သော ကျေးရွာတွေမှာ ခုနပြောတဲ့ သူတို့အကြမ်းဖက်ကိုပဲ အမည်ခံထားတဲ့ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့လိုဟာမျိုးတွေ ပြီးရင်တော့ ပြည်သူ့အုပ်ချုပ်ရေးအဖွဲ့ရုံးတွေဖွင့်ဖို့ လှုံ့ဆော်နေတာတွေရှိပါတယ်။ တပ်မတော်အနေနဲ့ကတော့ ဒီဒေသမှာ တည်ငြိမ်အေးချမ်းရေးအတွက် ကျွန်တော်တို့ ဆောင်ရွက်နေတာရှိပါတယ်။ အခုဆိုရင်လည်း စစ်ကိုင်းတိုင်းဒေသကြီးမှာ ဘုန်းကြီးတွေ၊ရဟန်းတွေ၊ ကျောင်းဆရာ ဆရာမတွေ၊ ပြီးရင် အပြစ်မဲ့ပြည်သူလူထုကို စွပ်စွဲသတ်ဖြတ်တာ အများဆုံးဒေသဖြစ်ပါတယ်။ ပြီးရင် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းမှာပဲ သူတို့ကို မထောက်ခံတဲ့သူတွေ၊ သူတို့ကို မထောက်ခံတဲ့ရွာတွေကို မီးရှို့ဖျက်ဆီးတာလည်း အများဆုံးဖြစ်ပါတယ်။

ဒီမနက်ဖြစ်စဉ်မှာတော့ မနက် ၈ နာရီလောက်မှာ အဲဒီပဇီကြီးကျေးရွာမှာ NUG/CRPH အမည်ခံအဖွဲ့ သူတို့ပြောနေတဲ့ ရုံးခန်းဖွင့်ပွဲဆိုတဲ့ဟာ လုပ်ပါတယ်။ ပြီးရင် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့အမည်ခံ၊ PDF အမည်ခံအဖွဲ့တွေရဲ့ ရုံးဖွင့်ပွဲဆိုတဲ့ဟာ လုပ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ ဒီဟာနဲ့ပတ်သက်ပြီး တိုက်ခိုက်မှုရှိပါတယ်။ တိုက်ခိုက်မှုရှိတဲ့အခါမှာတော့ ကျွန်တော်တို့ ဒီအခမ်းအနားမှာရှိနေတဲ့ PDF အမည်ခံအဖွဲ့တွေ သေဆုံးတယ်ဆိုတာလည်း ကျွန်တော်တို့ သိရပါတယ်။ ဒါပြောရမယ်ဆိုရင်တော့ နိုင်ငံတော်အစိုးရ၊ ပြည်သူလူထုကို ဆန့်ကျင်လုပ်ဆောင်နေတဲ့ အဖွဲ့တွေပဲဖြစ်ပါတယ်။ ကျွန်တော်တို့အရင်တုန်းက အတိုင်း ပြောခဲ့ဖူးသလို ပုံတွေတက်လာတာလည်း တွေ့ရမှာဖြစ်ပါတယ်။ အဖွဲ့တွေတော်တော်များများဟာ ယူနီဖောင်းတွေနဲ့ ပုံတွေလည်းဖြစ်ပါတယ်၊ တချို့လည်း အရပ်ဝတ်နဲ့ ပုံပါချင်ပါမှာပေ့ါ။ ဒါတွေကတော့ သူတို့အနေနဲ့ကတော့ PDF အမည်ခံ အကြမ်းဖက်အဖွဲ့တွေအနေနဲ့ အရပ်ဝတ်နဲ့ သေဆုံးသွားတယ်ဆိုရင် အရပ်သားသေဆုံးတယ်လို့ ပြောတယ်။ သူတို့အောင်ပွဲရရင်တော့ PDF ပါဆိုပြီး ပြောတဲ့ဟာတွေရှိပါတယ်။ ဒီလိုစွပ်စွဲချက်တွေကတော့ ထွက်ပေါ်နေမှာပဲဖြစ်ပါတယ်။ ပြီးရင် ကျွန်တော်တို့ မြေပြင်သတင်းမှာလည်း ရရှိတဲ့သတင်းအရ ဒါဟာ ကျွန်တော်တို့ရဲ့ တိုက်ခိုက်မှုတစ်ခုတည်းကြောင့် ဖြစ်သွားတာမဟုတ်ပါဘူး။ မြေပြင်မှာတော့ အဲဒီအဖွဲ့တွေအနေနဲ့ အဲဒီနေရာလေးတစ်ဝိုက်မှာ သူတို့ PDF အဖွဲ့ကနေ အသုံးပြုနေတဲ့ မိုင်းတွေထောင်ထားတာတွေရှိတယ်။ ပြီးရင် PDF အဖွဲ့အသုံးပြုနေတဲ့ ယမ်းတွေ၊ မိုင်းတွေကို သိုလှောင်ထားတဲ့ ခဲယမ်းထားရှိတဲ့နေရာရှိတယ်။ အဲဒီနေရာတည့်တည့်ကို ကျွန်တော်တို့ လက်နက်ထိမှန်တဲ့အတွက်ကြောင့် မို့လို့ ပေါက်ကွဲပြီးတော့ သေဆုံးသွားတယ်ဆိုတာကိုလည်း ကျွန်တော်တို့ သတင်းအတိအကျ ရရှိထားပြီးဖြစ်ပါတယ်။ ဒီ PDF အမည်ခံအဖွဲ့တွေဟာ မြေပြင်လုပ်ဆောင်နေတာတွေဟာ တကယ့်စစ်ရာဇဝတ်မှုကို ကျူးလွန်နေတာဖြစ်တယ်။ မြေပြင်မှာ လုပ်ဆောင်နေတာတွေဟာ တကယ့်ရက်စက်ကြမ်းကြုတ်တဲ့ လုပ်ငန်းတွေကို လုပ်ဆောင်နေတာဖြစ်တယ်။ သူတို့ရဲ့လုပ်ဆောင်နေတဲ့ဟာတွေက သူတို့ကို မထောက်ခံတဲ့ရွာ၊ မထောက်ခံတဲ့ရွာတောင်မဟုတ်ဘူး။ ကြားနေတဲ့ရွာတွေကို မီးရှို့ဖျက်ဆီးတာတွေ၊ ခြိမ်းခြောက်တာတွေလုပ်တယ်။ ဒါ့အပြင် သူတို့အနေနဲ့ ကျွန်တော်တို့ မကြာခဏ သတင်းထုတ်ပြန်ပြီးဖြစ်တယ်။ ကျေးရွာတွေမှာရှိတဲ့ ကျောင်းတွေ၊ ဘုန်းကြီးကျောင်းတွေ၊ စာသင်ကျောင်းတွေကို ခံစစ်နေရာအဖြစ် အသုံးပြုတာတွေရှိတယ်။ ကျေးရွာတွေမှာရှိတဲ့ စာသင်ကျောင်းတွေကို ပိတ်ခိုင်းထားပြီး တချို့နေရာတွေမှာ သဲအိတ်တွေထပ်ပြီး ဘန်ကာသဖွယ်အသုံးပြုနေတဲ့ဟာမျိုးတွေရှိတယ်။ ဒါ့အပြင် သူတို့ရဲ့ပိုပြီး ယုတ်မာမှုကဘာကိုယုတ်မာလဲဆိုတော့ သူတို့တစ်ခုခုအခမ်းအနား တစ်ခုလုပ်ပြီး သင်တန်း ဥပမာပေ့ါနော် PDF အကြမ်းဖက်အဖွဲ့ မတက်မနေရ၊ တစ်အိမ်ကိုတစ်ယောက် မတက်မနေရဆိုပြီး ခြိမ်းခြောက်တဲ့အနေနဲ့ တက်ခိုင်းတယ်။ ရက်ပိုင်းမှာ သင်တန်းဆင်းပွဲလုပ်တယ်။ လုပ်ပြီဆိုရင် မဖြစ်မနေ အိမ်တိုင်းကမိန်းမတွေ၊ ကလေးတွေပါ ထွက်ပြီးတော့ကျမှအားပေးဝန်းရံတယ်ဆိုပြီး လုပ်တာတွေ တွေ့ရပါတယ်။ ကျွန်တော်တို့အနေနဲ့တောင်မှ စုံစမ်းစရာမလိုဘူး။ သူတို့ဆီကနေထွက်ပေါ်နေတဲ့ ပုံတွေက ကလေးတွေကအစ သေနတ်ကိုင်ထားတဲ့ပုံတွေတွေ့ရပါလိမ့်မယ်။ ကလေးတွေကအစ သူတို့အကြမ်းဖက်အဖွဲ့ကို ကြိုဆိုခိုင်းထားတာတွေ တွေ့ရပါလိမ့်မယ်။ ဒီလိုတိုက်ခိုက်တဲ့နေရာမှာ ကျွန်တော်ပြောသလို သူတို့ရဲ့လက်နက်ခဲယမ်းတွေ၊ ယမ်းတွေသိုလှောင်ထားတဲ့နေရာ ထိမှန်ခဲ့တာရှိတယ်။ အဲဒီကနေ ပေါက်ကွဲခဲ့တာရှိတယ်။ အဲဒီကနေ ပေါက်ကွဲခဲ့တဲ့အတွက်ကြောင့်မို့လို့ ခုနပြောတဲ့ သူတို့အတင်းဝန်းရံခိုင်းထားတဲ့သူတွေပေ့ါ၊ PDF ထောက်ခံသူတွေ၊ ဒါမှမဟုတ် သူတို့ကိုကြောက်လို့ ဝန်းရံနေရတဲ့သူတွေရဲ့ ထိခိုက်ဒဏ်ရာရရှိမှုတော့ ရှိကောင်းရှိနိုင်တယ်လို့ပဲ ကျွန်တော်ဖြေချင်ပါတယ်ဗျ။




# ညောင်ဦးမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် ဇဟိုရေကစားမဏ္ဍပ်ဆောက်လုပ်နေမှု ကြည့်ရှုစစ်ဆေး

ညောင်ဦး ဧပြီ ၁၁

မန္တလေးတိုင်း ဒေသကြီး ညောင်ဦးမြို့၌ မြန်မာ့ရိုးရာယဉ်ကျေးမှု အတာသင်္ကြန်ပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ပြီး မြို့နယ် သင်္ကြန်ဇဟိုရေကစားမဏ္ဍပ်ကို အမှတ် (၅) ရှမ်းကုန်းရပ် လွတ်လပ်ရေးပန်းခြံအနီးတွင် ဆောက်လုပ်လျက်ရှိသည့်မဏ္ဍပ်သို့ ညောင်ဦးမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ သွားရောက် စစ်ဆေးခဲ့ကြောင်း သိရသည်။



အဆိုပါ ရေကစားမဏ္ဍပ်တွင် မဏ္ဍပ်စင်အလယ်နေရာ၌ သင်္ကြန်ယိမ်းအဖွဲ့များ ဖျော်ဖြေရန်နှင့် ပြိုင်ပွဲဝင်နေရာ၊ သင်္ကြန်တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေရန်နေရာတို့အပြင် ဇဟိုမဏ္ဍပ်၏ ဘေးတစ်ဖက်စီတွင် သင်္ကြန်ရေကစားရန် စင်နေရာနှစ်ခုကို ထည့်သွင်း ဆောက်လုပ်ထားရှိကြောင်း သိရသည်။

မြန်မာ့ရိုးရာယဉ်ကျေးမှု အတာသင်္ကြန်ပွဲတော်တွင် မြို့နယ်ဌာနဆိုင်ရာ ယိမ်းအဖွဲ့များ၊ ရပ်ကွက်များမှ ပါဝင်ကပြဖျော်ဖြေကြမည့် ယိမ်းအဖွဲ့များ၊ တစ်ပင်တိုင်ကပြဖျော်ဖြေမည့် ယိမ်းသမများ ပါဝင်သီဆိုကပြ ဖျော်ဖြေကြမည်ဖြစ်ပြီး လမ်းလျှောက် သင်္ကြန်ကိုလည်း ပြည်သူများ စိတ်အေးချမ်းသာစွာ ပါဝင်ဆင်နွှဲနိုင်ရန် စီစဉ်ဆောင်ရွက်ထားရှိကြောင်း၊ ကပြဖျော်ဖြေမည့် ယိမ်းအဖွဲ့များ၊ တစ်ပင်တိုင် ကပြဖျော်ဖြေမည့် ယိမ်းသမများကလည်း ကြိုတင်ပြင်ဆင် လေ့ကျင့်လျက်ရှိကြပြီး မြန်မာ့ရိုးရာယဉ်ကျေးမှု အတာသင်္ကြန်ပွဲတော် ကာလအတွင်း စတုဒိသာ ကျွေးမွေးဧည့်ခံခြင်းကိုလည်း အလှူရှင်များက ကျွေးမွေးနိုင်ရန် ကြိုတင်စီစဉ်ဆောင်ရွက်ထားရှိခြင်းများ ပြုလုပ်လျက်ရှိကြောင်း မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် ဇဟိုရေကစားမဏ္ဍပ် ဆောက်လုပ်နေသည့်နေရာသို့ ညောင်ဦးမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးနန်းတင့်နှင့် မြို့နယ်စီမံအဖွဲ့ဝင်များ သွားရောက်စစ်ဆေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးတို့မှ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ရေသဘင်ပွဲတော် ကျင်းပမှုများ MRTV မှ တိုက်ရိုက် Live ထုတ်လွှင့်မည်

နေပြည်တော် ဧပြီ ၁၁

မြန်မာသက္ကရာဇ် ၁၃၈၄ ခုနှစ် မဟာသင်္ကြန် ရေသဘင်ပွဲတော်ကို မြန်မာနိုင်ငံတစ်ဝန်းတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ရာ ၎င်းအနက် မြန်မာနိုင်ငံ၏မြို့တော် နေပြည်တော်တွင်လည်းကောင်း၊ စီးပွားရေးမြို့တော်ဖြစ်သည့် ရန်ကုန်မြို့တွင်လည်းကောင်း၊ ယဉ်ကျေးမှုမြို့တော်ဖြစ်သည့် မန္တလေးမြို့တွင်လည်းကောင်း ကျင်းပမှုများကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ စီစဉ်ရိုက်ကူးပြီး MRTV ရှိ Channel သုံးခုမှ တိုက်ရိုက် Live ထုတ်လွှင့်မည်ဖြစ်သည်။

ထိုကဲ့သို့ ထုတ်လွှင့်မှုကို သင်္ကြန်အကြိုနေ့ ဧပြီ ၁၃ ရက်၊ သင်္ကြန်အကျနေ့ ဧပြီ ၁၄ ရက်၊ သင်္ကြန်အကြတ်နေ့ ဧပြီ ၁၅ ရက်နှင့် သင်္ကြန်အတက်နေ့ ဧပြီ ၁၆ ရက်နေ့တို့တွင် နေ့စဉ် နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီနှင့် မွန်းလွဲ ၃ နာရီမှ ညနေ ၆ နာရီအထိ နေပြည်တော် မြို့တော်ဝန်မဟာသင်္ကြန်မဏ္ဍပ်နှင့် နေပြည်တော်လမ်းလျှောက်သင်္ကြန် ကျင်းပပုံများကို MRTV Farmers' Channel မှလည်းကောင်း၊ ရန်ကုန်မြို့တော်ဝန်မဟာသင်္ကြန်မဏ္ဍပ်နှင့် ပြည်သူ့ရင်ပြင်မှ လမ်းလျှောက်သင်္ကြန် ကျင်းပပုံများကို MRTV Sports Channel မှလည်းကောင်း၊ မန္တလေးမြို့တော်ဝန်မဟာသင်္ကြန်မဏ္ဍပ်နှင့် မင်္ဂလာမန္တလေးမှ လမ်းလျှောက်သင်္ကြန် ကျင်းပပုံများကို MRTV Parliament Channel မှလည်းကောင်း တိုက်ရိုက် Live ထုတ်လွှင့်မည်ဖြစ်သည်။

အဆိုပါ နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးတို့မှ ကျင်းပပုံများအပြင် မြန်မာနိုင်ငံတစ်ဝန်းတွင် သင်္ကြန်အကြိုနေ့မှ သင်္ကြန်အတက်နေ့အထိ မဟာသင်္ကြန်ရေသဘင်ပွဲတော် ပျော်ရွှင်စွာ ဆင်နွှဲကြမည့် မြင်ကွင်းများကို စုစည်း၍ MRTV – HD Channel မှ မွန်းလွဲ ၂ နာရီမှ ၃ နာရီအထိလည်းကောင်း၊ ည ၉ နာရီခွဲခန့်တွင်လည်းကောင်း ထုတ်လွှင့်တင်ဆက်သွားမည်ဖြစ်သည်။

MRTV

# ဓာတ်ခွဲနမူနာစုစုပေါင်း ၂၄၈၀ စစ်ဆေးပြီးစီး၊ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် လေးဦး တွေ့ရှိ

## ကိုဗစ်-၁၉ ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၁၁-၄-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁၀-၄-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၁-၄-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၂,၄၈၀) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၄) ဦး တွေ့ရှိရသဖြင့် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၁၆) ရာခိုင်နှုန်းရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၁၀,၂၁၁,၈၀၁) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာစုစုပေါင်း (၆၃၄,၁၀၅) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူစုစုပေါင်း (၆၁၄,၅၉၆) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၉၀) ဦးရှိပါသည်။

သုတေသနတွေ့ရှိချက်များအရ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံယူရမှုနှင့် သေဆုံးမှုတို့ကို လျှော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံထားခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမိုလျှော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။

ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ရောဂါနှင့်အတူယှဉ်တွဲပြီး (Living with COVID) နေထိုင်ရာတွင် နေထိုင်မှုပုံစံသစ် (New Normal) နည်းလမ်းအား လိုက်နာ၍ နေထိုင်ရမည်ဖြစ်သဖြင့် -

- အသက်(၅)နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကျန်းမာရေးဝန်ကြီးဌာနမှ အခမဲ့ထိုးနှံပေးလျက်ရှိသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ကာကွယ်ဆေးထိုးနှံပြီး (၆)လ ပြည့်ပြီးပါက ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို နီးစပ်ရာကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ မပျက်မကွက်ခံယူကြရန်၊
- အလုံပိတ်အခန်းများ၊ လူထူထပ်သောနေရာများ၊ အများပြည်သူနှင့်သက်ဆိုင်သော နေရာများ၌ရှိနေစဉ် ပါးစပ်နှင့်နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ရန်၊
- အလုံပိတ်အခန်း၌ လူတစ်ဦးထက်ပို၍ ရှိနေစဉ် လေဝင်/လေထွက်ကောင်းမွန်စေရေးအတွက် ဖြစ်နိုင်ပါက ပြတင်းပေါက်များအား ဖွင့်ထားရန်၊
- လက်ကို ဆပ်ပြာ၊ ရေ (သို့မဟုတ်) အယ်လ်ကိုဟော(အနည်းဆုံး ၆၀ ရာခိုင်နှုန်း) ပါဝင်သော လက်သန့်ဆေးရည်ဖြင့် စက္ကန့် (၂၀)ကြာ မကြာခဏ ဆေးကြောရန်၊
- လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရန်၊
- တတ်နိုင်သမျှ လူစုလူဝေးရှောင်ကြဉ်ရန်၊
- ပါးစပ်နှင့်နှာခေါင်းစည်း တပ်ဆင်မထားချိန်၌ ချောင်းဆိုး၊ နှာချေလျှင် တံတောင်ဆစ်ကွေးနှင့် အုပ်၍ ချောင်းဆိုး၊ နှာချေခြင်းစသည့် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန



# ရောဝတီတိုင်းဒေသကြီး လွှတ်တော်ရုံး ခြောက်ခန်းတွဲနှစ်ထပ် ဝန်ထမ်းအိမ်ရာသစ်ဖွင့်ပွဲအခမ်းအနား ကျင်းပ

ပုသိမ် ဧပြီ ၁၁

ဧရာဝတီ တိုင်းဒေသကြီး လွှတ်တော်ရုံး ခြောက်ခန်းတွဲနှစ်ထပ် ဝန်ထမ်းအိမ်ရာသစ် ဖွင့်ပွဲအခမ်းအနားကို ဧပြီ ၅ ရက် နံနက် ၈ နာရီတွင်ပုသိမ်မြို့ တိုင်းဒေသကြီး လွှတ်တော်ရုံးဝင်း အတွင်းရှိ အဆိုပါအိမ်ရာရှေ့၌ ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ အနောက်တောင်တိုင်း စစ်ဌာနချုပ်တိုင်းမှူး၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာ အကြီးအကဲများ တက်ရောက်ကြသည်။

### လှည့်လည်ကြည့်ရှု

အခမ်းအနားတွင် ဧရာဝတီ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကြည်ခိုင်၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးမိုးမင်းနိုင်နှင့် တိုင်းဒေသကြီး လွှတ်တော်ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်ဥမ္မာခင်တို့က ဝန်ထမ်းအိမ်ရာ အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ကမ္ပည်းမော်ကွန်းအား အမွှေးနံ့သာရည်များ ပက်ဖျန်းပေးသည်။

ဆက်လက်၍ အမှတ်တရ မှတ်တမ်းတင်ဓာတ်ပုံများ ရိုက်ကူးပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် အဖွဲ့က ဝန်ထမ်းအိမ်ရာ အဆောက်အအုံသစ်ကို လှည့်လည်ကြည့်ရှုသည်။

ထို့နောက် အခမ်းအနားကို ဆက်လက်ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး တိုင်းဒေသကြီး လွှတ်တော်ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်ဥမ္မာခင်က တိုင်းဒေသကြီး လွှတ်တော် တည်ဆောက်ရေး လုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

### ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဧည့်သည်တော်များကို ဝန်ထမ်းအိမ်ရာ အဆောက်အအုံသစ်ဖွင့်ပွဲ အမှတ်တရလက်ဆောင်များ ပေးအပ်ပြီး ပဥ္စညီနောင်ကုမ္ပဏီအား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်သည်။

ထို့နောက် တိုင်းဒေသကြီး လွှတ်တော်ရုံး သမီးပျိုများက ဧရာဝတီ သကြ်ံန်နတ်သမီးသီချင်းဖြင့် ကပြဖျော်ဖြေရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဂုဏ်ပြုဆုများ ပေးအပ်ခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

# ညအချိန် အိပ်နေချိန်တွင် လျှပ်စစ်မီးများပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ်ချွေတာသင့်ပါသည်

# နိုင်ငံ့အကျိုးပြုစေရေး အရည်အသွေးပြည့်မီသော နည်းပညာရှင်များ မွေးထုတ်ပေး

နေပြည်တော် ဧပြီ ၁၁

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျသည် ဧပြီ ၈ ရက် မွန်းလွဲပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့ရှိ အစိုးရနည်းပညာ အထက်တန်းကျောင်းသို့ ရောက်ရှိပြီး ကျောင်းအုပ်ကြီး ဒေါက်တာဇာနည်ထွန်းက ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက ပြည်သူ့ဗဟိုပြုလုပ်ငန်းများ ဖွံ့ဖြိုးရေးအတွက် အားထားရသည့် ကျွမ်းကျင်ပညာရှင်များ မွေးထုတ်သွားရန်၊ နိုင်ငံ့လူငယ်များကို အလုပ်အကိုင်အခွင့်အလမ်းများ ကောင်းစွာ ဖန်တီးပေးနိုင်စေရေးအတွက် သင်တန်းသားများကို သတ်မှတ်အရည်အသွေးစံနှုန်းများနှင့်အညီ လေ့ကျင့်သင်ကြားပေးနိုင်ရေးမှသည် လက်တွေ့ကျွမ်းကျင်မှုနှင့် အမှန်တကယ်တတ်မြောက်မှု စစ်ဆေးခြင်းများ အလေးထားဆောင်ရွက်ရန်၊ ဒေသတွင်းဖွံ့ဖြိုးရေး အထောက်အကူပြု ကာလတိုသင်တန်းများ ဖွင့်လှစ်ပေးရန် တိုက်တွန်းမှာကြားသည်။ ထို့နောက် ဒုတိယဝန်ကြီးက ဝန်ထမ်းများ၏ တင်ပြမှုများကို ပေါင်းစပ်ဖြည့်ဆည်းပေးပြီး ဌာနများရှိ လက်တွေ့ခန်းနှင့် အလုပ်ရုံများ၊ ဖူဆယ်အားကစားကွင်း တည်ဆောက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် အစိုးရစက်မှုလက်မှုသိပ္ပံ(ကျောက်ဆည်)သို့ ရောက်ရှိပြီး ကျောင်းအုပ်ကြီး ဒေါက်တာမျိုးသူက ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက ပြည်သူ့လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း (MSME)များ အောင်မြင်ဖြစ်ထွန်းအောင် ပံ့ပိုးပေးမည့် အရည်အချင်းရှိသည့် နည်းပညာရှင်များကို မွေးထုတ်ပေးနိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားပြီး စာကြည့်တိုက်၊ အင်ဂျင်နီယာဌာနများရှိလက်တွေ့ခန်းများနှင့် အလုပ်ရုံများ၊ ကျောင်းဝင်းအတွင်း လှည့်လည်စစ်ဆေးကာ လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျသည် နည်းပညာတက္ကသိုလ် (ကျောက်ဆည်)သို့ ရောက်ရှိပြီး ဒုတိယပါမောက္ခချုပ် ဒေါက်တာခင်မောင်ချင်းက ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်တည်ဆောက်ရာတွင် သိပ္ပံနှင့် နည်းပညာကဏ္ဍ ဖွံ့ဖြိုးမှုသည် အခရာကျသဖြင့် အရည်အသွေးပြည့်ဝသည့် နည်းပညာဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်များကို မဟာဗျူဟာစီမံကိန်းနှင့်အညီ စဉ်ဆက်မပြတ် မွေးထုတ်သွားရန်၊ နိုင်ငံတော်ရှိ ရှေ့လုပ်ငန်းစဉ်များ၊ ဦးတည်ချက်များ အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သည့် အင်ဂျင်နီယာပညာရှင်များကို ပျိုးထောင်ပေးသွားရန်၊ ခေတ်မီသင်ကြားသင်ယူမှုနည်းစနစ်များကို ထိရောက်စွာအသုံးပြုရန်၊ နိုင်ငံ့အကျိုးပြုသုတေသနများဖြင့် ရှင်သန်သက်ဝင်နေသော တက္ကသိုလ်ဖြစ်စေရေး အလေးအနက်ဆောင်ရွက်သွားရန် တိုက်တွန်းမှာကြားသည်။ ထို့နောက် ဒုတိယဝန်ကြီးသည် ဌာနများရှိ လက်တွေ့ခန်းများနှင့် ကျောင်းဝင်းအတွင်း လှည့်လည်စစ်ဆေးကာ **(အောက်ပုံ)** လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်



# တရုတ်နိုင်ငံ မြို့တော်ပေကျင်းအပါအဝင် အခြားသောနေရာများ၌ လေပြင်းတိုက်ခတ်မှုကြောင့် အဝါရောင်သဲများ ပျံ့နှံ့

**ပေကျင်း မေ ၁၁**

တရုတ်နိုင်ငံ မြို့တော်ပေကျင်းအပါအဝင် အခြားသောနေရာများ၌ ယမန်နေ့က လေပြင်းတိုက်ခတ်မှုကြောင့် အဝါရောင်သဲများ ပျံ့နှံ့လျက်ရှိပြီး လေထုညစ်ညမ်းမှုအန္တရာယ်အဆင့်သို့ ရောက်ရှိခဲ့ကြောင်း သိရသည်။

လေပြင်းတိုက်ခတ်မှုကြောင့် ကုန်းတွင်းပိုင်းဒေသများနှင့် မွန်ဂိုလီးယားကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှ အဝါရောင်သဲများသည် တရုတ်နိုင်ငံမြောက်ပိုင်းနှင့် အခြားဒေသများသို့ ပျံ့နှံ့လွင့်ပျံတက်ခဲ့ကြောင်း တရုတ်မိုးလေဝသတာဝန်ရှိသူများက ပြောကြားသည်။

မြို့တော်ပေကျင်းရှိ လေထုအတွင်း၌ အဝါရောင်ဖုန်မှုန့်များ ဖုံးလွှမ်းနေပြီး လေထုအရည်အသွေးသည် မေ ၁၁ ရက် တိုင်းတာချက်အရ တရုတ်နိုင်ငံမှ သတ်မှတ်ထားသည့် အဆင့်ခြောက်ဆင့်စကေးတွင် အဆိုးဆုံးအဆင့်သို့ ရောက်ရှိခဲ့သည်။

အဝါရောင်သဲများ ပျံ့နှံ့လျက်ရှိသည့်အတွက် ပြည်သူများက နှာခေါင်းစည်းများဝတ်ဆင်ထားပြီး ကားများပေါ်တွင်လည်း ဖုန်မှုန့်များ တင်ကျန်ရစ်နေကြောင်း သိရသည်။

တရုတ်နိုင်ငံမြောက်ပိုင်းနှင့် မွန်ဂိုလီးယားဒေသများတွင် မိုးအနည်းငယ်ရွာသွန်းမှုနှင့် ရာသီအလိုက် လေပြင်းတိုက်ခတ်မှုများကြောင့် သဲမုန်တိုင်းများ တိုက်ခတ်ခြင်းဖြစ်ကြောင်း သိရသည်။

မေ ၁၂ ရက်တွင်လည်း နိုင်ငံ၏မြောက်ပိုင်းနှင့် အရှေ့ပိုင်းဒေသများတွင် အဝါရောင်သဲများ ပျံ့လွင့်မှုကို တွေ့မြင်ရဖွယ်ရှိကြောင်း မိုးလေဝသတာဝန်ရှိသူများကဆိုသည်။ နေအိမ်ပြင်ပသို့သွားမည်ဆိုပါက နှာခေါင်းစည်းများ ဝတ်ဆင်သွားသင့်ကြောင်းနှင့် ကားမောင်းသူများအနေဖြင့်လည်း သတိထားမောင်းနှင်ကြရန် လိုအပ်ကြောင်း ၎င်းတို့က ပြည်သူများအား သတိပေးပြောကြားသည်။ **ကိုးကား – အင်န်အိတ်ချ်ကေ**

**ဘာသာပြန်– အောင်ကျော်ကျော်**





# ထိုင်းနိုင်ငံက တရုတ်ခရီးသွားများလာရောက်ရေး ဆွဲဆောင်သွားမည်

**ဗန်ကောက် မေ ၁၁**

ထိုင်းနိုင်ငံ၏ ဆုန်ခရန်နှစ်သစ်ကူးပွဲတော်အတွင်း တရုတ်ခရီးသွားများ အများအပြားဝင်ရောက်လာစေရန် ဆွဲဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။ မတ်လအတွင်း တရုတ်ခရီးသွား ၂၆၉၇၄၅ ဦး လာရောက်လည်ပတ်ခဲ့ကာ ဧပြီလအတွင်း တစ်ရက်လျှင် ၈၀၀၀ ထက်မနည်း ဝင်ရောက်ခဲ့ကြောင်း သိရသည်။ နိုင်ငံအတွင်းတရုတ်ခရီးသွားဝင်ရောက်မှုမြင့်တက်လာခြင်းကြောင့် ယခုနှစ်အတွင်း တရုတ်ခရီးသွား ကိုးသန်းအထိလာရောက်ရေး ရည်မှန်းချက်ထားရှိဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထိုင်းနိုင်ငံခရီးသွားလုပ်ငန်းအာဏာပိုင်အဖွဲ့က ပြောကြားသည်။

ဧပြီ ၁၃ ရက်မှ ၁၅ ရက်အထိ ကျင်းပမည့် ဆုန်ခရန် နှစ်သစ်ကူးပွဲတော်ရက်များအတွင်း နိုင်ငံတကာခရီးသည် သုံးသိန်းခန့်ဝင်ရောက်နိုင်ပြီး ဝင်ငွေ ဘတ် ၁၈ ဒသမ ၅ ဘီလီယံရရှိနိုင်ကြောင်း ထိုင်းနိုင်ငံခရီးသွား လုပ်ငန်းအာဏာပိုင်အဖွဲ့တာဝန်ရှိသူ Chattan Kunjara Na Ayudhya က ပြောကြားသည်။ တရုတ်ခရီးသွားများကို ထိုင်းနိုင်ငံမှ အရည်အသွေးကောင်းသော တန်ဖိုးမြင့်ထုတ်ကုန်များ ရောင်းချသွားမည်ဖြစ်ပြီး တရုတ်နှင့်ထိုင်းနိုင်ငံတို့အကြား လေကြောင်းခရီးစဉ်များကိုလည်း တိုးချဲ့ပြေးဆွဲသွားမည်ဟု ၎င်းက ပြောကြားသည်။

ထိုင်းနိုင်ငံအတွင်းရှိ ခရီးသွားများ အများအပြားလာရောက်လေ့ရှိသည့် ချင်းမိုင်နှင့် ကော့စမူတို့တွင် ခရီးသွားများအတွက် လိုအပ်သည့်သတင်းအချက်အလက်များသိရှိနိုင်ရန် တရုတ်၊ ထိုင်းနှင့် အင်္ဂလိပ်ဘာသာစကားများဖြင့် ရေးသားထားသည့် ခရီးသွားလမ်းညွှန်စာအုပ်များကို ထားရှိသွားမည်ဟု သိရသည်။ **ကိုးကား–ဆင်ဟွာ၊ ဘာသာပြန်–စိုးသူရ**

# အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင် ၂၀၂၄ ခုနှစ် သမ္မတ ရွေးကောက်ပွဲတွင် ပြန်လည်အရွေးခံမည်

**ဝါရှင်တန် မေ ၁၁**

အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်သည် ၂၀၂၄ ခုနှစ်တွင် ကျင်းပမည့် သမ္မတရွေးကောက်ပွဲတွင်ပြန်လည်အရွေးခံရန် စီစဉ်ထားကြောင်း ယမန်နေ့က ပြောကြားခဲ့သည်။

လာမည့် ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း ဂျိုးဘိုင်ဒင်က အင်တာဗျူးတစ်ခုတွင် ပြောကြားခဲ့သည်။

သို့သော် တရားဝင်ကြေညာရန် အဆင်သင့် မဖြစ်သေးကြောင်း ဂျိုးဘိုင်ဒင်က ဆိုသည်။

အသက် ၈၀ အရွယ် ဂျိုးဘိုင်ဒင်သည် သမ္မတသက်တမ်း ဒုတိယသက်တမ်းအတွက် ရွေးကောက်ခံရရန် ရည်ရွယ်ထားကြောင်း ပြောကြားခဲ့သော်လည်း မည်သည့်အချိန်တွင် တရားဝင်ကြေညာမည်ကို မသိရသေးပေ။

၂၀၂၀ ပြည့်နှစ်ရွေးကောက်ပွဲတွင် ဘိုင်ဒင်ကို ရှုံးနိမ့်ခဲ့သည့် ရီပတ်ဘလီကန်သမ္မတဟောင်း ဒေါ်နယ်ထရမ့်သည် ၂၀၂၄ ခုနှစ် သမ္မတ ရွေးကောက်ပွဲတွင် ဝင်ရောက် ယှဉ်သွားမည်ဖြစ်ကြောင်း နိုဝင်ဘာလတွင် တရားဝင်ကြေညာခဲ့သည်။

**ကိုးကား– ဆင်ဟွာ**

**ဘာသာပြန် – အောင်ကျော်ကျော်**



# ကမ္ဘောဒီးယားနိုင်ငံ၌ ယခုနှစ်ပထမသုံးလပတ်အတွင်းရင်းနှီးမြှုပ်နှံမှုတန်ဖိုး အမေရိကန်ဒေါ်လာ ၂၉၄ သန်းရှိ

**ဖနောင်ပင် မေ ၁၁**

ကမ္ဘောဒီးယားနိုင်ငံသည် ယခုနှစ် ပထမသုံးလပတ်တွင်အမေရိကန်ဒေါ်လာ ၂၉၄ သန်း တန်ဖိုးရှိ ရင်းနှီးမြှုပ်နှံမှုစီမံကိန်း ၃၉ ခုကို ဆောင်ရွက်ခဲ့ပြီး အလုပ်အကိုင်သစ်ပေါင်း ၄၇၀၀၀ ခန့်ကို ဖန်တီးပေးခဲ့ကြောင်း ကမ္ဘောဒီးယား ဖွံ့ဖြိုးတိုးတက်ရေးကောင်စီ၏ အစီရင်ခံစာအရ သိရသည်။

ယခုနှစ် ဇန်နဝါရီလမှ မတ်လအတွင်းတွင် တရုတ်နိုင်ငံမှရင်းနှီးမြှုပ်နှံမှုသည် အများဆုံးဖြစ်ပြီး ကမ္ဘောဒီးယားနိုင်ငံ ရင်းနှီးမြှုပ်နှံမှုစုစုပေါင်း၏ ၇၀ ရာခိုင်နှုန်း (ဒေါ်လာ ၂၀၁ သန်း) နီးပါးရှိကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။ အခြားရင်းနှီးမြှုပ်နှံသည့် နိုင်ငံများမှာ ဆေးရှယ်လ်၊ ဆာမိုအာ၊ တောင်ကိုရီးယား၊ စင်ကာပူနှင့် ဆွီဒင်နိုင်ငံများမှဖြစ်ကြောင်း သိရသည်။

ယခုဆောင်ရွက်သည့် ရင်းနှီးမြှုပ်နှံမှုစီမံကိန်း ၃၈ ခုသည် စက်မှုကဏ္ဍသို့ဖြစ်ပြီး အခြားစီမံကိန်းတစ်ခုသည် ခရီးသွားကဏ္ဍ၌ ရင်းနှီးမြှုပ်နှံခြင်းဖြစ်သည်ဟု အစီရင်ခံစာ၌ ဖော်ပြထားသည်။ ဒေသတွင်း ပြီးပြည့်စုံသည့်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု သဘောတူညီချက်၊ ကမ္ဘောဒီးယား–တရုတ် လွတ်လပ်သော ကုန်သွယ်မှုဆိုင်ရာ သဘောတူညီချက်နှင့် ကမ္ဘောဒီးယား၏ ရင်းနှီးမြှုပ်နှံမှုဥပဒေတို့သည် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများကို ဆွဲဆောင်နိုင်သည့် အဓိကအရာများဖြစ်ကြောင်း ကမ္ဘောဒီးယား စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ပန်ဆိုဗီချက်က ပြောကြားခဲ့သည်။

ရင်းနှီးမြှုပ်နှံမှုအသစ်များသည် အရင်းအနှီးအသစ်များ၊ နည်းပညာများနှင့် အလုပ်အကိုင်အခွင့်အလမ်းများကို ဆောင်ကြဉ်းပေးမည်ဟု ကမ္ဘောဒီးယား ကုန်သည်ကြီးများအသင်း ဒုတိယဥက္ကဋ္ဌ Lim Heng က ပြောကြားခဲ့သည်။ "ကပ်ရောဂါလွန်ကာလတွင် ကမ္ဘောဒီးယား၏ စီးပွားရေးနှင့် ကုန်သွယ်ရေးတိုးတက်မှုကို တွန်းအားပေးရန်အတွက် တရုတ်နိုင်ငံမှ ရင်းနှီးမြှုပ်နှံမှုသည် အရေးကြီးကြောင်း" ၎င်းက ပြောကြားခဲ့သည်။ **ကိုးကား–ဆင်ဟွာ၊ ဘာသာပြန်–စိုးသူရ**

# ဂျပန်နိုင်ငံ မြို့တော်တိုကျို၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၄၉၀ စစ်ဆေးတွေ့ရှိ

**တိုကျို မေ ၁၁**

ဂျပန်နိုင်ငံမြို့တော်တိုကျို၌ တစ်ရက်အတွင်း ကိုဗစ်–၁၉ ရောဂါကူးစက်ခံရသူ ၁၄၉၀ စစ်ဆေးတွေ့ရှိရကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ဆိုသည်။

အဆိုပါကူးစက်ခံရသူအရေအတွက်သည် ပြီးခဲ့သည့်ရက်သတ္တပတ်တွင် တွေ့ရှိသည့်အရေအတွက်ထက် ၁၃၃ ဦးပိုမိုများပြားကြောင်း သိရသည်။ ကိုဗစ်–၁၉ ရောဂါကူးစက်ခံရသူအရေအတွက်သည် ၁၁ ရက်ဆက်တိုက် မြင့်တက်လာကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောသည်။

လက်ရှိတွင် ရောဂါပြင်းထန်စွာ ခံစားနေရသည့်အတွက် အသက်ရှူကိရိယာများ တပ်ဆင်ထားသူ သုံးဦးရှိကြောင်း သိရသည်။ အလားတူ တိုကျိုမြို့တော်၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ရောဂါကူးစက်မှုကြောင့် နှစ်ဦး သေဆုံးခဲ့ကြောင်း သိရသည်။ လွန်ခဲ့သော ၂၄ နာရီအတွင်း နိုင်ငံတစ်ဝန်း၌ ကိုဗစ်– ၁၉ ရောဂါကူးစက်ခံရသူ ၉၉၄၀ ရှိပြီး သေဆုံးသူ ၂၂ ဦးရှိကြောင်း သိရသည်။ **ကိုးကား – အင်န်အိတ်ချ်ကေ၊ ဘာသာပြန်– အောင်ကျော်ကျော်**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# တရားမဝင် သစ်မျိုးစုံ၊ စားသောက်ကုန်ပစ္စည်းများ၊ စက်မှုကုန်ကြမ်းပစ္စည်းများ၊ ရေနံထွက်ပစ္စည်းများနှင့် မော်တော်ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် မေ ၁၁

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာတွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် မွန်ပြည်နယ် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မေ ၈ ရက်တွင် မြဝတီမြို့မှ ရန်ကုန်မြို့သို့ ထွက်ခွာလာသော ယာဉ်တစ်စီးပေါ်မှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသော အထည်အလိပ်များ ကီလိုဂရမ် ၂၀၀၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၀၆၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်သော Hino 500-Series Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၀၀၀၀၀၀) ကိုလည်းကောင်း၊ မေ ၉ ရက်တွင် မော်လမြိုင်မြို့မှ ရန်ကုန်မြို့သို့ ထွက်ခွာလာသော ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း တစ်စုံတစ်ရာတင်ပြနိုင်ခြင်းမရှိသည့် Lipovitan-D ဖာ ၂၃၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၄၅၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်သော Higer Express Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၀၀၀၀၀၀) ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၉၄၅၁၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့် အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



စစ်ကိုင်းတိုင်းဒေသကြီး မန္တလေး-မုံရွာကားလမ်းပေါ်၌ သိမ်းဆည်းရမိသည့် ရေနံစိမ်းများကို တွေ့ရစဉ်။

အလားတူ စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မေ ၈ ရက်တွင် မန္တလေး-မုံရွာ ကားလမ်းမပေါ်၌ တရားဝင်စာရွက်စာတမ်း တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် ရေနံစိမ်း ဂါလန် ၁၃၀၀၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၄၀၀၀၀၀၀) နှင့် ကနီမြို့ ရေယာဉ်ဆိပ်ကမ်း၌ တရားဝင်စာရွက်စာတမ်း တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် ဒီဇယ် (ချက်ဆီ) ဂါလန် ၆၀၀၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၆၀၇၀၀၀၀) တို့ကို ရေနံနှင့် ရေနံထွက်ပစ္စည်းများဆိုင်ရာ ဥပဒေအရ လည်းကောင်း၊ မေ ၁၀ ရက်တွင် စစ်ကိုင်းမြို့နယ် မင်းကွန်းကျေးရွာအတွင်း၌ တရားဝင်စာရွက်စာတမ်း တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် သစ်မျိုးစုံ သုည ဒသမ ၄၉၈ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၂၇၆၅၀) ကို သစ်တောဥပဒေအရ လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၀၃၉၇၆၅၀ ကို သိမ်းဆည်းအရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မေ ၁၀ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ခရိုင်နှင့်မြို့နယ်သစ်တောဦးစီးဌာနအလိုက် ဦးဆောင်သော ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ပဲခူးခရိုင်၊ တောင်ငူခရိုင်နှင့် သာယာဝတီခရိုင်များအတွင်း တရားမဝင် ကျွန်းသစ် ၁၆ ဒသမ ၇၂၈ တန်၊ သစ်မာ ၁ ဒသမ ၉၆၇ တန်နှင့် အခြားသစ်မျိုးစုံ ၂ ဒသမ ၂၆၃ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၃၀၅၆၄၆) ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



စစ်ကိုင်းတိုင်းဒေသကြီး ကနီမြို့ ရေယာဉ်ဆိပ်ကမ်း၌ သိမ်းဆည်းရမိသည့် ရေနံနှင့် ရေနံထွက်ပစ္စည်းများကို တွေ့ရစဉ်။

သို့ဖြစ်ပါ၍ မေ ၈ ရက်၊ ၉ ရက်နှင့် ၁၀ ရက်တို့တွင် သိမ်းဆည်းရမိမှု စုစုပေါင်းမှာ အမှုတွဲ ကိုးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၆၂၂၁၃၂၉၆) ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၂-၄-၂၀၂၃ ဗုဒ္ဓဟူးနေ့

### MRTV HD

| | |
|---|---|
| ၀၆:၀၀ | နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်နှင့်အဖွဲ့၏ မေတ္တသုတ်၊ ရတနသုတ်၊ မောရှုဂ်သုတ်၊ အန္တရာယ်ကင်းပရိတ်တရားတော် |
| ၀၇:၀၀ | နံနက်ခင်းသတင်း |
| ၀၈:၃၅ | နဝဂ်ဥပေါသထသီလခံယူဆောက်တည်ခြင်း |
| ၀၉:၂၀ | ဒါသကြိန်အဆိုအကများ |
| ၁၀:၀၀ | သတင်းထဲကသတင်း |
| ၁၀:၃၀ | 'ကူညီအားဖြည့် အပြုံးတွေအသစ်' |
| ၁၁:၁၅ | ရှုပွယ်စုံလင်အာဆီယံအစီအစဉ် |
| ၁၂:၃၀ | စုဒ္ဒသမတိပိဋကဓရ တိပိဋကကောဝိဒ တိပိဋက (ကမ္ဘောဇဆရာတော်)ဘဒ္ဒန္တဝိရိယာနန္ဒ ဟောကြားသော 'ဘဝမြင့်သွားရခြင်းတရားတော်' |
| ၁၃:၃၀ | MRTV National News |
| ၁၄:၀၀ | နိုင်ငံခြားဇာတ်လမ်းတွဲ 'ချစ်ပန်းရနံ့လွင့်ပျံ့အမှန်း' (အပိုင်း-၈၉) |
| ၁၄:၃၀ | နိုင်ငံခြားဇာတ်လမ်းတွဲ 'ယုံကြည်ရာလမ်း' (အပိုင်း-၂၆) |
| ၁၅:၃၀ | 'Weekly Soccer Preview' |
| ၁၆:၃၅ | ဒါသကြိန်အဆိုအကများ |
| ၁၇:၁၀ | 'ပျော်ရွှင်စွာဆင်နွဲမြန်မာတို့ရဲ့အတာသကြိန်ပွဲ' |
| ၁၇:၃၀ | ဒါသကြိန်အဆိုအကများ |
| ၁၈:၀၀ | ပြည်တွင်းသတင်း |
| ၁၈:၃၅ | ဒါသကြိန်အဆိုအကများ |
| ၁၉:၁၅ | နိုင်ငံခြားဇာတ်လမ်းတွဲ 'ချစ်ပန်းရနံ့လွင့်ပျံ့အမှန်း' (အပိုင်း-၉၂) |
| ၂၀:၀၀ | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ |
| ၂၁:၀၀ | ဒါသကြိန်အဆိုအကများ |
| ၂၁:၂၀ | ဆေးရောင်စုံရုပ်ရှင် 'သကြိန်မိုး' (နေအောင်၊ဇင်ဝိုင်း၊ဇော်ဝမ်း၊ခင်သန်းနု၊ မေသန်းနု၊သီတာသိမ့်) (ဒါရိုက်တာ-မောင်တင်ဦး) |

### mitv

| | |
|---|---|
| 07:01 | Evergreen Classic: Zambudipar (Shwe Yee Win) |
| 07:09 | Dances of Myanmar: Pre Kayaw Traditional Dance |
| 07:14 | Myanmar Traditional Bullock-Cart & Equestrian Racing |
| 07:25 | Discovering Tribes "Rvwang" Their Life and Customs (Part-25) |
| 07:45 | Water Festival Yadanabon Era |
| 08:01 | News |
| 08:28 | Ecotourism: Shameka Taw Ya Monastery and Dolphin Community Lodge |
| 08:37 | Nga Laik Sakhanthar Elephant Camp |
| 08:52 | Thingyan Songs & Dances |
| 09:01 | Myanmar Marionette |
| 09:29 | The Bamboo Hat |
| 09:38 | Gardener of Royal Thazin Floral |
| 10:01 | News |
| 10:26 | Topical Topics |

### MRTV NRC

**ချင်း (ချိုး) (၀၆:၀၀ မှ ၀၇:၀၀)**
ချင်းပြည်နယ်၏အလှအပများ

**မွန် (၀၇:၀၀ မှ ၀၉:၀၀)**
ဆံတော်ရှင်ကျိုက်ထီးရိုး

**ရခိုင် (၀၉:၀၀ မှ ၁၁:၀၀)**
မြန်မာပြည်တစ်လွှားလျှာထိအာထိရခိုင်ဟင်းလျာများ

**ရှမ်း (၁၁:၀၀ မှ ၁၃:၀၀)**
မောက်မယ်မြို့လေးတစ်နေရာကပန်းတမော့လက်မှုပညာ

**ဝ (၁၃:၀၀ မှ ၁၅:၀၀)**
တောင်ပေါ်မြို့ကပြာရည်ထုပ်

**ကချင် (၁၅:၀၀ မှ ၁၇:၀၀)**
ဗိုင်ဝါးဘာသာစကားပြောကြမယ်

**ကယား (၁၇:၀၀ မှ ၁၉:၀၀)**
ကယားမျိုးနွယ်စုတို့ရဲ့ဝတ်စားဆင်ယင်မှု

**ပအိုဝ်းကရင် (၁၉:၀၀ မှ ၂၀:၀၀)**
စွန့်ပစ်ငှက်ပျောမှလူသုံးကုန်လက်မှုပညာဆီသို့

**အနောက်ပိုးကရင် (၁၉:၀၀ မှ ၂၀:၀၀)**
မြူးကြွတေးသံ့ဂျုယ သကြိန် (အပိုင်း-၂)

**အရှေ့ပိုးကရင် (၂၀:၀၀ မှ ၂၁:၀၀)**
ကရင်ဒီဖိုင်နာဟီဟီနှင့်တွေ့ဆုံမေးမြန်းခြင်း

**ချင်း (လိုင်းဇိုး) (၂၁:၀၀ မှ ၂၂:၀၀)**
မိုင်ပေါလ်ဝက်သားမီးဖုတ်

### MRTV NEWS

| | |
|---|---|
| ၀၆:၀၀ | အဖွင့်၊တေးသီချင်း |
| ၀၆:၄၀ | အားကစားသတင်း |
| ၀၈:၃၀ | နိုင်ငံတကာသတင်း (LIVE) |
| ၀၈:၄၅ | ပျော်ရွှင်စွာဆင်နွဲမြန်မာတို့ရဲ့အတာသကြိန်ပွဲ |
| ၀၉:၀၀ | ပြည်တွင်းသတင်း (LIVE) |
| ၁၁:၀၀ | ပြည်တွင်းသတင်း (LIVE) |
| ၁၂:၃၀ | နိုင်ငံတကာသတင်း (LIVE) |
| ၁၄:၀၀ | MRTV National News |
| ၁၅:၀၀ | ပြည်တွင်းသတင်း(LIVE) |
| ၁၆:၀၀ | သတင်းမှန်ကဏ္ဍ(LIVE) |
| ၁၇:၃၀ | နိုင်ငံတကာသတင်း(LIVE) |
| ၁၉:၀၀ | ပြည်တွင်းသတင်း(LIVE) |
| ၂၀:၀၀ | ပြည်တွင်းသတင်း(LIVE) |
| ၂၀:၃၀ | နိုင်ငံတကာသတင်း(LIVE) |
| ၂၁:၀၀ | ပြည်တွင်းသတင်း(LIVE) |

### MRTV PARLIAMENT

| | |
|---|---|
| ၀၉:၀၀ | အဖွင့်၊အလံ |
| ၀၉:၃၀ | ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'အုပ်ထိန်းခွင့်ဆိုင်ရာဥပဒေ' |
| ၁၀:၀၀ | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ |
| ၁၀:၃၀ | ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာ ဆွေးနွေးခန်း (အပိုင်း-၇) |
| ၁၁:၀၀ | တရားရုံးကဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးစနစ် |
| ၁၁:၃၀ | အတွေးအမြင် (အပိုင်း-၇) |

### MRTV FARMERS

| | |
|---|---|
| ၀၆:၀၀ | အဖွင့်၊နိုင်ငံတော်သီချင်း၊နှုတ်ခွန်းဆက် |
| ၀၆:၀၂ | တောင်သူလယ်သမားရေးရာသတင်း |
| ၀၆:၄၀ | လယ်ယာထွက်စွန့်ပစ်ပစ္စည်းများမှ အဏုဇီဝမြေဆွေးပုံများပြုလုပ်ခြင်းသုတေသန |
| ၀၇:၀၀ | ဆွေးနွေးကြမယ်စိုက်ပျိုးမွေးမြူနည်းအသွယ်သွယ် |
| ၀၇:၄၅ | စိမ်းနိုဝါဖြူလယ်ကွင်းဆီမှာပူးငုံဝါပွင့် ပန်းတင်သည့်သာစည်မြေ |
| ၀၈:၂၀ | 'ခေတ်မီစီအရည်အသွေးကောင်းရောင်းပန်းလှ' |
| ၀၈:၅၀ | တိုက်ကြီးဒေသဆင်းသုခအလှ |
| ၀၉:၂၀ | မကွေးမြေတစ်ခွင်ရှင်သန်လျက်ရှိသော နှမ်းမျိုးများ၏ဒိုင်ယာရီ |
| ၀၉:၄၅ | ယာဗက်မှာနည်းပညာဘယ်ဖက်မှာစာရင်းဖယား သေချာတဲ့မီသားစုလယ်ယာစီးပွား |

### MRTV SPORTS

| | |
|---|---|
| ၀၆:၀၀ | အဖွင့် |
| ၀၆:၃၀ | အခြေခံအားကစားနည်းစနစ်များ |
| ၀၇:၀၀ | Sports News |
| ၀၇:၃၀ | Soccer View/ Weekly Sports Info/ Sports Diary/Weekly MNL Review/ Weekly Soccer Preview |
| ၀၇:၄၅ | အားကစားလောကထဲက သူတို့အကြောင်း |
| ၀၈:၀၀ | ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ |
| ၂၀:၀၀ | ပြည်တွင်းသတင်း |

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း (၂၄)နာရီ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

# စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် ပဇီကြီးကျေးရွာအနီးရှိ PDF အမည်ခံ အကြမ်းဖက်အဖွဲ့များ၏ အကြမ်းဖက် NUG ရုံးအား တိုက်ခိုက်ချေမှုန်း

နေပြည်တော် မေ ၁၁

NUG လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများသည် ကန့်ဘလူမြို့နယ် ပဇီကြီးကျေးရွာအနီးတွင် အခြေခံစခန်းတည်ဆောက်၍ စစ်ကိုင်းတိုင်းဒေသကြီးနေရာအနှံ့ရှိ အပြစ်မဲ့ပြည်သူများကို ဥပဒေမဲ့နှိပ်စက်သတ်ဖြတ်ခြင်း၊ နိုင်ငံ့ဝန်ထမ်းများအား နှိပ်စက်သတ်ဖြတ်ခြင်း၊ ဆေးရုံ၊ ဆေးခန်းများအားပစ်ခတ်တိုက်ခိုက်ခြင်း၊စာသင်ကျောင်းများအား Drop Bomb ချခြင်း၊ ဗုံးခွဲတိုက်ခိုက်ခြင်း၊ ဘုန်းကြီးကျောင်းများအား ဗုံးခွဲတိုက်ခိုက်ခြင်း၊ ၎င်းတို့အားမထောက်ခံသည့် သာသနာ့နွယ်ဝင် ရဟန်းသံဃာများ၊ သီလရှင်များအား ရက်စက်စွာသတ်ဖြတ်ခြင်းများ ပြုလုပ်ခဲ့ရာ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ ၂၀၂၃ ခုနှစ် မတ် ၃၁ ရက်အထိ အပြစ်မဲ့ပြည်သူ ၁၅၉၃ ဦး၊ အုပ်ချုပ်ရေးမှူး ၈၂ ဦး၊ ကျောင်းဆရာ ဆရာမ ၂၆ ဦး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင် ၁၉၈ ဦး၊ ကျန်းမာရေးဝန်ထမ်းခုနစ်ဦးနှင့် အခြားဝန်ထမ်း ၅၄ ဦး၊ ရဟန်းသံဃာ ၂၈ ပါး သေဆုံးခဲ့ရသည်။ ထို့ပြင် စာသင်ကျောင်း ၁၂၄ ကျောင်း၊ ဆေးရုံ ငါးရုံ၊ ရုံးဌာန အဆောက်အအုံ ၁၉၀၊ ဘုန်းကြီးကျောင်း ၂၀ နှင့် လူနေအဆောက်အအုံ ၂၆၄ လုံး ဖျက်ဆီးခံခဲ့ရသည်။

PDF အမည်ခံ အကြမ်းဖက်သမားများအနေဖြင့် အကြမ်းဖက်မှုလုပ်ရပ်များကို လက်ရဲဇက်ရဲဖြင့် ဥပဒေမဲ့၊ စည်းမဲ့ကမ်းမဲ့ အတင့်ရဲစွာ လုပ်ဆောင်လာပြီး ဒေသခံပြည်သူများအပေါ် အကြောက်တရားဖြင့် ဖိနှိပ်မှုများပြုလုပ်လာခဲ့ကာ မတ် ၃၀ ရက်တွင် ကန့်ဘလူမြို့နယ် ပေါက်ကုန်းကျေးရွာ၌ အပြစ်မဲ့ပြည်သူ ကိုးဦးကို အကြောင်းမဲ့ ပစ်ခတ်သတ်ဖြတ်၍ လူနေအိမ် ၆၂ လုံးအား မီးရှို့ဖျက်ဆီးခဲ့ပြီး အောင်ပွဲခံမှုများ ပြုလုပ်ခဲ့သည်။ ၎င်းအကြမ်းဖက်သမားများအနေဖြင့် ကန့်ဘလူမြို့နယ် ပဇီကြီးကျေးရွာအနီးတွင် ၎င်းတို့၏ အကြမ်းဖက်ဌာနချုပ် NUG ရုံးအဖြစ် တည်ဆောက်၍ ဧပြီ ၁၁ ရက်တွင် ဖွင့်ပွဲပြုလုပ်ရန်ရှိကြောင်း အကြမ်းဖက်မှုကို ရွံမုန်းနေသည့် ဒေသခံပြည်သူအချို့က အချိန်နှင့်နေရာအား တိကျစွာ သတင်းပေးပို့လာခဲ့သည်။

သတင်းပေးပို့ချက်အရ ကျေးရွာနှင့် အကွာအဝေးကို တွက်ချက်ကာ အပြစ်မဲ့ပြည်သူများ မထိခိုက်စေရေး တပ်မတော်အနေဖြင့် လေကြောင်းမှ အကန့်အသတ်ဖြင့် တိုက်ခိုက်ချေမှုန်းမှုများ ဆောင်ရွက်ခဲ့ရာ PDF ခေါင်းဆောင် သန့်ဇင်နှင့် အကြမ်းဖက်အဖွဲ့ဝင်များ သေဆုံးခဲ့ကြောင်း သိရှိရသည်။ လေကြောင်းတိုက်ခိုက်မှု ဖြစ်စဉ်တွင် ၎င်းတို့အဆောက်အအုံဖွင့်ပွဲအခမ်းအနား၌ ခင်းကျင်းပြသထားသည့် အကြမ်းဖက်လုပ်ရပ်များ ဆောင်ရွက်ရာတွင် အသုံးပြုမည့် လက်နက်/ခဲယမ်းများ ထပ်မံပေါက်ကွဲမှုကြောင့် ပြင်းထန်စွာပေါက်ကွဲမှုကြီးများ ဖြစ်ပေါ်ခဲ့ပြီး လူသေဆုံးမှုများ ပိုမိုများပြားခဲ့ကြောင်း သိရသည်။

PDF အမည်ခံအကြမ်းဖက်သမားများအနေဖြင့် အကြမ်းဖက်လုပ်ရပ်များ ဆောင်ရွက်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ထိတွေ့တိုက်ပွဲဖြစ်ချိန်တွင် ဒေသခံ ကျေးရွာသူ ကျေးရွာသားများအား လူသားတံတိုင်းသဖွယ် အကာအကွယ်ရယူခြင်း၊ ဓားစာခံအဖြစ်အသုံးချခြင်းများ ပြုလုပ်လေ့ရှိပြီး ၎င်းတို့၏ လှုပ်ရှားမှုများတွင်လည်း ကျေးရွာမိသားစုများကို အတင်းအဓမ္မ ပူးပေါင်းပါဝင်ဆောင်ရွက်မှုများ ပြုလုပ်လေ့ရှိကာ ရွာသားများ ထိခိုက်သေဆုံးမှုရှိပါက တပ်မတော်အပေါ် မီဒီယာအရ ဝါဒဖြန့်မှုများဖြင့် ဂုဏ်သိက္ခာကျဆင်းအောင် လုပ်ဆောင်လျက်ရှိသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် နယ်မြေတည်ငြိမ်ရေးနှင့် ငြိမ်းချမ်းရေးတို့အတွက် လိုအပ်သည့် သောင်းကျန်းသူချေမှုန်းရေးစစ်ဆင်ရေးများအား ဂျီနီဗာကွန်ဗန်းရှင်း(၄)ရပ်ကို အခြေခံသောလက်နက်ကိုင်ပဋိပက္ခဆိုင်ရာဥပဒေ (Law of Armed Conflict)ပြဋ္ဌာန်းချက်များနှင့်အညီ ထုတ်ပြန်ထားရှိသည့် ထိတွေ့တိုက်ခိုက်မှုဆိုင်ရာစည်းမျဉ်း (Rules of Engagement-ROE)အတိုင်း ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

## ပန်ကန်ကျေးရွာ၌ ဘက်စုံသုံးခန်းမဆောင် တည်ဆောက်ခြင်းလုပ်ငန်း ရာနှုန်းပြည့်ပြီးစီးမှု စစ်ဆေး

လွိုင်လင် မေ ၁၁

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ဖြင့် နောင်လိုင်ကျေးရွာအုပ်စု ပန်ကန်ကျေးရွာ၌ ဘက်စုံသုံးခန်းမတည်ဆောက်ခြင်းလုပ်ငန်း ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ယမန်နေ့နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် လွိုင်လင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်တင်မင်းထိုက်၊ စီမံကိန်းတာဝန်ခံနှင့် အင်ဂျင်နီယာ ဝန်ထမ်းများသည် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းကော်မတီဝင်များနှင့်အတူ ပန်ကန်ကျေးရွာ၌ အလျား ပေ ၆၀၊ အနံ ၃၅ ပေ၊ အမြင့် ၁၂ ပေ ရှိ ကျေးရွာ ဘက်စုံသုံးခန်းမဆောင် တည်ဆောက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်တွေ့ဆုံကာ ဆောင်ရွက်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများကို ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် မြို့နယ်ဦးစီးမှူးက ဆွေးနွေးမှာကြားခဲ့သည်။

အဆိုပါ ကျေးရွာ၌ ကျေးရွာဘက်စုံသုံးခန်းမဆောင် တည်ဆောက်ခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းပံ့ပိုးရန်ပုံငွေကျပ် သိန်း ၁၀၀၊ ကျေးရွာပြည်သူထည့်ဝင်ငွေများ၊ ဦးစီးဌာနဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ ကျေးရွာသားများကိုယ်တိုင် ၂၀၂၂ ခုနှစ် ဩဂုတ်လတတိယပတ်မှစတင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်၍ အဆိုပါကျေးရွာရှိ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာတော့မည်ဖြစ်ကြောင်း သိရသည်။ ၂၂၂

## PDF အမည်ခံအကြမ်းဖက်သမားများက မင်းကင်းမြို့နယ် မအူကျေးရွာအတွင်းရှိ အခြေခံပညာအလယ်တန်းကျောင်းခွဲအား မီးရှို့ဖျက်ဆီး




မင်းကင်းမြို့နယ် မအူကျေးရွာရှိ အခြေခံပညာ အလယ်တန်းကျောင်းခွဲအား PDF အမည်ခံအကြမ်းဖက်သမားများက မီးရှို့ဖျက်ဆီးခဲ့သည့် ဖြစ်စဉ်နေရာပြပုံ။

နေပြည်တော် မေ ၁၁

အကြမ်းဖက်အဖွဲ့အစည်းများဖြစ်သည့် NUG၊ CRPH တို့၏ လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများသည် တိုင်းပြည်တည်ငြိမ်အေးချမ်းမှုနှင့် တရားဥပဒေစိုးမိုးမှုကို ပျက်ပြားစေရန် ရည်ရွယ်ချက်ဖြင့် ရုံးဌာနအဆောက်အအုံများ၊ စာသင်ကျောင်းများ၊ အများပြည်သူနေထိုင်လျက်ရှိသော နေအိမ်များ၊ လမ်း၊ တံတားများကို မီးရှို့ဖျက်ဆီးခြင်း၊ မိုင်းထောင်ဖောက်ခွဲခြင်း၊ ကျေးရွာများအတွင်း ဝင်ရောက်၍ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်ခြင်းစသည့် အကြမ်းဖက်လုပ်ရပ်များကို နည်းလမ်းမျိုးစုံဖြင့် လုပ်ဆောင်လျက်ရှိသည်။

### မီးလောင်ပျက်စီးခဲ့

ထိုသို့ဆောင်ရွက်လျက်ရှိရာ စစ်ကိုင်းတိုင်းဒေသကြီး မင်းကင်းမြို့နယ် မအူကျေးရွာအတွင်းရှိ အခြေခံပညာအလယ်တန်းကျောင်းခွဲကို PDF အမည်ခံ အကြမ်းဖက်သမားများက ယနေ့နံနက် ၄ နာရီခွဲခန့်တွင် လာရောက်မီးရှို့ဖျက်ဆီးခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်မီးငြိမ်းသတ်ခဲ့ရာ နံနက် ၆ နာရီခွဲခန့်တွင် မီးငြိမ်းသွားခဲ့ပြီး အကြမ်းဖက်သမားများ၏ မီးရှို့ဖျက်ဆီးမှုကြောင့် တစ်ထပ်ဆောင် စာသင်ကျောင်းသုံးလုံးနှင့် အုပ်ချုပ်မှုအဆောက်အအုံ သုံးလုံး မီးလောင်ပျက်စီးခဲ့ကြောင်း သိရသည်။

အဆိုပါ မီးရှို့ဖျက်ဆီးခဲ့သည့် PDF အမည်ခံအကြမ်းဖက်သမားများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေးနှင့် နယ်မြေတည်ငြိမ်အေးချမ်းရေးအတွက် လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် မေ ၁၁

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂ (က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေ ပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မွန်ပြည်နယ် မော်လမြိုင်မြို့နယ် လှိုင်ရပ်ကွက်နေ သင်းရန့်ဦးသည် ၎င်းအသုံးပြုသည့် "Mi Ya Nant" Facebook အကောင့်နှင့် ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ် ဇဝနရပ်ကွက်နေ ခင်မောင်ဝင်းသည် ၎င်းအသုံးပြုသည့် "Khin Mg Win" Facebook အကောင့်တို့ဖြင့် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော် ဘဒ္ဒန္တပဏ္ဍာဝံသမထေရ်မြတ်ကြီး ဘဝနတ်ထံပျံလွန်တော်မူ

နေပြည်တော် မေ ၁၁

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ် ကျွန်းကုန်းကျေးရွာအုပ်စု ဇေယျဝတီအနောက်ကျောင်းတိုက်နှင့် ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် သာသနာ့ပါလဝါးခယ်မကျောင်းတိုက်တို့၏ ပဓာနနာယက၊ နိုင်ငံတော်ဩဝါဒါစရိယ ဘဒ္ဒန္တပဏ္ဍာဝံသ(အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ)မဟာထေရ်မြတ်ကြီးသည် သက်တော် ၉၃ နှစ်၊ သိက္ခာတော် ၇၃ ဝါအရ ၁၃၈၄ ခုနှစ် နှောင်းတန်ခူးလပြည့်ကျော် ၄ ရက် (၈-၄-၂၀၂၃) စနေနေ့ နံနက်(၅:၂၅)နာရီအချိန်တွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။ **သတင်းစဉ်**

## နိုင်ငံတော်ဩဝါဒါစရိယ ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ် ကျွန်းကုန်းကျေးရွာအုပ်စု ဇေယျဝတီအနောက်ကျောင်းတိုက်နှင့် ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် သာသနာ့ပါလဝါးခယ်မကျောင်းတိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တပဏ္ဍာဝံသ (အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)၏ ထေရုပ္ပတ္တိအကျဉ်း



**ဖွားမြင်တော်မူခြင်း**

ဆရာတော်လောင်းလျာသည် မကွေးတိုင်းဒေသကြီး မကွေးမြို့နယ် ထန်းပင်စမ်းရွာတွင် ခမည်းတော်ဦးချစ်ဖျော်+ မယ်တော်ဒေါ်ငွေရှင်တို့မှ ၁၂၉၂ ခုနှစ် ကဆုန်လဆန်း ၅ ရက် ကြာသပတေးနေ့တွင် ဖွားမြင်တော်မူသော သားရတနာဖြစ်ပါသည်။

**ရှင်ရဟန်းပြုတော်မူခြင်း**

ဆရာတော်လောင်းလျာသည် ၁၃၀၆ ခုနှစ် ပြာသိုလဆန်း ၁၁ ရက် တနင်္လာနေ့တွင် မကွေးမြို့နယ် ထန်းပင်စမ်းကျေးရွာ ထန်းပင်စမ်းကျောင်း ဆရာတော် ဘဒ္ဒန္တပဏ္ဍိတကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့ပြီး ၁၃၁၁ ခုနှစ် နတ်တော်လပြည့်ကျော် ၂ ရက် အင်္ဂါနေ့တွင် မကွေးမြို့နယ် ထန်းပင်စမ်းကျေးရွာ ထန်းပင်စမ်းကျောင်း ဆရာတော်ဘဒ္ဒန္တပဏ္ဍိတကိုဥပဇ္ဈာယ်ပြု၍မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခဲ့ပါသည်။

**ပရိယတ္တိစာပေ သင်ယူဆည်းပူးတော်မူခြင်း**

ဆရာတော်လောင်းလျာသည် မကွေးမြို့နယ် ထန်းပင်စမ်းကျောင်းဆရာတော် ဘဒ္ဒန္တပဏ္ဍိတ၊ တောင်တွင်းကြီးမြို့ စွယ်တော်စဉ်ပါဠိတက္ကသိုလ်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဇာဂရ၊ မန္တလေးမြို့ မဟာဝေယံဘုံသာကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တကလျာဏ၊ ပခုက္ကူမြို့ ရွှေပေါက်ပင်ကျောင်းတိုက်ဆရာတော်ဘဒ္ဒန္တဝေပုလ္လ၊ မန္တလေးမြို့ မစိုးရိမ်တိုက်မာဂဓကျောင်းဆရာတော် ဘဒ္ဒန္တနာရဒ၊ မန္တလေးမြို့ မိုးကောင်းကျောင်းတိုက်၊ ညောင်ရမ်းပါဠိတက္ကသိုလ်ဆရာတော် ဘဒ္ဒန္တသဇ္ဇန၊ ပြည်မြို့ ဇောတိကာရုံပါဠိတက္ကသိုလ်ဆရာတော် ဘဒ္ဒန္တတေဇနိယစသည့်ဆရာတော်များထံမှ ပရိယတ္တိစာပေများကို သင်ယူဆည်းပူးခဲ့ပြီး ၁၃၂၀ ပြည့်နှစ်တွင် **“သာသနဓဇသိရီပဝရ ဓမ္မာစရိယ”**ဘွဲ့ကို ရရှိတော်မူခဲ့ပါသည်။

**သာသနာရေးအားပေးဆောင်ရွက်တော်မူခြင်း**

ဆရာတော်သည် ဝါးခယ်မမြို့နယ် ကျွန်းကုန်းကျေးရွာအုပ်စု ဇေယျဝတီအနောက်ကျောင်းနှင့် ကျောင်းတိုက်ခွဲ(၅)ကျောင်းတို့တွင် စာသင်သားရဟန်း/သာမဏေများအား ပရိယတ္တိစာပေများ သင်ကြားပို့ချပေးတော်မူခဲ့ခြင်း၊ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တွင် ပထမအကြိမ် သံဃသမ္မုတိရသံဃာ့ကိုယ်စားလှယ်၊ မြို့နယ်ဝိနည်းဓိုရ်၊ တိုင်းဒေသကြီးသံဃာ့ဝန်ဆောင်၊ တိုင်းဒေသကြီးသံဃနာယကအဖြစ်လည်းကောင်း၊ တတိယအကြိမ်မှ ဆဋ္ဌအကြိမ်အထိ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖြစ်လည်းကောင်း၊ ၁၉၉၆ ခုနှစ်မှ ၂၀၀၉ ခုနှစ်အထိ နိုင်ငံတော်သံဃမဟာနာယကအဖြစ် လည်းကောင်း ဆောင်ရွက်တော်မူခဲ့ခြင်းနှင့် နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်အဖြစ် သာသနာ့တာဝန်များကို ဆောင်ရွက်တော်မူခဲ့ပါသည်။

**ဘွဲ့တံဆိပ်တော်အလှူခံရရှိတော်မူခြင်း**

ဤသို့လျှင် ဗုဒ္ဓသာသနာအကျိုးကို ထက်သန်သော ဝီရိယဖြင့် သယ်ပိုးဆောင်ရွက်တော်မူခဲ့သော သာသနဓုရာဝဟဂုဏ်၊ ရတ္တညူမဟာနာယကဂုဏ်၊ ပိဋကတ္တယဆေကဂုဏ်၊ ပရဟိတာဝဟဂုဏ်၊ သာသန ဟိတဓရဂုဏ်၊ ခမာဇာဂရိယဂုဏ်၊ လဇ္ဇီပေသလ သိက္ခာကာမဂုဏ် စသည်တို့နှင့် ပြည့်စုံတော်မူခြင်းတို့ကြောင့် နိုင်ငံတော်အစိုးရက ဆရာတော်ကြီးအား ၁၉၉၃ ခုနှစ်တွင် **“အဂ္ဂမဟာပဏ္ဍိတ”**၊ ၂၀၀၄ ခုနှစ်တွင် **“အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ”** ဘွဲ့တံဆိပ်တော်မြတ်တို့ကို ဆက်ကပ်လှူဒါန်းခဲ့ပါသည်။

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**

ဆရာတော်ကြီးသည်သာသနာတော်အကျိုးကို သယ်ပိုးဆောင်ရွက်တော်မူရင်း သက်တော် ၉၃ နှစ်၊ သိက္ခာတော် ၇၃ ဝါအရ ၁၃၈၄ ခုနှစ် နှောင်းတန်ခူးလပြည့်ကျော် ၄ ရက် (၈-၄-၂၀၂၃) စနေနေ့ နံနက် (၅:၂၅)နာရီအချိန်တွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။ **သတင်းစဉ်**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၂-၄-၂၀၂၃

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၂၄၅ | ၂၂၉၅ | ၂၂၉၀ | ၂၂၅၅ | ၂၂၉၀ | ၂၃၁၅ | ၂၃၀၀ | ၂၂၈၀ | ၂၃၇၅ | ၂၃၉၅ | ၂၂၈၅ | ၂၂၉၅ | ၂၃၃၀ | ၂၃၃၀ | ၂၃၃၅ | ၂၅၆၅ | ၂၈၁၀ |
| 95 Ron | ၂၃၁၀ | ၂၃၆၀ | ၂၃၆၀ | ၂၃၂၀ | ၂၃၆၀ | ၂၃၈၅ | ၂၃၆၅ | ၂၃၄၅ | ၂၄၄၅ | ၂၄၆၀ | ၂၃၅၀ | ၂၃၇၀ | ၂၃၉၅ | ၂၄၀၀ | ၂၄၀၀ | ၂၆၃၀ | ၂၈၈၅ |
| HSD (500 ppm) | ၂၀၉၀ | ၂၁၄၀ | ၂၁၄၀ | ၂၁၀၀ | ၂၁၄၀ | ၂၁၆၅ | ၂၁၆၀ | ၂၁၂၅ | ၂၂၄၅ | ၂၂၄၀ | ၂၁၃၀ | ၂၁၄၅ | ၂၁၇၅ | ၂၁၈၀ | ၂၁၈၀ | ၂၄၁၀ | ၃၁၀၀ |
| HSD (50 ppm) | ၂၁၇၀ | ၂၂၂၀ | ၂၂၂၀ | ၂၁၈၀ | ၂၂၂၀ | ၂၂၄၅ | ၂၂၄၀ | ၂၂၀၅ | ၂၃၂၅ | ၂၃၂၀ | ၂၂၁၀ | ၂၂၂၅ | ၂၂၅၅ | ၂၂၆၀ | ၂၂၆၀ | ၂၄၉၀ | ၃၁၃၀ |
| HSD (10 ppm) | ၂၁၇၀ | ၂၂၂၀ | ၂၂၂၀ | ၂၁၈၀ | ၂၂၂၀ | ၂၂၄၅ | ၂၂၄၀ | ၂၂၀၅ | ၂၃၂၅ | ၂၃၂၀ | ၂၂၁၀ | ၂၂၂၅ | ၂၂၅၅ | ၂၂၆၀ | ၂၂၆၀ | ၂၄၉၀ | ၃၁၃၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၁၃၃ | ၂၂၀၉ |
| 95 Ron | ၂၁၉၇ | ၂၂၇၅ |
| HSD (500 ppm) | ၁၉၈၈ | ၂၀၅၈ |
| HSD (50 ppm) | ၂၀၆၂ | ၂၁၃၃ |
| HSD (10 ppm) | ၂၀၆၂ | ၂၁၃၃ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိတ်ဆွေပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

## အောင်မြေမြတ် ဆုံမှတ်ဌာနီ

❖ တိုင်းရန်ကုန် နောက်တောင်ယွန်း
ကိုကိုးကျွန်းမြို့နယ်သာ
နှစ်သစ်မှာ ရွှင်ကြည်နူးဖို့
ဖော်ကျူးလင်္ကာ၊
သွေးချင်းတို့ ရွှင်ပျော်စေရာ
မိတ်ဆက်ကာ လက်ကမ်း၊
နှစ်သစ်မှာ ဘဝင်ချမ်း
နှစ်သိမ့်ရွှင်လန်း။

❖ ငါးပဥ္စ ကျွန်းဖြာဖြာ
"မင်္ဂလာ" "ကြွက်ကျွန်း"
"စလစ်ပါ" "ဂျယ်ရီကျွန်း"၊
တွဲယှဉ်ကာ တူပေါ်ထွန်း
"ကိုကိုးလေးကျွန်း"။

❖ အနောက်နှင့် နောက်မြောက်မှာ
ခေါ်စရာ "အိန္ဒိယ"
အရှေ့မှာ "မြန်ပြည်"ထား၊
[၁]"အက်ဒမန်" နှင့် "နီကိုဘား"
တောင်ဘက်မှာ ပါး။

❖ "အောင်မြေမြတ်" ဆုံမှတ်ဌာနီ
[၂]"ကပ္ပလီ" "ဘင်္ဂလား"
ပင်လယ်ပြာ ပင်လယ်အော်ကြား
[၃]"ဗစ်တိုးရီးယပ်စ် ပွိုင့်" တင်စား
အထိမ်းအမှတ် စိုက်ထူထား
မော်ကွန်းတိုင် ထင်အရှား
ကျောက်တိုင် ကျောက်သား။

❖ သောင်ကမ်းနှင့် မြောင်စမ်းဖြာဖြာ
စိမ်းစိုကာ အုန်းပင်ပေါ၊
ခုအခါ ပင်ပျိုတော
"ကိုကိုးပင်" ပျိုစင်နော
စိမ်းစိုသာမောာ။

❖ အုန်းဆီနှင့် အုန်းဆန်
အုန်းခွံပါမကျန်ရ
[၄]"သစ်ကနက်" ပုတီးအစ
ထွက်ကုန်တွေ ဈေးကွက်လှ
ဖွံ့ဖြိုးသာဝင်ငွေရ
ကျွန်းလှဒေသ
အတိတ ရှေးအခါ
ပို့နှင်ရာ အပြစ်သားတို့
ပို့ထားစေရာ၊
ပမာပြု နှိုင်းတုစရာ
"ကျွန်းမဲဇာ" ပမာထား၊
ပြောင်းလဲကာ ခုခါများ
ရှေးဆောက်ဦ ပမာအလား
ထိန်းသိမ်းကာထား။

❖ ကျောင်းကန်နှင့် ဘုရား
စည်ကားလျက် သာသနာ
မျှဝေကာ လှုရေစက်
လက်နှင့်မကွာ၊
ကမ်းသာယာ
ရေကြည်ပြာ လှိုင်းသံနှော၊
အဏ္ဏဝါရှုလေမော
သွေးချင်းတွေ ညာကြေတစ်ကြော
လာခဲ့ပါနော။

❖ ရေအောက်နေ သယံဇာတ
သဘာဝရှုခင်းတွေ
ရှားပါးရေ သတ္တဝါများ
ကျက်စားပျော်နေ
မှတ်တမ်းပြု ဖော်ထုတ်ပါလေ
ပြည်သူတွေ အမြင်ဆန်း၊
ခရီးသွား လက်ဆင့်ကမ်း
ဖိတ်ခေါ်ချင်စမ်း။

ကျော်စောဟန်
၁၁-၄-၂၀၂၃

မှတ်ချက်
၁။ Adaman / Nicobar
၂။ Adaman Sea / Bay of Bengal
၃။ Victorious Point
၄။ သက်န်းနက်သား

## ခန္တီးမြို့နယ်၌ လယ်ယာမြေ ယာယီလုပ်ပိုင်ခွင့်လက်မှတ် ပုံစံ (၃) များ ပေးအပ်ပွဲအခမ်းအနား ကျင်းပ

မုံရွာ မေ ၁၁

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်သည် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများ၊ ခန္တီးခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ လိုက်ပါလျက် ယနေ့ နံနက်ပိုင်းတွင် ခန္တီးမြို့နယ် ဆင်သေကျေးရွာအုပ်စု လောင်ပကျေးရွာ၌ ကုန်းမြင့်လယ်ယာဖော်ထုတ်ပြီးစီး၍ ဒေသခံတိုင်းရင်းသား တောင်သူများထံ လယ်ယာမြေ ယာယီလုပ်ပိုင်ခွင့်လက်မှတ် ပုံစံ (၃) များ ပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။



**အထောက်အကူ ပြုစေမည်ဖြစ်**

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က မိမိတို့နိုင်ငံသည် ရေမြေရာသီဥတုအရ စိုက်ပျိုးရေးအား အဓိကလုပ်ကိုင်သည့် နိုင်ငံတစ်နိုင်ငံဖြစ်ပါကြောင်း၊ ရွှေ့ပြောင်းတောင်ယာစနစ်သည် သဘာဝပတ်ဝန်းကျင်နှင့် သက်ရှိဂေဟစနစ်အပေါ် ထိခိုက်ပျက်စီးစေနိုင်ခြင်းကြောင့် အမြဲတမ်းစိုက်ပျိုးနိုင်သည့် ကုန်းမြင့်လယ်ယာများ ဖော်ထုတ်ပေးရခြင်းဖြစ်ပါကြောင်း၊ ဒေသခံတောင်သူများအနေဖြင့် ယနေ့ခွဲဝေပေးမည့် လယ်ယာမြေများပေါ်တွင် အထွက်ကောင်းမျိုးများအသုံးပြု၍ သွင်းအားစုများ ထည့်သွင်းကာ ခေတ်မီသိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ်များ ဆောင်ရွက်ခြင်းဖြင့် တစ်ဧကအထွက်နှုန်း တိုးတက်စေရန် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း၊ မြေလွတ်မြေရိုင်းများအား စိုက်ပျိုးရေးအတွက် အကျိုးရှိစေရန် ယခုလိုဆောင်ရွက်ပေးခြင်းဖြင့် စိုက်ပျိုးသူများအနေဖြင့်လည်း တစ်နှစ်ပတ်လုံး စိုက်ပျိုးနိုင်ကာ မိသားစုဝင်ငွေတိုးတက်စေခြင်းနှင့် ဒေသအတွက် ဝမ်းစာဖူလုံမှုကို အထောက်အကူပြုစေမည်ဖြစ်ပါ၍ တိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် ရည်ရွယ်ချက်၊ ရည်မှန်းချက် ကောင်းစွာထားရှိဆောင်ရွက်ခြင်းဖြစ်ပါကြောင်း တိုက်တွန်းပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများက မိမိတို့တာဝန်ယူဆောင်ရွက်နေသည့် လုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်ပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဒေသခံတိုင်းရင်းသားများထံ တောင်သူတစ်ဦးချင်း၏ လယ်ယာမြေ ယာယီလုပ်ပိုင်ခွင့် လက်မှတ်များနှင့် မျိုးစပါးများ ပေးအပ်ပြီး ဒေသခံတောင်သူများကိုယ်စား တာဝန်ရှိသူတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## မန္တလေးမြို့တော် မဟာသင်္ကြန်မဏ္ဍပ်ဖွင့်ပွဲအခမ်းအနား ဝတ်စုံပြည့် အစမ်းလေ့ကျင့်

မန္တလေး မေ ၁၁

မြန်မာ့ရိုးရာယဉ်ကျေးမှု မန္တလေးမြို့တော်မဟာသင်္ကြန်မဏ္ဍပ် ဖွင့်ပွဲအခမ်းအနားအတွက် ဝတ်စုံပြည့်အစမ်းလေ့ကျင့်ခြင်းကို ယနေ့ ညနေပိုင်းက ၂၆ လမ်း၊ ၇၁ လမ်းနှင့် ၇၂ လမ်းကြားရှိ အဆိုပါမဏ္ဍပ်၌ ကျင်းပသည်။

ရှေးဦးစွာ ဖွင့်ပွဲအခမ်းအနားအစီအစဉ်တွင် ပါဝင်သူများက သတ်မှတ်နေရာအသီးသီးတွင် နေရာယူကြပြီး ဖွင့်ပွဲအစီအစဉ်တွင် ပါဝင်သည့် သင်္ကြန်စာ ဖတ်ကြားခြင်း၊ ဖဲကြိုးဖြတ်ဖွင့်လှစ်ခြင်းနှင့် မြို့မငွေငန်း ဖြတ်သန်းဂါရဝပြုခြင်း စသည်တို့ကို လေ့ကျင့်ဆောင်ရွက်ကြသည်။

ထို့အပြင် ကျောင်းသူအင်အား ၅၀၀ နှင့် စည်ပင်သာယာယိမ်းအဖွဲ့၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်ယိမ်းအဖွဲ့ အပါအဝင် စုစုပေါင်းအင်အား ၉၀၀ ကျော်တို့က သားဗိုလ်နိုင်ဆိုင်းအဖွဲ့၊ မန်းစည်ပင်တေးဂီတတို့နှင့်အတူ ဖွင့်ပွဲသီချင်းဖြစ်သည့် "ချမ်းအေးစေမည်မန္တလေးသင်္ကြန်"နှင့် "မန်းတောင်ရိပ်ခိုသီချင်း"တို့ဖြင့် သံပြိုင်တီးမှုတ် ကပြဖျော်ဖြေခြင်းများကို ဝတ်စုံပြည့် အစမ်းလေ့ကျင့်ဆောင်ရွက်ကြကြောင်း သိရသည်။

**မောင်အေးချမ်း**



ဓာတ်ပုံ– AI(Mdy)




# မြစ်ကြီးနားမြို့၌ လမ်းလျှောက်သင်္ကြန်အပြင် ဗဟိုမဏ္ဍပ်အပါအဝင် ရေကစားမဏ္ဍပ် ခြောက်ခုဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပရန် စီစဉ်ထား

မြစ်ကြီးနား ဧပြီ ၁၁

၁၃၈၆ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကို မြန်မာတို့၏ ရိုးရာယဉ်ကျေးမှုနှင့်အညီ နှစ်စဉ်ကျင်းပခဲ့ရာ ကချင်ပြည်နယ်၏ မြို့တော် မြစ်ကြီးနားမြို့၌ ဒေသခံပြည်သူများ ပျော်ရွှင်စွာ ရေကစားနိုင်ရေးအတွက် ပြည်နယ်အစိုးရအဖွဲ့က ဦးဆောင်၍ လမ်းလျှောက်သင်္ကြန်၊ ဗဟိုမဏ္ဍပ် အပါအဝင် ရေကစားမဏ္ဍပ် ခြောက်ခုဖြင့် ခမ်းခမ်းနားနား စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိသည်။

အဆိုပါသင်္ကြန်ပွဲတော်ကို မြစ်ကြီးနားမြို့၌ ဆွမ်းပရာဘွမ်လမ်းမှ ဆမားလမ်းဆုံ(ကျောက်စိမ်းတုံးမီးပွိုင့်အထိ) လမ်းလျှောက်သင်္ကြန်နှင့် ဗဟိုမဏ္ဍပ် တည်ဆောက်ထားပြီး ဒေသခံစီးပွားရေး လုပ်ငန်းရှင် အစုအဖွဲ့များ၏ ရေကစားမဏ္ဍပ်နှင့် ဖျော်ဖြေရေး မဏ္ဍပ်ခြောက်ခုကို ကျောက်စိမ်းတုံးမီးပွိုင့်မှ ဆမားလမ်းတစ်လျှောက် တည်ဆောက်လျက်ရှိသည်။

သင်္ကြန်ပွဲတော် ပြင်ဆင်ဆောင်ရွက်နေမှုများနှင့် စပ်လျဉ်း၍ မြစ်ကြီးနားမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးလှမိုးက ဗဟိုမဏ္ဍပ်ကို ပရိသတ် ၄၀၀ ဝင်ဆံ့နိုင်အောင် ပေ ၁၇၀ x ၆၅ ပေအကျယ် Steel Structure ဖြင့် တစ်လအချိန်ယူ တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး ရေရရှိစေရေး ဗဟိုမဏ္ဍပ်တွင် ရေဂါလန် ၁၂၀၀၀ ဆံ့ ယာယီရေလှောင်ကန် သုံးကန် တည်ဆောက်ထားရှိကာ တစ်ရက်လျှင် ရေဂါလန် တစ်သိန်းခွဲခန့် ရေပက်ဖျန်းကစားနိုင်မည်ဖြစ်ကြောင်း ရှင်းလင်းပြောပြသည်။

အလားတူ ဗဟိုမဏ္ဍပ်နှင့် လမ်းလျှောက်သင်္ကြန်ရှိရာ ဆွမ်ပရာဘွမ်လမ်းတစ်လျှောက် နေ့စဉ် လူဦးရေ ၁၅၀၀ ကျွေးမွေးနိုင်မည့် ဌာနဆိုင်ရာများ၏ စတုဒိသာမဏ္ဍပ် လေးခု၊ လောင်းလှေကြီးများနှင့် နံ့သာမဏ္ဍပ်များဖြင့် တည်ဆောက်ထားပြီး ရေရရှိရေးအတွက်ကိုလည်း မြို့ရေပေးဝေပိုက်လိုင်းနှင့် စက်ရေတွင်းများ တူးဖော်ထားရှိကာ ရေဂါလန် ၂၅၀၀၀၀ ဆံ့ ယာယီရေလှောင်ကန် နှစ်ကန် တည်ဆောက်ထားသဖြင့် တစ်ရက်လျှင် ရေဂါလန် သုံးသိန်းခန့် ပက်ဖျန်းပေးနိုင်ရေး စီစဉ်ဆောင်ရွက်ထားကြောင်း သိရသည်။

ထို့ပြင် ဆမားလမ်းပေါ်ရှိ ဒေသခံစီးပွားရေး လုပ်ငန်းရှင်အစုအဖွဲ့များ၏ ရေကစားမဏ္ဍပ် ခြောက်ခုတွင်လည်း သင်္ကြန်ပွဲတော်ကျင်းပရေးဦးစီးကော်မတီ၏ လမ်းညွှန်မှုဖြင့် ပြည်သူများ ပျော်ရွှင်စွာရေကစားနိုင်မည့်အပြင် ယိမ်းအကအလှများ၊ ဖျော်ဖြေရေးအစီအစဉ်များ၊ စတုဒိသာမဏ္ဍပ်များကို စီမံဆောင်ရွက်ထားရှိကြောင်း သိရသည်။

အလားတူ ဗဟိုမဏ္ဍပ်၌ နံနက်နှင့် ညနေပိုင်းတို့တွင် ယိမ်းအကအလှများ၊ ခေတ်ပေါ်တေးဂီတ ဖျော်ဖြေရေးများအပြင် ညပိုင်းတွင်လည်း ဌာနဆိုင်ရာ အဖွဲ့အစည်းများနှင့် မြို့ပေါ်ရပ်ကွက် ယိမ်းအဖွဲ့ ၁၃ ဖွဲ့တို့က ကိုယ်ပိုင်သံစဉ်/ ကိုယ်ပိုင်စာသား (CD/ ဆိုင်းဝိုင်း) တို့ဖြင့် လည်းကောင်း၊ CD တေးသီချင်းဖြင့် ယိမ်းအကပြိုင်ပွဲများကို လည်းကောင်း သတ်မှတ်အမျိုးအစားအလိုက် နေ့စဉ် ကျင်းပသွားမည်ဖြစ်ပြီး ယိမ်းအဖွဲ့များကို ထိုက်ထိုက်တန်တန် ဂုဏ်ပြုချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

ကချင်ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ယခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကို ယခင်နှစ်များနှင့်မတူ ရိုးရာအစဉ်အလာမပျက် ပိုမိုစည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည့်အပြင် မဟာသင်္ကြန်ကာလ ဝန်ထမ်းများအတွက် ပထမအကြိမ် စုပေါင်းဒုလ္လဘရဟန်းခံနှင့် သီလရှင်ဝတ်ပွဲ အလှူတော်မင်္ဂလာ၊ တရားစခန်းဖွင့်ပွဲ ပြုလုပ်ပေးခဲ့ပြီး မြန်မာနှစ်ဆန်းတစ်ရက်နေ့တွင် ဓလေ့ထုံးစံများနှင့်အညီ သက်ကြီးပူဇော်ပွဲ ၊ ဇီဝိတဒါနငါးလွှတ်ပွဲ၊ အန္တရာယ်ကင်းပရိတ်တရားနာယူပွဲများကို ထည့်သွင်းကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

ကျန်းမာရေးဝန်ကြီးဌာန
ပြည်သူ့ကျန်းမာရေးဦးစီးဌာန
ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲ

## သတိပြုရမည့်အပူဒဏ်အန္တရာယ်များ

**(က) အပူဒဏ်ကြောင့်ပင်ပန်းနွမ်းနယ်ခြင်း (Heat Exhaustion)**

- ဂနာမငြိမ်ခြင်း၊
- ခေါင်းမူးနောက်ခြင်း၊ ခေါင်းကိုက်ခြင်း၊
- တစ်ကိုယ်လုံး နုံးချည့်ပျော့ခွေခြင်းနှင့် ကြွက်တက်ခြင်း၊
- ချွေးအလွန်အကျွံထွက်ခြင်းကြောင့် ခန္ဓာကိုယ်အရေပြားအေး၍စိုစွတ်ခြင်း၊
- ခန္ဓာကိုယ်အပူချိန်မြင့်တက်ခြင်း။

**(ခ) အပူဒဏ်ကြောင့် သတိလစ်ခြင်း (Heat Stroke)**

- ခန္ဓာကိုယ်အပူချိန် အလွန်အကျွံမြင့်တက်လာခြင်း၊
- အရေပြားပူ၍ခြောက်သွေ့ခြင်း (သို့မဟုတ်) ချွေးခန်းခြောက်ခြင်း၊
- ကယောင်ကတမ်းဖြစ်ခြင်း၊
- သတိလစ်ခြင်း၊ တက်ခြင်း။

**အပူဒဏ်အန္တရာယ်ကျရောက်သည့်လူနာကို အရေးပေါ်ရှေးဦးပြုစုခြင်း**

- လူနာကို အရိပ်ရပြီးအေးမြသော နေရာသို့ရွှေ့ထားပါ၊
- လေပန်ကာ၊ လေအေးပေးစက် ဖွင့်ထားပေးပါ၊ မရှိပါက ယပ်ခတ်ပေးပါ၊
- လူနာ၏ ခြေရင်းဘက်ကို မြှင့်ထားပေး၍ ပက်လက်အနေအထားဖြင့်ထားပါ၊
- လူနာ၏ အဝတ်အစားများကို ချွတ်ပါ၊
- လူနာ၏ လည်ပင်း၊ ချိုင်းနှစ်ဖက်၊ ပေါင်ခြံနှစ်ဖက်တို့ကို ရေပတ်တိုက်ပါ၊
- လူနာကောင်းစွာသတိရနေပါက ရေအေးအေး(သို့) ဓာတ်ဆားရည်တိုက်ပါ။

**အပူဒဏ်ကြောင့် သတိလစ်ခြင်းဖြစ်ပွားမည့်လက္ခဏာများ ပေါ်ပေါက်ပါက အသက်အန္တရာယ်ထိခိုက်နိုင်သည်။ နီးစပ်ရာ ဆေးရုံ၊ ဆေးခန်းသို့ ချက်ချင်း ပို့ဆောင်ပါ။**

(ဧပြီလ၊ ၂၀၂၄)

# မဟာသင်္ကြန်ကာလအတွင်း ရန်ကုန်တိုင်းဒေသကြီးရှိ ရေကန်ကြီးများ၌ မီးသတ်တပ်ဖွဲ့ဝင်များ တာဝန်ထမ်းဆောင်ကြမည်

ရန်ကုန် ဧပြီ ၁၁

၂၀၂၄ ခုနှစ် မဟာသင်္ကြန်ကာလအတွင်း ရန်ကုန်တိုင်းဒေသကြီးရှိ ရေကန်ကြီးများတွင် မီးသတ်တပ်ဖွဲ့ဝင်များ တာဝန်ထမ်းဆောင်ကြမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးမှူးရုံးမှ သိရသည်။

ရန်ကုန်တိုင်းဒေသကြီးရှိ ကန်တော်ကြီး၊ အင်းယားကန်နှင့် သာဓုကန်တို့တွင် ဧပြီ ၁၃ ရက် သင်္ကြန်အကြိုနေ့မှစတင်၍ တာဝန်ပြီးဆုံးချိန်အထိ မီးသတ်တပ်ဖွဲ့ဝင်များ တာဝန်ထမ်းဆောင်ကြမည်ဖြစ်သည်။

ကန်တော်ကြီးရေပြင်တွင် တာမွေမြို့နယ်နှင့် သာကေတမြို့နယ် မီးသတ်စခန်းတို့မှ ASSAULT Boat စက်လှေနှစ်စင်းထားရှိပြီး စက်လှေတစ်စင်းတွင် လက်ထောက်မီးသတ်ဦးစီးမှူး ဦးဆောင်၍ စက်လှေမောင်းတစ်ဦး၊ တပ်ဖွဲ့ဝင် နှစ်ဦးတို့ဖြင့် တာဝန်ထမ်းဆောင်ကြမည်ဖြစ်သည်။

အင်းယားကန်ရေပြင်တွင် လှိုင်မြို့နယ်နှင့် စမ်းချောင်းမြို့နယ် မီးသတ်စခန်းတို့မှ ASSAULT Boat စက်လှေနှစ်စင်းထားရှိပြီး စက်လှေတစ်စင်းတွင် လက်ထောက်မီးသတ်ဦးစီးမှူး ဦးဆောင်၍ စက်လှေမောင်းတစ်ဦး၊ တပ်ဖွဲ့ဝင်နှစ်ဦးတို့ဖြင့် တာဝန်ထမ်းဆောင်ကြမည်ဖြစ်သည်။

သာဓုကန်ရေပြင်တွင် ရွှေပြည်သာမြို့နယ်နှင့် မှော်ဘီမြို့နယ်မီးသတ်စခန်းတို့မှ ASSAULT Boat စက်လှေနှစ်စင်းထားရှိပြီး စက်လှေတစ်စင်းတွင် လက်ထောက်မီးသတ်ဦးစီးမှူး ဦးဆောင်၍ စက်လှေမောင်းတစ်ဦး၊ တပ်ဖွဲ့ဝင်နှစ်ဦးတို့ဖြင့် တာဝန်ထမ်းဆောင်ကြမည်ဖြစ်သည်။

မဟာသင်္ကြန်ကာလအတွင်း ရေကန်ကြီးများသို့ လာရောက်အနားယူသူများ၊ အပန်းဖြေကြသူများ ရှိရာ ရေကန်အတွင်းသို့ ဆင်းသက်ခြင်းမပြုရန်နှင့် အန္တရာယ်ကြုံတွေ့ပါက ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများကို တပ်ဖွဲ့ဝင်များက ဆောင်ရွက်ကြမည်ဖြစ်သည်။

မျိုးမင်းသူရ

# “ဝ”ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဟိုပန်၌ မြန်မာ့ရိုးရာနှစ်သစ်ကူး မဟာသင်္ကြန်ပွဲတော် စတင်ကျင်းပ

ဟိုပန် ဧပြီ ၁၁

မြန်မာသက္ကရာဇ် ၁၃၈၆ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု နှစ်သစ်ကူးအခါသမယတွင် ပြည်သူများ စိတ်အေးချမ်းစွာဖြင့် အပန်းဖြေပျော်ရွှင်ကြစေရန်အတွက် “ဝ”ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဟိုပန်ခရိုင် ဟိုပန်မြို့နယ် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုကွင်းအတွင်းရှိ မဟာသင်္ကြန်ဗဟိုမဏ္ဍပ်၌ မဟာသင်္ကြန်ပွဲတော်ကို ဧပြီ ၁၀ ရက်မှ စတင်၍ စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိကြောင်း သိရသည်။

ဟိုပန်မြို့ မြန်မာ့နှစ်သစ်ကူး မဟာသင်္ကြန်ပွဲတော်ကာလတွင် ယနေ့ညမှစ၍ တေးဂီတအစီအစဉ်များ၊ DJ ဖျော်ဖြေမှုများနှင့် နိုင်ငံကျော် အနုပညာရှင် အဆိုတော်များက ခေတ်ပေါ် တေးသီချင်းများဖြင့် ကပြဖျော်ဖြေ တင်ဆက်လျက်ရှိပြီး ဧပြီ ၁၃ ရက် သင်္ကြန်အကြိုနေ့မှ ဧပြီ ၁၆ ရက် သင်္ကြန် အတက်နေ့အထိတွင်လည်း သင်္ကြန်ချစ်ပြည်သူများ ပျော်ရွှင်စွာ ရေပက်ကစားနိုင်ရေး ရေကစားမဏ္ဍပ်များ စီစဉ်ထားရှိကာ စတုဒိသာအလှူဒါနများ ကျွေးမွေးမည့်အစီအစဉ်များနှင့် ဟိုပန်မြို့နယ်ရှိ ဌာနဆိုင်ရာ၊ တပ်ရင်း/တပ်ဖွဲ့နှင့် ရပ်ကွက်/ ကျေးရွာများမှ သင်္ကြန်ယိမ်းအကအဖွဲ့ ၁၈ ဖွဲ့နှင့် တိုင်းရင်းသားရိုးရာယဉ်ကျေးမှု အကအဖွဲ့ ခြောက်ဖွဲ့က နံနက်ပိုင်း၊ ညပိုင်းအစီအစဉ်များဖြင့် ကပြဖျော်ဖြေ တင်ဆက်ပေးသွားမည်ဖြစ်သည်။

အဆိုပါ မြန်မာ့ရိုးရာနှစ်သစ်ကူး မဟာသင်္ကြန်ပွဲတော်ကို ယနေ့မှစတင်၍ ဧပြီ ၁၆ ရက် သင်္ကြန်အတက်နေ့အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ဇင်ဇင်(ပြန်/ဆက်)

■



# ဂုဏ်အင်အလွန်ထူးသည့် လတန်ခူး

နုခန့်ယဉ်(ရစ်ကန်ကြီး)

တန်ခူးလသည် မြန်မာပြက္ခဒိန်၏ ပထမဆုံးလ ဖြစ်သည်။ မြန်မာတို့၏ နှစ်ဦးလလည်းဖြစ်သည်။ တန်ခူးလ၏အမည်ကို "စန္ဒြာမာသ" ဟုလည်း ခေါ်ကြသည်။ တန်ခူးလကို "တန်းခူးလ" ဟုလည်း ခေါ်ကြသည်။ တစ်ခါတစ်ရံပျို့ကဗျာတို့၌ "တာကူး လ" ဟု ရေးသားကြသည်ကိုလည်း တွေ့ရသည်။ တာကူးလဟု ရေးသားရခြင်းမှာ မိန်ရာသီမှ ပြိဿ ရာသီသို့ ကူးပြောင်းခြင်းဖြစ်သည်ဟု ဝေါဟာရ လိနတ်တဒီပနီကျမ်းရေးသားသူ လှေသင်းအတွင်း ဝန်မင်းက ဖော်ပြခဲ့သည်။ ထိုဝေါဟာရကို အခြေခံ၍ တာကူးမှ ကာလရွေ့လျားသည့်အခါ တန်ခူးလဟု ခေါ်ဆိုခြင်းဟုလည်းဆိုကြသည်။ တာကူးဆိုသည် မှာ အချိန်ရာသီ၊ နှစ်ဟောင်းမှ နှစ်သစ်ကူးပြောင်းခြင်း ဖြစ်၍ တန်ခူးဆိုသည်မှာမူ ထန်းပင်ထန်းခိုင် ဝေဆာ ချိန် "ထန်းခူးမှတန်ခူး"ဟု ဖြစ်ပေါ်လာသည်ဟု ဆိုသည်။ မည်သို့ပင်ဆိုစေကာမူ တန်ခူးလသည် မြန်မာတို့အတွက် နှစ်ဟောင်းမှ နှစ်သစ်သို့ ကူးပြောင်းသောအချိန်ကာလ၊ အတိတ်ဟောင်း တို့ကိုစွန့်၍ အသစ်အသစ်သော စိတ်ကူးအတွေးတို့ ဖော်ဆောင်ရမည့်အချိန်ကာလ၊ စိတ်ဟူသောသက်မဲ့ သာမက သက်ရှိအရာများကိုပါ အညစ်အကြေးစွန့်ခွာ ရှင်းလင်းရသောအချိန်ကာလပင်ဖြစ်ပေသည်။

တန်ခူးလကိုအဘိဓာန်ကျမ်းတွင် "စိတ္တကော၊ တန်ခူးလ၊ ရမ္မကော၊ တန်ခူးလ"ဟု ပြဆိုထားသည်။ အဓိပ္ပာယ်မှာ "အထူးထူးသော အသီး၊ အပွင့်၊ အခက် တို့ ဝေဝေဆာဆာပွင့်လန်းသောကြောင့် လူတို့၏ စိတ်နှလုံးကိုရွှင်မြူးစေသည်"ဟုဆိုလိုသည်။ တန်ခူး လသည် ပူပြင်းခြောက်သွေ့သည့် နွေရာသီကုန်လွန် ၍ မိုးရာသီကူးပြောင်းမှုကို ကြိုဆိုသကဲ့သို့ရှိသည်။ "တောင်လေမြူးမြူး၊ လတန်ခူး" ဆိုသည့်အတိုင်း လေတဖြူးဖြူးတိုက်ခတ်ချိန်မှာ မိုးရနံ့များ သင်းပျံ့ သယောင်ရှိပေသည်။ လူပုဂ္ဂိုလ်အပေါင်းလည်း စိတ် ရွှင်မြူးသည့်အခါသမယဖြစ်သည်။ "သည်တန်ခူး မှာဖြင့် ရည်စူးကာလှူကြမယ်" ဆိုသည့်အတိုင်း ကောင်းမှုကုသိုလ်ပြုရန် ကြိုတင်ပြင်ဆင်ထားကြ သူများလည်းရှိပေသည်။ မြန်မာနိုင်ငံအတွင်းရှိ ပြည်သူများလည်း အနားယူအပန်းဖြေသောကာလ ဖြစ်သည်။ တစ်နည်းအားဖြင့် တစ်နှစ်မှာတစ်ကြိမ် ဗုဒ္ဓဘာသာလူမျိုးတို့အတွက် အားလပ်ရက်ဟု ဆိုလျှင်လည်း မှားမည်မဟုတ်ချေ။ တစ်နှစ်တာ ပင်ပန်းသမျှ အပန်းတော်ပြေရသည့်တန်ခူးလလည်း ဖြစ်ပေသည်။

### တန်ခူးလနှင့် မြန်မာ့ဓလေ့

ဗုဒ္ဓဘာသာမြန်မာလူမျိုးတို့သည် အားလပ်ရက် များတွင် ကုသိုလ်ဒါနဖြင့် ပျော်မွေ့တတ်ကြပေသည်။ နှစ်တစ်နှစ်ကုန်ဆုံးပြီဖြစ်၍ အညစ်အကြေးဟူသမျှ ကုသိုလ်ဒါနဖြင့် ဆေးကြောကြသည်။ ရှာဖွေ စုဆောင်းထားသမျှနှင့် ကုသိုလ်ဒါနပြုကြသည်။ ရှင်ပြု၊ နားသ၊ စတုဒိသာစသည်ဖြင့် အလှူဒါနများ ပြုကြသည်။ တန်ခူးလတွင်မြန်မာတို့၏ အလှူဒါန ဖြင့် ပျော်မွေ့ပုံကို "တဝါဝါဆင် သက်န်းရယ်က၊ ကမ္ဘာမှာဘဝင်ချမ်းစေတဲ့၊ သာသနာရွှင်ရွှင်လန်း အောင်လို့၊ တမင်မှန်းကာပသတိစွယ်၊ ရည်ရွယ်တော့ သလား"ဟု ဆရာဇော်ဂျီက သတိသံဝေဂဖြည့်စွက်၍ ရေးဖွဲ့ခဲ့ပေသည်။ "မရှိလို့မလှူ၊ မလှူလို့မရှိ" မဖြစ် ရအောင်တတ်နိုင်သမျှဖြင့် အလှူဒါနပြုကြသည်မှာ နှစ်ကူးတန်ခူးလ၏ ထူးခြားသောပြယုဂ်တစ်ခုပင် ဖြစ်သည်။

မြန်မာလူမျိုးတို့အတွက် တန်ခူးလ၏အထင် ကရပွဲတော်မှာ သင်္ကြန်ပွဲတော်ပင်ဖြစ်သည်။ သင်္ကြန် ဟူသောဝေါရသည် သင်္ကြန္တ ခေါ် သက္ကတဘာသာမှ သက်ဆင်းလာသော ဝေါဟာရဖြစ်သည်။ သင်္ကြန္တ ဟူသည်ကူးပြောင်းခြင်းဟု အဓိပ္ပာယ်ရသည်။ တန်ခူးလတွင် နှစ်ဟောင်းကုန်၍ နှစ်သစ်ကူးသော လ၊ သင်္ကြန်ရေဖြင့် အေးမြစေသောလ၊ တစ်နှစ်တာ အညစ်အကြေးဟူသမျှကို သင်္ကြန်ရေဖြင့် ဆေးကြောသော အချိန်ကာလပင်ဖြစ်သည်။ ရှေးမြန်မာတို့သည် တန်ခူးလရောက်လျှင် "သင်္ကြန် အတာရက်" မတိုင်မီ သို့မဟုတ် မြန်မာနှစ်ဆန်း တစ်ရက် နေ့မရောက်မီ အချိန်ကာလအထိ မိမိတို့ အိမ်ခြံဝင်း၊ မိမိတို့၏ အသုံးအဆောင်ပစ္စည်းဟူသမျှ ကို အညစ်အကြေးကင်းစင်အောင် ဆေးကြော လျှော်ဖွပ်ကြသည်။ နှစ်ဟောင်းမှ အညစ်အကြေးကို နှစ်သစ်သို့ သယ်ဆောင်ယူခြင်းမပြုဟူသော ကောင်းမြတ်သည့်ဓလေ့ ဖြစ်ပေသည်။ အယူသီးကြ သည်။ အစွဲအလမ်းကြီးကြသည်။ အထင်ဖြင့် ကောင်းမြတ်သည့်အမြင်၊ ဓလေ့ရိုးရာများ ယခုအခါ ပျောက်ကွယ်လုနီးပါးဖြစ်နေပေသည်။ လတန်ခူး ၏ ထူးခြားသည့်ဓလေ့ရိုးရာကို ကြိုးစားထိန်းသိမ်း စေချင်သည်။

### သင်္ကြန်ပွဲ

မြန်မာတိုင်းရင်းသားတို့သည် တန်ခူးလရောက် လျှင် သင်္ကြန်ရေပက်ဖျန်း၍ ရေကစားကြသည်။ သင်္ကြန်ရေပက်ဖျန်းခြင်းကို ပျော်ပွဲရွှင်ပွဲဟုပင် ထင်မှတ်နေကြသည်။ ရေပက်ဖျန်းခြင်းဆိုသည်မှာ "ရေ၏အေးမြကြည်လင်သောဓာတ်" ကို အကြောင်း ပြု၍ "မေတ္တာအကြည်ဓာတ်" ပေးခြင်းဟု အဓိပ္ပာယ် ရပေသည်။ ထိုမေတ္တာရေကိုပင် အမွှမ်းတင်၍ အောင်မြင်စေကြောင်း ရည်ညွှန်းလျက် သပြေခက် နှင့်ပက်ဖျန်းကြသည်။ သင်းပျံ့သောဂုဏ်နှင့် ပြည့်စုံ ပါစေ ဆုမွန်ခြွေလျက် သင်္ကြန်ရေထဲတွင် အမွှေး နံ့သာများထည့်၍ ပက်ဖျန်းကြသည်။ ကျက်သရေ မင်္ဂလာတိုးပွားစေရန်အလို့ငှာ မင်္ဂလာတစ်ပါးအပါ အဝင်ဖြစ်သော ငွေဖလားဖြင့် ရေသွန်းလောင်းကြ သည်။ ထိုသို့တစ်မျိုးစီတိုင်းတွင် ထူးခြားသော အဓိပ္ပာယ်လေးနက်ပုံကို "အဲသီချင်းနှင့် ထုံသင်း နံ့သာ၊ ရေသီတာဝယ် စမ္ပာကရမက်၊ ပန်းပေါင်းဖက် ၍ ရွှေခွက်အပြည့်၊ မွှေးမျိုးထည့်မှ လည်လှည့်ဆု လှယ်၊ တင့်စံပယ်လျက် ပြုံးရယ်ရွှင်အား၊ စံပျော်ပါး သည် ကစားထုံရည် ဖျန်းထည့်လေ။"ဟု အင်းဝမြို့ဘွဲ့ ဆယ့်နှစ်ရာသီလူးတားတွင် ဖော်ပြထားပေသည်။

ပုဂံခေတ်မြန်မာသက္ကရာဇ်၆၅၃(ခရစ်နှစ် ၁၂၉၁) တွင် ရေးထိုးခဲ့သော စောလှဝန်းဘုရား ကျောက်စာ၌ "မိဖုန်၊ သင်္ကြန်၊ စာရိယ်၊ ညောင်ရိယ်သွန်း၊ မပြတ်စိန် လျှင်တည်၏"ဟု ရာသီပွဲတော်ဝေါဟာရများကို ဖော်ပြထားသောကြောင့် ထေရဝါဒသာသနာ ထွန်းကားသော ပုဂံခေတ်ကပင် သင်္ကြန်ပွဲတော်များ ကျင်းပခဲ့သည်ကို သိရှိနိုင်သည်။ ဗုဒ္ဓကျမ်း၌ နှစ်ကူးသောအချိန်ကာလတွင် ကပ္ပိလဝတ်ပြည်၌ နေထိုင်ကြသည့် သာကီဝင်မင်းတို့သည် နှလုံး ပျော်မွေ့လျက်ဒေဝဒဟရေအိုင်တွင် ပျော်မြူးစွာ ရေကစားကြသည်ကို ဖော်ပြထားသည်။ မြန်မာ လူမျိုးတို့၏ ယဉ်ကျေးစွာရေဖျန်းပက်ကြပုံ၊ မေတ္တာ အရင်းခံလျက်သန့်စင်စွာ ရေကစားကြသည်မှာ အံ့ဩဖွယ်ကောင်းလှကြောင်း ထူးခြားစွာမှတ်တမ်း တင်ထားကြသည်ကို လေ့လာသိရှိနိုင်သည်။ တန်ခူး လ၌သာ ကျင်းပလေ့ရှိသော မြန်မာ့ရိုးရာသင်္ကြန် ပွဲတော်ကို လက်ဆင့်ကမ်းအမွေအဖြစ် ဆက်လက် ထိန်းသိမ်း၍ ယဉ်ကျေးသိမ်မွေ့စွာ အတာရေ ပက်ဖျန်းကြရပေမည်။

> ဗုဒ္ဓဘာသာမြန်မာလူမျိုးတို့သည် အားလပ်ရက်များတွင် ကုသိုလ်ဒါနဖြင့် ပျော်မွေ့ တတ်ကြပေသည်။ နှစ်တစ်နှစ်ကုန်ဆုံးပြီဖြစ်၍ အညစ်အကြေးဟူသမျှ ကုသိုလ်ဒါနဖြင့် ဆေးကြောကြသည်။ ရှာဖွေစုဆောင်းထားသမျှနှင့် ကုသိုလ်ဒါနပြုကြသည်။ ရှင်ပြု၊ နားသ၊ စတုဒိသာစသည်ဖြင့် အလှူဒါနများပြုကြသည်။ တန်ခူးလတွင်မြန်မာတို့၏ အလှူဒါနဖြင့် ပျော်မွေ့ပုံကို "တဝါဝါဆင် သက်န်းရယ်က၊ ကမ္ဘာမှာဘဝင်ချမ်းစေတဲ့၊ သာသနာရွှင်ရွှင်လန်းအောင်လို့၊ တမင်မှန်းကာပသတိစွယ်၊ ရည်ရွယ်တော့သလား"ဟု ဆရာဇော်ဂျီက သတိသံဝေဂဖြည့်စွက်၍ ရေးဖွဲ့ခဲ့ပေသည်။ "မရှိလို့မလှူ၊ မလှူလို့မရှိ" မဖြစ်ရအောင် တတ်နိုင်သမျှဖြင့် အလှူဒါနပြုကြသည်မှာ နှစ်ကူးတန်ခူးလ၏ ထူးခြား သောပြယုဂ်တစ်ခုပင်ဖြစ်

### ထူးမြတ်အတာ ကုသိုလ်မင်္ဂလာ

အတာကူးသည့်တန်ခူးလသည် ထူးမြတ်သည့် မင်္ဂလာအပေါင်းနှင့်လည်း ပြည့်စုံပေသည်။ အတာ သင်္ကြန်ရက်မြတ်မင်္ဂလာအဖြစ် ငါးရက် သို့မဟုတ် ခြောက်ရက် သတ်မှတ်ပေးထားသည်။ ထိုရက်မြတ် များတွင် မြန်မာပြည်သူပြည်သားတို့သည် ကျောင်းကန်ဘုရားများ၌ သန့်ရှင်းရေးပြုလုပ်ခြင်း၊ ဘုရားဆင်းတုတော်များအား ရေသပ္ပာယ်ခြင်း၊ အလှူပွဲများ ကျင်းပခြင်းများပြုလုပ်ကြသည်။ တချို့ သောလူပုဂ္ဂိုလ်တို့သည် သီတင်းသီလဆောက်တည် ၍ ဝိပဿနာတရားများ ပွားများအားထုတ်ကြ သည်။ ကောင်းမြတ်သောအကျင့်သီလတို့ဖြင့် စိတ်ကိုထိန်းချုပ်၍ မကောင်းသောအကျင့်အကြံ များကို နောက်တစ်နှစ်အထိ မယူဆောင်ဘဲ စိတ်ကို ဆေးကြောကြခြင်းပင်ဖြစ်သည်။ အတာရေပက်ဖျန်း ၍မရသော ထိုယောဂီသူတော်စင်များအတွက် လူကြီးလူငယ်များ စုပေါင်း၍ သောက်ရေ၊ သုံးရေ စသည်ဖြင့် ရေအလှူတော်ပြုလုပ်ကြသည်။

တန်ခူးလ၏ အထူးခြားဆုံးရက်မြတ်မင်္ဂလာမှာ မြန်မာနှစ်ဆန်းတစ်ရက်နေ့ပင်ဖြစ်သည်။ မြန်မာ သက္ကရာဇ်၏ အစဦးဆုံးသောရက်လည်းဖြစ်သည်။ ရှေးမြန်မာမင်းများလက်ထက်ကပင် နှစ်ဆန်း တစ်ရက်နေ့ကို အလေးအမြတ်ပြုခဲ့ကြသည်။ နှစ်ဆန်းတစ်ရက်နေ့တွင် ရွှေမြို့တော်ဓာတ်တံခါး လေးရပ်မှ အမြောက်သံပေးရမြဲဖြစ်သည်။ ထိုနေ့ တွင် ရတနာသုံးပါးနှင့်တကွ သမ္မာဒေဝနတ်အပေါင်း တို့အား လှူဖွယ်ပစ္စည်းအစုစုဖြင့် လှူဒါန်းပူဇော်ကြ သည်။ မင်းတုန်းမင်းလက်ထက် သက္ကရာဇ် ၁၂၃၃ ခုနှစ် (၁၈၇၁) ခုနှစ် မြန်မာနှစ်ဆန်းတစ်ရက်နေ့သည် သမိုင်းဝင်နေ့တစ်ခုဖြစ်ခဲ့သည်။ အဘယ်ကြောင့် ဆိုသော် မင်းတုန်းမင်းကြီးသည် ထိုနေ့တွင် ပဉ္စမ သင်္ဂါယနာတင်အခမ်းအနားကို စတင်ကျင်းပခဲ့သော ကြောင့်ဖြစ်သည်။ ကုန်းဘောင်ခေတ် မဟာရာဇဝင် ကြီးတွင် သက္ကရာဇ် ၁၂၃၃ ခုနှစ် (၁၈၇၁ ခုနှစ်) တန်ခူးလပြည့်ကျော် ၅ ရက် ဧပြီလ ၁၅ ရက်နေ့ နှစ်ဆန်းတစ်ရက်နေ့(စနေနေ့)တွင် ကောင်းမြတ် သောမင်္ဂလာအခါတော်၌ အမြောက်သံပေးပြီး ဆဒ္ဒန် ဆင်မင်းသခင်အသျှင်ဘဝရှင် မင်းတရားကြီးဘုရား၊ အရှင်နန်းမတော်မိဖုရားခေါင်ကြီးဘုရားနှင့်တကွ မင်း၊ မှူးမတ်၊ မင်းညီမင်းသားအပေါင်းတို့ ခြံရံလျက် ထွက်တော်မူပြီး ရွှေနန်းပြာသာဒ်တော်ဦး မြေနန်းတော်တွင် အခမ်းအနားကြီးကျယ်စွာ စီမံ ကျင်းပလျက် ပဉ္စမသင်္ဂါယနာတင်မင်္ဂလာသဘင်ကို ဆင်ယင်ကျင်းပခဲ့သည်။ ဗုဒ္ဓဘာသာဝင်မြန်မာလူမျိုး တို့အတွက် နေ့ထူးနေ့မြတ်ပင်ဖြစ်ပေသည်။

မြန်မာနှစ်ဆန်းတစ်ရက်နေ့တွင် သက်ကြီး ပူဇော်ပွဲများ၊ အဘိုးအဘွားတို့အား ခေါင်းလျှော်ပေး ခြင်း၊ ခြေသည်းလက်သည်း သန့်ရှင်းခြင်းများ၊ ဇီဝိတဒါနအသက်လွှတ်ပွဲများကို အိုးစည်ဗုံမောင်း အကအခုန်များဖြင့် ပျော်ရွှင်စွာဆင်နွှဲခဲ့ကြသည်မှာ ယနေ့အထိတိုင်ပင်ဖြစ်သည်။ မိမိတို့၏ နေအိမ်များ တွင် မုန့်များပြုလုပ်၍ လှူဒါန်းပေးကမ်းခြင်း၊ ရပ်ကွက်လမ်းများတွင် စတုဒိသာမဏ္ဍပ်များဖြင့် လှူဒါန်းကျွေးမွေးခြင်းများကိုလည်း ပြုလုပ်ကြ သည်။ တောရွာတချို့တွင် ရိုးရာဓလေ့အဖြစ် မြန်မာအမျိုးသမီးများမှာ သနပ်ခါးပါးကွက်ကြားနှင့် အမွှေးနံ့သာများ၊ အဝတ်အစားသစ်များဆင်ယင်၍ စိတ်သစ်လူသစ်အသွင်အပြင်ကို ဆောင်ယူကြသည်။ ကာလသားလူပျိုများက အမျိုးသမီးငယ်တို့၏ မိဘများထံတွင် ခွင့်ပန်လျက် ငွေဖလားဖြင့် အမွှေး နံ့သာရည်တို့ကို ယဉ်ကျေးစွာပက်ဖျန်းကြပေသည်။

### အလှထူးသည့်လတန်ခူး

တန်ခူးလသည် အလှလည်းထူးပါပေသည်။ ညင်းသွဲ့သွဲ့လေပြည်မှ မြေသင်းရနံ့သည်စိတ်ကို အေးမြစေသည်။ သင်္ကြန်မိုး၏သွန်းဖြိုးမှုကြောင့် ရွှေစင်ပိတောက်တို့သည်လည်း ဂုဏ်ရှိန်တောက်၍ မွှေးရနံ့သင်းပျံ့စေသည်။ ငုပန်းတို့သည်လည်း ပိတောက်၏ဂုဏ်ရောင်ကို ပိုမိုထွန်းပြောင်စေသကဲ့ သို့ ဟန်ချက်ညီစွာ ခါရာသီနှင့် အလိုက်သင့်ဖူးပွင့် နေကြပေသည်။ ထူးမြတ်သည့်အချိန်ရက်မြတ် မှာသာလျှင် မြိုင်မြိုင်ဆိုင်ဆိုင် ဖူးပွင့်တတ်သည့် ပန်းပိတောက်ကို "တစ်နှစ်တွင် သည်တစ်လပေပ၊ တစ်လတွင် တစ်ရက်တည်း၊ ခက်ခဲတဲ့ရက်ဗုဒ္ဓါ၊ ပွင့်ရှာကြစုံမြိုင်တွင်း"ဟု စာဆိုဦးကြော့က ဂုဏ်တင်ရေးဖွဲ့ခဲ့ပေသည်။ ပစ္စေကဗုဒ္ဓဘုရား ပွင့်တော်မူရာ မဟာဗောဓိပင်သည် ပိတောက်ပင် ဖြစ်ပေသည်။ ထိုပိတောက်ပင်တို့သည် များသော အားဖြင့် တန်ခူးလ၌သာ ဝေဝေဆာဆာဖူးပွင့်ကြပေ သည်။ "လတန်ခူးပေမို့၊ အလှထူးပါဘိ၊ မြမြဖူးရယ် တဲ့ခိုင်ရွှေဝါ၊ တကယ်တမ်းသာဖြင့်၊ ဘယ်ပန်းသော် စံမတူဘူး၊ နန်ဒမူ ဖန်ကူထိပ်မှာလ၊ပစ္စေကာ ချွေးတော်သိပ်ရတယ်၊ အေးရိပ်သာယာ"ဟု ဆရာ ဇော်ဂျီက ရေးဖွဲ့သီကုံးခဲ့ပေသည်။

တန်ခူးလသည် မြန်မာတို့၏ နှစ်ကူးလဖြစ်သကဲ့ သို့ ဗုဒ္ဓဘာသာဝင်တို့အတွက် အလှူဒါနများဖြင့် စိတ်နှလုံးအေးချမ်းရသောအချိန်ကာလဖြစ်သည်။ ရာသီပွဲတော်နှင့်အညီ လူငယ်လူရွယ်များအတွက် လည်း ပျော်ရွှင်ကြည်နူးဖွယ်တန်ခူးလလည်း ဖြစ်ပေ သည်။ နှစ်သစ်အတွက် အသစ်အသစ်သောစိတ်ကူး များ၊ ရွှင်လန်းတက်ကြွခြင်းများဖြင့် ဖြတ်သန်း ကျော်လွှားရန်အတွက် ပြင်ဆင်ကြသောအချိန် ကာလလည်းဖြစ်ပေသည်။ ထို့ကြောင့် မြန်မာ ပြည်သူပြည်သား တိုင်းရင်းသားများအနေဖြင့် မြန်မာ့ရိုးရာဓလေ့များကို ထိန်းသိမ်းလျက် လတန်ခူးတွင် ယဉ်ကျေးသိမ်မွေ့စွာ ပျော်ပျော်ရွှင်ရွှင် သင်္ကြန်ပွဲတော်ကို ဆင်နွှဲစေချင်သည်။ "ဒါနက တဝေဝေ၊ ရေတွေကတရွှဲရွှဲ၊ ပျော်ပွဲကတဝင့်ဝင့်၊ ပျော်ပွဲသာဆင့်ရော့" ဟူသောဆရာဇော်ဂျီ၏ ကဗျာ ကဲ့သို့ ပြန်လည်အသက်ဝင်စေချင်သည်။ အဟောင်းအဟောင်းများ၊ မကောင်းသော အကြောင်းတရားများကို အတာရေဖြင့် ဆေးကြော ပြီး နှစ်သစ်မှာ စိတ်သစ်လူသစ်ဖြင့် ခေတ်မီနိုင်ငံ တော်သစ်ဆီ ချီတက်ရန် အတွေးသစ်အမြင်သစ် များဖြင့် ပုံဖော်ကြစေလိုသည်။ ဂုဏ်အင်ထူးသည့် လတန်ခူးမှာ မြန်မာပြည်သူပြည်သားအပေါင်း ပျော်ရွှင်ကြည်နူး၍ အေးချမ်းသာယာကြပါစေ ကြောင်း ဆုမွန်ကောင်းပို့သ၍ ရေးသားတင်ပြလိုက် ရပါသည်။ ။

# မှားမှန်းသိရင် ပြင်လိုက်မယ်

ဓမ္မဒူတ ဒေါက်တာအရှင်ဆေကိန္ဒ



(၂၉-၃-၂၀၂၃ ရက်နေ့မှအဆက်)

"ကဲ ... ဒကာမကြီး၊ နောက်တစ်ခုထပ်ပြီး မေးပါမယ်၊ စောစောက ဘုရားရှင်ပြောခဲ့တဲ့ ဥပမာထဲက မြေကြီးပေါ်က လှေကိုလှော်နေသူတစ်ယောက်ဟာ ကြာလေလေ ကြိုးစားလေဖြစ်လာတတ်သလား၊ ကြာလေလေ ငြီးငွေ့လေဖြစ်လာတတ်သလား"

"ဒါကတော့ ရှင်းပါတယ်ဘုရား၊ ကြာလေလေ ငြီးငွေ့လေဖြစ်လာတာပေါ့ လှေက ရွေ့မှမရွေ့ဘဲ၊ လှော်ချင်စိတ်တောင် ကုန်တာပေါ့။ တပည့်တော် သာဆို လှော်တက်ကို ပစ်ချပြီး ဆင်းလာမှာပဲ။ ဘယ်ကိုမှ မရွေ့ဘဲကိုး"

"ဩော်၊ ဩော်... နေပါဦးဘုရား၊ တပည့်တော် သဘောပေါက်ပြီ။ အရှင်ဘုရားက မြေပြင်ကို လှေလှော်တဲ့ဥပမာပေးတာက တပည့်တော်အတွက် ပြောပေးနေတာကိုး၊ သဘောပေါက်ပါပြီ။ ဒါက တပည့်တော်ကို စောင်းပြီးဟောနေတဲ့ တရားကိုး"

"စောင်းပြီးဟောတာမဟုတ်ဘူး။ ဦးပဉ္စင်းက ဒီမှာတည့်တည့်ထိုင်နေတယ်လေ။ ဟောတော့လည်း မစောင်းပါဘူး။ တည့်တည့်ပဲ ဟောတာပါပဲ"

"စောင်းဟောတာမဟုတ်ရင် တပည့်တော်ကို တည့်ဟောနေတာပေါ့"

"တိုက်ဆိုင်တာဖြစ်မှာပါ ဒကာမကြီးရာ"

"အခု တပည့်တော်က တကယ်ငြီးငွေ့တာပါ ဘုရား"

"ဟုတ်ပါတယ်။ တကယ်ငြီးငွေ့တယ်ဆိုတာ ဦးပဉ္စင်းက လက်ခံပါတယ်။ ဒါပေမဲ့ အလုပ်ကို မလုပ်ချင်တော့ဘဲ ငြီးငွေ့တာရယ်၊ အကျိုးတွေ၊ ရလာသမျှ အာရုံတွေ၊ ကြုံလာ၊ ဆုံလာသမျှတွေဟာ ဘာကမျှ အနှစ်သာရမရှိတာကို သဘောပေါက်ပြီး ငြီးငွေ့တာရယ်၊ နှစ်မျိုးရှိပါတယ်"

"ဩော် ... ဟုတ်သလားဘုရား၊ ဆက်ပြီးမိန့်ပါဦးဘုရား"

"ကြုံလာသမျှအာရုံတွေကို ဒီအာရုံတွေရဲ့အနှစ်သာရ၊ ဘာကမျှမရှိတဲ့သဘောကို နားလည်ပြီး တရားအားထုတ်တဲ့အလုပ်ကို မပျင်းမရိ မငြီးမငွေ့ ကြိုးစားအားထုတ်တာက အာရုံရဲ့သဘောအမှန်ကို သိတဲ့ ငြီးငွေ့တတ်တဲ့ဉာဏ်ပညာအစစ်ပါ"

အဲဒီလိုမှမဟုတ်ဘဲ အာရုံကိုရော၊ ဘာဝနာတရားအလုပ်ကိုရော၊ အားလုံးကိုရော သိမ်းပြီး ငြီးငွေ့တာကတော့ ဒေါသနဲ့ငြီးငွေ့တာ၊ လိုချင်တဲ့ အကျိုးဂုဏ်တရားကို မရလို့ပေါ့။ ဒါမှမဟုတ် ဘာအကျိုးချမ်းသာဆိုတဲ့ ဂုဏ်ကိုမှမရတော့ ပျင်းရိငြီးငွေ့တာ၊ ကိလေသာနဲ့ အပျင်းထူငြီးငွေ့တာက တစ်မျိုးပါ။ အဲဒါဉာဏ်မဟုတ်ပါဘူး။ ပျင်းတာ။ ကိလေသာတွေက ငြီးငွေ့တော့ လူကပါ လူပျင်းဖြစ်သွားတာပါ"

"ဟင်. . ဒီလိုဆိုတော့ တပည့်တော်က ငြီးငွေ့တာမဟုတ်ဘဲ ပျင်းနေတာပေါ့။ ဟုတ်သလားဘုရား"

"ငြီးငွေ့တာတော့ ဟုတ်ပါတယ်။ ဉာဏ်ငြီးငွေ့တာက တရားအလုပ်ကို မပျင်းပါဘူး။ ကြုံသမျှ၊ ဆုံသမျှ လောကီအာရုံ၊ ကာမဂုဏ်၊ ဝတ္ထုအစုစုတွေဟာ ဘာအနှစ်သာရမှမရှိမှန်းသိလို့ လောကီအာရုံနဲ့ ပတ်သက်တာတွေကို ငြီးငွေ့နေတာပါ။ တရားအားထုတ်တဲ့ သတိ၊ ဝီရိယတွေပါတဲ့ စိတ်ကိုတော့ အမြဲရှိနေအောင်ကြိုးစားနေပါတယ်။ မပျင်းပါဘူး"

"ဖြစ်ချင်တာ မဖြစ်ရလို့ ကိလေသာနဲ့ငြီးငွေ့တာက ပျင်းတာပါ"

"ဟာ... ဒီလိုဆိုရင် တပည့်တော်က ဘာတွေဖြစ်ချင်တာ မဖြစ်လို့ ပျင်းရတာလဲဘုရား"

"ကောင်းကျိုးချမ်းသာလိုချင်လို့၊ ရဖို့ တရားအားထုတ်တယ်။ အာရုံရဲ့သဘောကို သိဖို့အားထုတ်တယ်။ ဒါပေမဲ့ တစ်ခါလာလည်း ဒါပဲ၊ တစ်ခါလာလည်း ဒါပဲဆိုတဲ့စိတ်မျိုးနဲ့ စိတ်ချမ်းသာမှုမရစေတော့ ပျင်းလာတာပေါ့။ အာရုံရဲ့ သဘောအမှန်ကို မသိမမြင်တော့ ပျင်းလာတာပေါ့"

"ဟာ. . တပည့်တော်လည်း ဆရာသမားတွေ ခိုင်းတဲ့အတိုင်း အားထုတ်တာပါပဲဘုရား"

"ဟုတ်ပါတယ်။ တပည့်တိုင်းဟာ ဆရာသမားတွေ အားထုတ်ခိုင်းတဲ့အတိုင်း အားထုတ်ကြတာပါပဲ။ ဒါပေမဲ့ ဦးပဉ္စင်းတို့ရဲ့ နိဗ္ဗာန်ရောက်လိုသူတို့ရဲ့ ဆရာအစစ်ဖြစ်တော်မူတဲ့ ဘုရားရှင်က ဝိပဿနာကမ္မဋ္ဌာန်းတရားအားထုတ်သူတွေအား အာရုံရဲ့ သဘောကို သေချာသိဖို့ အာရုံနဲ့ဆုံခိုက်၊ အာရုံကို ဂရုတစိုက်ကြည့်လိုက်စေချင်ပါတယ်တဲ့"

"ဟာ... တပည့်တော်လည်း အာရုံကို ဂရုတစိုက်ကြည့်တာပါပဲဘုရား"

"အင်း . . ဒီလိုပဲ ပြောကြတာပါပဲလေ။ ကဲ ... ဒီလိုဆိုရင် အခုဒကာမကြီးက ထိုင်နေတယ်၊ နေသာသလို ထိုင်နေတာပါပဲ။ ညာဘက်လက်က ကြမ်းပြင်ကို လက်ဖနောင့်လေးနဲ့ ထိနေတယ်။ ဘယ်ဘက်လက်က ပေါင်ပေါ်တင်ထားတော့ လက်ဖနောင့်နဲ့ ပေါင်နဲ့ထိနေတယ်"

"ဟုတ်တာပေါ့ဘုရား၊ ဟုတ်တယ်၊ ဟုတ်တယ်"

"ကဲ... ဒီလိုဆိုရင် ညာလက်နဲ့ ထိတာရယ်၊ ဘယ်လက်နဲ့ထိတာရယ် ဒီနှစ်ခုကိုပဲ ပြောကြဦးစို့။ တခြားထိနေတာတွေကိုတော့ မပြောတော့ပါဘူး"

"မှန်လှပါဘုရား"

"ကဲ... အဲဒီထိတာနှစ်ခုကို ရှုတဲ့အခါမှာ၊ ကြည့်တဲ့အခါမှာ ဘယ်လက်နဲ့ထိတာကို ကြည့်မလား၊ ညာလက်နဲ့ထိတာကို ကြည့်မလား"

"ဟဲ... အဲဒါမှဒုက္ခပဲ၊ စိတ်က ဘယ်ဘက်ရော၊ ညာဘက်ရောနှစ်ခုစလုံးကို လိုက်ရှုသလို... ဖြစ်နေတယ်ဘုရား"

"ဟုတ်တယ်၊ ဒီလိုပဲဖြစ်တတ်ကြပါတယ်။ ဒကာမကြီး သဘောပေါက်အောင် ဦးပဉ္စင်းပြောတတ်သလို ပြောကြည့်ပါ့မယ်။ နားမလည် သဘောမပေါက်ရင်တော့ ဦးပဉ္စင်း အပြောအဟော ညံ့လို့ပဲမှတ်ပေါ့"

"အမယ်လေး အရှင်ဘုရားကလည်း စကားတွေ ဘာတွေခံနေလိုက်တာ၊ ပြောမှာသာ ဆက်ပြီးပြောပေးပါဘုရား၊ တပည့်တော် သိချင်လို့ပါ၊ ဘယ်ဟာကို ဘယ်လိုရှုရမလဲဆိုတာ သေချာသိဖို့ အရေးကြီးပါတယ်ဘုရား"

"ကဲ. . ဘယ်လက်၊ ညာလက် ဆိုတာတွေက နေရာဒေသတွေပါ၊ ထိတာချင်းက တူနေတဲ့အာရုံပါ၊ အဲဒီတော့ ဘယ်လက်၊ ညာလက်ဆိုတာကို ရှုမလား၊ ထိတာကို ရှုမလား"

"ဩော်.. သိပြီဘုရား၊ ထိတာကိုရှုမှာပေါ့၊ နေရာတွေကို ဘယ်ရှုမလဲ၊ အာရုံကိုပဲ ရှုမှာပေါ့ဘုရား"

"အမယ်. . တယ်ပြီးဟုတ်လှပါလား၊ ကဲ. . ဒီလိုဆိုရင် နေရာတွေမပါဘဲ ဘယ်လက်၊ ညာလက်၊ ဘယ်ခြေ၊ အထက်ပိုင်း၊ အောက်ပိုင်း၊ ဟိုနားဒီနား၊ နှာခေါင်း၊ ငယ်ထိပ်၊ ရင်ဘတ်၊ ဝမ်းဗိုက်၊ ပေါင်၊ ခြေသလုံးဆိုတဲ့ နေရာတွေကို ရှုမှာလား၊ ထိတာရှုမှာလား"

"ထိတာပဲ ရှုမှာပေါ့၊ ထိတာက အာရုံ၊ ဟိုဟာတွေက နေရာကိုးဘုရား"

"ကဲ ဆက်ပြီးစဉ်းစားဉာဏ်နဲ့ နားထောင်ပါဦး၊ လူတွေပြောတဲ့ သတ်မှတ်တဲ့ နေရာကတော့ ကွာသလို၊ လွတ်သလိုဖြစ်လာပါပြီ၊ တစ်ဆင့်တက်ပြီး ထိတာကို ပြောကြပါဦးစို့" ထိတာကလည်း အာရုံဆိုတော့ လှုပ်တာကလည်း အာရုံ၊ တင်းတာ၊ ပူတာ၊ အေးတာ၊ ငြိမ်တာ၊ ထိတာ၊ မာတာ၊ ပျော့တာ၊ သိသာတာ၊ မသိသာတာဆိုတဲ့ အာရုံတွေကလည်း အမျိုးမျိုးသတ်မှတ်ချက်တွေနဲ့ ကွဲနေပြန်သေးတယ်လေ။ အဲဒီတော့ သတ်မှတ်ချက်အမျိုးမျိုးတွေကို သိအောင် ကြည့်ရမှာလား၊ အာရုံအစစ်ကို သိအောင်ကြည့်ရမှာလား"

"ဟာ.. ဟုတ်တယ်နော်၊ ထိတာ၊ မထိတာ၊ လှုပ်တာ၊ ငြိမ်တာ စတဲ့အဲဒီအာရုံတွေကိုလည်း ကြည့်ရမှာပါပဲ၊ ဒါပေမဲ့ တကယ့်အစစ်အာရုံဆိုတာလည်း ရှိဦးမယ်နဲ့ တူတယ်နော်ဘုရား"

သာဓု ဒကာမကြီး၊ သာဓုပါပဲ၊ နေရာတွေ ပုံသဏ္ဌာန်တွေ၊ အရွယ်အစားတွေကို သတိထားလို့ တော့ရပါတယ်၊

စာမျက်နှာ ၂၁ သို့ ✳

# ပါရမီဆယ်ပါးမင်္ဂလာ

သုတေသီ ဦးသိမ်းဇံ

## ဝီရိယပါရမီ

**ဝီရိယအကျိုး**

"ယူဇနာ ၆၀ နီးပါးရှိတဲ့ သဲကန္တာရခရီးကိုသွားရမှာ။ ခက်ခဲတဲ့လမ်းပဲ။ ဒီလိုခက်ခဲတဲ့ခရီးဟာ အကျိုးအမြတ်ပိုရတတ်တဲ့ သဘောတော့ရှိတယ်"

လှည်းမှူးကြီးက သွားရမည့်ခရီးစဉ်အတွက် ကြိုတင်မြော်တွေးကာစကားဆိုလိုက်ခြင်းဖြစ်သည်။

"ကဲ- သဘောဆန္ဒ ဘယ်လိုရှိကြသလဲ"

"ဟုတ်ကဲ့။ အားလုံးလိုက်ကြမှာပါ။ အခက်အခဲကို အတူတကွရဲရဲရင်ဆိုင်ဖြတ်သန်းကြတာပေါ့"

ငါးရာသော လှည်းသားကုန်သည်တို့က တစ်သံတည်းသောစကားကို ဆိုကြရာ လှည်းမှူးကြီးက ခေါင်းတဆတ်ဆတ်ညိတ်လျက် စကားဆက်သည်။

"ဟုတ်ပေပြီ။ ဒီတော့ ဝန်အပြည့်တင်ထားတဲ့လှည်းက ငါးရာ၊ လှည်းသားက ငါးရာ၊ အကူလုပ်သားက တစ်ရာ၊ နွားက တစ်ထောင်၊ အရန်အဖြစ်ပါလာမယ့်နွားက အကောင်ရှစ်ဆယ်၊ ဒီလူတွေ၊ နွားတွေအတွက် ရိက္ခာတွေကို အချိုးကျတင်ရမယ်။ ဒီခရီးမှာ မောင်သုတ မပါမဖြစ် ပါကိုပါမှရမယ်"

မောင်သုတအမည်ကို လှည်းမှူးကြီးက ပြောလိုက်သည့်အတွက် လှည်းသားအချို့က လှုပ်လှုပ်ရွရွဖြင့် မေးခွန်းထုတ်ချင်ကြဟန်ရှိနေသည်ကို လှည်းမှူးကြီးက လက်ပြတားလိုက်ပြီး စကားဆက်ပြောသည်။

"ယူဇနာတစ်ထောင်နီးနီးရှိတဲ့ခရီးစဉ်တွေ သွားဖူးတဲ့အတွေ့အကြုံရှိပေမယ့် သဲကန္တာရခရီးမပါဘူး။ ခုခရီးက သဲကန္တာရခရီးဖြစ်တယ်။ ကုန်းလမ်းမှာ လမ်းကရှိပြီးဖြစ်ပေမယ့် သဲကန္တာရက ပုံမှန်လမ်းမရှိဘူး။ လမ်းရှိဖူးရင်တောင် သဲမုန်တိုင်းတွေတိုက်လို့ လမ်းပျောက်နေမှာပဲ။ ဒီခရီးကို သွားရမှာက အားကိုးစရာဆိုလို့ ကောင်းကင်မှာရှိတဲ့ နက္ခတ်တွေပဲ ရှိတယ်၊ နက္ခတ်တွေကို ကြည့်သွားရမှာ"

အားလုံးငြိမ်လျက် နားစွင့်နေကြသည်ကို လှည်းမှူးကြီး၏စကားက သက်ဝင်လှုပ်ရှားစေလိုက်သည်။

"ဒီခရီးမှာ ငါက ကွပ်ကဲမယ်ဆိုပေမယ့် အဓိကဦးဆောင်သူအဖြစ် မောင်သုတ တာဝန်ယူမှာဖြစ်တယ်။ သူညွှန်တဲ့လမ်းအတိုင်းသွားမှာ။ ဒါကြောင့် ငါတို့အားလုံးရဲ့အသက်ဟာ မောင်သုတအပေါ်မှာ တည်နေတယ်ဆိုတာ သိထားရမယ်"

ရှင်းလင်းပြတ်သားစွာ လှည်းမှူးကြီးကပြောလိုက်ရာ လှည်းသမားများအားလုံးက မောင်သုတကို အားကိုးသည့်အမူအရာများဖြင့် အားတက်သွားကြသည်။ မောင်သုတကတော့ ကောင်းကင်၊ နေ၊ လ၊ နက္ခတ်အခြေအနေတို့ကို ကြည့်ရှုနေရာမှ ခရီးစတင်ထွက်ခွာရန် ဆော်ဩော်လိုက်လေသည်။

"ဒီအချိန်ကစပြီး ခရီးကြမ်းကြီးစတင်ပြီလို့ မှတ်ယူကြပေတော့။ တို့တွေအားလုံး နေ့ဘက်မှာနားပြီး ညဘက်မှာ လရောင်ကိုအားပြုလို့ ခရီးဆက်ကြရလိမ့်မယ်။ မောင်သုတလမ်းညွှန်တဲ့အတိုင်း တစ်သဝေမတိမ်းလိုက်နာကြရမယ်"

လှည်းမှူးကြီးက ခရီးကြမ်းကိုမြော်တွေးကာ ထပ်မံသတိပေးလိုက်ခြင်းဖြစ်သည်။

မောင်သုတ၏လမ်းညွှန်မှုအတိုင်းခရီးဆက်ကြရာ ယူဇနာတစ်ရာ့ငါးဆယ်ကျော်ပင်ရောက်ရှိလာသဖြင့် နောက်ထပ် ကိုးယူဇနာကျော်လျှင် ကန္တာရကို လွန်မြောက်နိုင်မည်ဖြစ်သည်။ ယင်းကန္တာရကိုကျော်လွန်လျှင် ခရီးကြမ်းမှာ ဆုံးပြီဖြစ်၍ လှည်းသားများပျော်ရွှင်နေကြသည်။

"တို့သွားနှုန်းနဲ့ သွားခဲ့တဲ့ရက်ကိုတွက်ကြည့်လိုက်ရင် လမ်းခရီးအကျန်ကို လွယ်လွယ်နဲ့သိနိုင်တယ်။ တစ်ရက်ခရီးပဲ ရှိတော့တယ်။ ဒီတော့ အပိုဖြစ်နေတဲ့ ဝန်စည်စလယ်တွေကို စွန့်ပစ်လို့ရပြီ"

အေးလေ ဘာလို့ အလေးခံပြီး သယ်နေဦးမှာလဲ။ ကန္တာရကျော်လွန်ရင် ခရီးကြမ်းကလွတ်မြောက်ပြီလေ။ ဒီထက်ကောင်းတဲ့ အစာရေစာတွေရတော့မှာပေါ့"

လှည်းသားအားလုံးက မောင်သုတစကားကို ယုံကြည်ကြသည်။ ဝန်တင်လှည်းကိုရုန်းနေရသည့် နွားတို့သည်ပင် ဝန်ပေါ့သွားလျှင် ပို၍ခရီးတွင်နိုင်သည်ဖြစ်ရာ အများသဘောတူ ရေနှင့်ထင်းတို့ကိုပါ စွန့်ပစ်ကြလေသည်။

"ဟိုးထား၊ ဟိုးထား" ဟုဆိုကာ လမ်းမှားနေကြောင်း မောင်သုတက အသိပေးလိုက်ရာ လှည်းသားများ လှုပ်လှုပ်ရွရွဖြစ်ကုန်ကြပြီး တစ်ယောက်တစ်ပေါက် အသံထွက်လာရတော့သည်။

"အားလုံးကို တောင်းပန်တယ်။ ညတိုင်းငုတ်တုတ်မိုးလင်းခဲ့တော့ ငိုက်ပြီးလမ်းလွဲသွားရတာပါ"

မောင်သုတက ဝန်ခံသည့်တိုင် လမ်းခရီးမှန်းချက်မကိုက်တော့သဖြင့် စွန့်ပစ်လိုက်သည့် ရေက အရေးပါလာတော့သည်။ အခြေအနေမှန်ကိုသိနေသည့် လှည်းမှူးကြီးက အကူ သုံး၊ လေးယောက်ခေါ်ကာ သဲကန္တာရထဲတွင် ရေအရှာထွက်ရာ နေစာမြက်ဖုတ်ကလေးတွေ့၍ ထိုနေရာကို ရေတူးခိုင်းတော့သည်။

သို့သော်ထင်သလို ရေထွက်မလာသေးသဖြင့် ဆက်လက်တူးဖော်ရာ ကျောက်ဖြာတစ်ခုက ကြားခံဖြစ်နေသည်။ ရေတူးသူများလက်မှိုင်ချရသည်အထိ အားလျှော့လာရသည်။ မဆုတ်မနစ်သောဇွဲ၊ လုံ့လ၊ ဝီရိယတို့ဖြင့် ကျောက်ဖြာကြီးကို ဆက်လက်တူးဖော်ရာ ရေကိုရရှိလေတော့သည်။

ထို့ကြောင့် အလွယ်တကူလုပ်ဆောင်၍ မရသည်ကို ဆက်လက်ကြိုးစားလုပ်ဆောင်ရာမှ အောင်မြင်မှုရရှိခဲ့ခြင်းသည် ဝီရိယအကျိုးပင်ဖြစ်ပေတော့သည်။ ။

✳ စာမျက်နှာ ၂၀ မှ

ဒါပေမဲ့ ဒီနေရာတွေ၊ ပုံသဏ္ဌာန်တွေ၊ အရွယ်အစားတွေ၊ သတ်မှတ်ချက်တွေကို သတိထားနိုင်ပေမယ့် ဉာဏ်က ပိုင်းခြားဝေဖန်ခြင်း မပြုပါဘူး၊ ဒါတွေက သညာရဲ့အလုပ်တွေပါ”

“တကယ်တမ်း ဝိပဿနာဉာဏ်ရဲ့ ပိုင်းပိုင်းခြားခြား သိစရာက အာရုံအစစ်ပါ၊ အာရုံအစစ်ရဲ့ သဘောလက္ခဏာတွေပါ။ ဉာဏ်ကသာ အာရုံရဲ့ သဘောကို ပိုင်းပိုင်းခြားခြားသိနိုင်တာပါ”

“အာရုံရဲ့သဘောကို ပိုင်းပိုင်းခြားခြား အမှန်အတိုင်း ဉာဏ်ကသိဖို့ဆိုရင် သတိကလည်း အာရုံအစစ်ကို စိတ်နဲ့ဆုံခိုက် သေသေချာချာဆုပ်ကိုင်ပေးနိုင်ရပါမယ်၊ ဒါမှလည်း ဉာဏ်က ပိုင်းဖြတ်နိုင်မှာပါ”

“ငြိမ်းငွေ့တတ်တဲ့ ဉာဏ်အစစ်အတွက် အာရုံအစစ်ကို တွေ့ရမယ်ဆိုတာ သဘောပေါက်ပါ၊ အာရုံအစစ်ကို မတွေ့ဘဲ၊ သညာရဲ့သတ်မှတ်ချက်နေရာတွေ၊ ပုံသဏ္ဌာန်တွေကိုသာ ဂရုစိုက်ကြည့်နေရင် သညာကြောင့် သတိတော့ဖြစ်ချင်ဖြစ်ပါလိမ့်မယ်၊ ဒါပေမဲ့ မြေပြင်မှာ လှေလှော်သလို ပျင်းရိငြီးငွေ့လာတာမျိုးသာ ဖြစ်လာတတ်ပါတယ်”

“တကယ့်အာရုံအစစ်ဆိုရင် ရုပ်အစစ်၊ နာမ်အစစ်ရေပြင်မှာသာဆိုရင် ဉာဏ်အစစ်တွေပေါ်ပြီး နိဗ္ဗာန်ကိုရောက်အောင် လှော်ခတ်နိုင်ပါလိမ့်မယ်၊ ဒါကြောင့်… ”

“ဟုတ်ပါပြီဘုရား၊ တပည့်တော် သဘောပေါက်ပါပြီဘုရား၊ ဘုရားရှင်သော်မှ မှားတဲ့အသိကို မှားမှန်းသိလို့ ပြင်သေးတယ်၊ ပြင်လို့ ဘုရားဖြစ်တယ်ဆိုရင် တပည့်တော်တို့လည်း မှားမှန်းသိရင် ပြင်ရမှာပေါ့ဘုရား”

“ဟုတ်ပါတယ် ဒကာမကြီး၊ ဒါမှလည်း တရားအလုပ်ရဲ့ဂုဏ်ဆိုတဲ့ ကောင်းကျိုးချမ်းသာတွေ ပေါ်ထွက်လာမှာ သေချာပါတယ်။ ကြိုးစားပေါ့ဟုတ်လား”

“မှန်လှပါဘုရား၊ ကြိုးစားပြီးပြင်ပါ့မယ်ဘုရား”။ ။

**ဓမ္မဒူတ ဒေါက်တာအရှင်ဆေကိန္ဒ၏ ခန့်တဲ့စိတ်နဲ့ နေပါ့မယ် စာအုပ်မှ ဆရာတော်၏ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြပါသည်။**

# ကပ္ပိခြင်း




ယခုကျွန်တော်တို့ ဆက်လက်လေ့လာထားကြရဦးမှာက“ကပ္ပိခြင်း” ဟူသော ဝိနည်းကံ ကိစ္စလေးပင်ဖြစ်သည်။ ကပ္ပိခြင်း၏အဓိပ္ပာယ်မှာ ရဟန်းတော်များအတွက် မအပ်စပ်သည်ကို အပ်စပ်လေအောင် ပြုလုပ်ပေးရခြင်းဖြစ်သည်။

၂၂၇ သွယ်သော သိက္ခာပုဒ်တို့တွင် ရဟန်းများအတွက် “မြက်၊ သစ်ပင်တို့ကို မဖျက်ဆီးရ” ဟူသော သိက္ခာပုဒ်တစ်ပုဒ် ပါဝင်လေသည်။ ထိုသိက္ခာပုဒ်အရ ရဟန်းတစ်ပါးပါးသည် ယုတ်စွအဆုံး မြက်တစ်ပင်၊ သစ်ရွက်လေးတစ်ရွက်ကိုသော်မှ နုတ်မိ၊ ဆိတ်ခူးမိလေသော် ပါစိတ်အာပတ်သင့်ရလေသည်။

တစ်ဖန် ထိုသိက္ခာပုဒ်နှင့်စပ်ပြီး ဝိနည်းကျမ်းများ၌ ဖွင့်ဆိုထားသည်မှာက ၁။ ဘူတဂါမ်ကို ဖျက်ဆီးက ပါစိတ်အာပတ်သင့်၍ ၂။ ဗီဇဂါမ်ကို ဖျက်ဆီးပါက ဒုက္ကဋ်အာပတ်သင့်သည်ဟူ၍ ဖြစ်သည်။

ဘူတဂါမ်ဟူသည် ရှင်သန်ကြီးထွားနေသော မြက်၊ သစ်ပင်ဟူသမျှကို ခေါ်ပြီး ဗီဇဂါမ်မှာမူ ၁။ အမြစ်၊ ၂။ ပင်စည်၊ ၃။ အညွန့်၊ ၄။ အဆစ်၊ ၅။ မျိုးစေ့ ဟူသောမျိုးစေ့အပေါင်းကို ခေါ်ခြင်းဖြစ်သည်။ မှန်သည်။ အချို့အပင်က အမြစ်ကို စိုက်ရပြီး အချို့က ပင်စည်၊ အချို့က အညွန့်လေးထိုးစိုက်ရသည်။ အချို့မှာ အဆစ်ကို ပျိုးရပြီး အချို့ကျတော့ အစေ့ကို ပျိုးယူရလေသည်။ သည်တွင် ကျွန်တော်တို့နှင့် ဆက်နွှယ်နေသော ဆွမ်းကွမ်း စသည်ဆက်ကပ်ရာ၌ “တို့စရာ” အဖြစ် ဖြင့် မြင်းခွာရွက်ကဲ့သို့မျိုး၊ ကန်စွန်းရွက်တို့၊ ပူစီနံရွက်တို့ကဲ့သို့မျိုး၊ ငရုတ်သီးစိမ်းကဲ့သို့မျိုး စသည် စသည်ဖြင့် အလျဉ်းသင့်သလို ထည့်တတ်ကြခြင်းဖြစ်သည်။

ထိုတို့စရာတို့သည် လူတကာတို့က နုတ်ပြီးသား၊ ဆွတ်ခူးပြီးသားဖြစ်၍ အပင်အဖြစ်မှ ကင်းသော်လည်း နောက်ထပ် အပင်ပေါက်ဦးမည်ဖြစ်၍ မျိုးစေ့တွင် ပါဝင်နေရကား တို့စရာအဖြစ်နှင့် ဘုဉ်းပေးလိုသော် “ကပ္ပိခြင်း” ဟူသော ဝိနည်းကံလေးပြုပြီးမှ တို့ကောင်း၊ ဘုဉ်းပေးကောင်းလေသည်။ ကပ္ပိခြင်း ပြုပုံမှာ -

ရဟန်းက “ကပ္ပိယံ ကရောဟိ”ဟုဆိုကာ ဒကာက “ကပ္ပိယံ ဘန္တေ” ဟုဆို၍ လက်သည်းလေးဖြင့် ဆိတ်လိုက်ရလေသည်။

လက်သည်းအပြင် မီးနှင့်တို့ခြင်း၊ ဓားနှင့်လှီးဖြတ်ခြင်းစသည်တို့ကိုလည်း ပြုနိုင်သည်။ ကပ္ပိမည့်ပစ္စည်းအမျိုးအစားကိုလိုက်၍ သင့်ရာနှင့် ကပ္ပိပေးရလေသည်။

ရှေးရှေးအခါများကမူ ညဘက်များတွင် ကျောင်းသား၊ ကိုရင်တို့အား ဆရာဘုန်းကြီးများက လင်္ကာလေးစီ၍ သင်ပေးလေ့ရှိသည်။ ထိုလင်္ကာမှာ–

**“‘ကပ္ပိယံ ကရောဟိ’ ဆိုလို့ရှိ၊ ‘ကပ္ပိယံ ဘန္တေ’ ဆိုဆိတ်လေ”**ဟူ၍ဖြစ်သည်။ ကပ္ပိယံ ကရောဟိ–ဆိုသည်မှာ “အပ်စပ်အောင်လုပ်ပါ” ဟု ဆိုခြင်းဖြစ်၍ “ကပ္ပိယံ ဘန္တေ” မှာ အရှင်ဘုရား အပ်စပ်အောင် လုပ်ပြီးပါပြီဟု ဆိုခြင်းဖြစ်သည်။

ဤသည်ကို အချို့မသိ၍ ရပ်ထဲရွာထဲမှာပဲ ဖြစ်ဖြစ်၊ ကျောင်းကန် စသည်မှာပဲဖြစ်ဖြစ် ဘုန်းကြီးက “ကပ္ပိယံ ကရောဟိ” ဆိုသည့်အခါ အချို့ဘာလုပ်လို့ ဘာလုပ်ရမှန်းမသိ။ အချို့ကျတော့လည်း “ကပ္ပိယံ ဘန္တေ”ဟု မဆိုဘဲ ဆရာဘုန်းကြီးဆိုသလို “ကပ္ပိယံ ကရောဟိ”လို့ လိုက်ဆိုလိုဆိုဖြင့် အံဝင်ခွင်ကျမဖြစ်ဘဲ ရှိနေသည်ကို တွေ့ရတတ်သည်။

ထို့ကြောင့် ဖော်ပြပြီး ကပ္ပိခြင်းကိစ္စလေးကို မိမိကိုယ်တိုင်လည်း မသိသေးက သိအောင်ပြုထားရန်နှင့် အခြားမသိသူရှိကလည်း ထပ်ဆင့်သင်ပေးနိုင်ရန် လိုပေသည်။ ။

# ယဉ်ကျေးလိမ္မာအစပြု စာသင်ခန်းယဉ်ကျေးမှု(၂၇)

ဦးမင်းဟန်(ဘီအေ)

“ဘိုးလေးရေ၊ သင်္ကြန်ရောက်တော့မယ်နော်”

“ဟဲ့၊ မောင်ထူး နင်က သင်္ကြန်သီချင်းတွေကြားပြီး လျှောက်ပြောမနေနဲ့”

မောင်ထူး၏စကားကို ပူစူးမက ချက်ချင်းဝင်ပြောသည်။ ဘိုးလေးကြွက်က ခေါင်းတဆတ်ဆတ်ညိတ်ရင်း အဝေးကိုငေးနေ၏။

“ဒါကတော့ မောင်ထူးပြောတာမှန်ပါတယ်။ အတာသင်္ကြန်ရောက်တော့မှာပေါ့”

“သင်္ကြန်ပြီးရင် အောင်စာရင်းတွေထွက်မယ်။ ကြိုတင်ရင်ခုန်ကြတာပေါ့”

မောင်ထူးစကားကို ကိုဦးက ထောက်ခံစကားဆိုလိုက်သည့်တိုင် မောင်ထူး၊ ကိုဦးနှင့် ပူစူးမတို့သုံးဦးသား အပြန်အလှန်ပြောသကဲ့သို့ ဖြစ်နေရာ စကားများကို ဘိုးလေးကြွက်က နားစွင့်နေပြီး ဖြည်းဖြည်းချင်းသာ ပြန်ပြောလိုက်သည်။

“မောင်ထူးတို့၊ ကိုဦးတို့၊ ပူစူးမတို့ ဘာတွေများ အငြင်းပွားနေကြတာလဲ”

“အတာသင်္ကြန်အကြောင်းလေးပြောမိတာပါ ဘိုးလေး”

“ဟေ– ဆိုပါဦး”

ဘိုလေးကြွက်က ကြားဖြတ်ပြောရင်း ဖြစ်ရိုးဖြစ်စဉ်တစ်ခုအဖြစ် သွေးအေးအေးနှင့်ဆက်ပြောသည်။

“ဒါကတော့ကွာ ဖြစ်ရိုးဖြစ်စဉ်ပါပဲ။ မြေးတို့ဘောလုံးကန်တဲ့အခါ အနည်းနဲ့အများတော့ ထိခိုက်နာကျင်တတ်တယ်လေ။ ဒီသဘောတရားကို သိထားဖို့လိုတာပေါ့။ ဧပြီလရောက်ရင် သင်္ကြန်ရက်ရောက်လာရစမြဲပဲ။ သင်္ကြန်ကာလကတော့ ထုံးစံအတိုင်းပဲပေါ့၊ ခရီးထွက်သူထွက်။ အိမ်ပြန်သူကပြန်။ တရားရိပ်သာဝင်သူကဝင်။ ကိုရင်ဝတ်သူကဝတ်၊ သီလရှင်ဝတ်သူဝတ်၊ ကိုယ်သန်ရာသန်ရာလုပ်ကြတဲ့သဘောပါပဲ။ ထူးခြားတာက သင်္ကြန်စည်းကမ်းတွေကို တိတိကျကျလိုက်နာနိုင်ဖို့ လိုတာပေါ့ကွယ်”

ဘိုးလေး၏ စကားကြောင့် မောင်ထူးက မျက်လုံးဝိုင်းသွားသည်။ မောင်ထူးတစ်ယောက် ဘာဆက်ပြောရမည်မှန်းမသိဖြစ်နေစဉ် ပူစူးမက စကားဆက်ပြောသည်။

“သင်္ကြန်စည်းမျဉ်းတွေက တစ်နှစ်နဲ့တစ်နှစ် မတူညီဘူးနော်။ တူတာတစ်ခုပဲရှိတယ်။ အမျိုးသားရေးကို အထူးအလေးထားတာပဲပေါ့”

“ဒါဆို အဲဒီစည်းကမ်းတွေက ဘယ်ကလာမှာလဲ”

“သက်ဆိုင်ရာက ကြေညာပေးမှာပဲလေ။ လူတွေက စည်းကမ်းလိုက်နာဖို့ပဲလိုတာ”

ကိုဦးက ပြောပြောဆိုဆို ရေဖလားကိုကိုင်ကာ ရေလောင်းမည်အပြုဘိုးလေးကြွက်က လက်ကာတားလိုက်ရင်း စကားဆက်သည်။

“မြေးတို့ကို ဘိုးလေးမှာချင်တယ်။ အရပ်ထဲမှာဖြစ်ဖြစ်၊ ကျောင်းမှာဖြစ်ဖြစ် ရေကစားတဲ့အခါ အပြင်းအထန်မကစားရဘူး။ စိတ်လွတ်လက်လွတ်လည်း မကစားရဘူးကွယ့်။ ရေကစားတဲ့အခါ ကြမ်းကြမ်းတမ်းတမ်းနဲ့ မကစားရဘူးနော်။ ရေကစားတယ်ဆိုတာ မျှမျှတတနဲ့ ပြေလည်မှုရှိရှိကစားတာကောင်းတယ်။ အတ္တအလိုဆန္ဒကို ရှေ့တန်းမတင်ရဘူး။ အပြင်းအထန်မလုပ်ရဘူး။ ရေလောင်းတယ်ဆိုတာ ရိုးရာဖြစ်လို့ မှန်ကန်ကောင်းမွန်နေပေမယ့် ဇွတ်တရွတ်မလောင်းရဘူး။ ရေကစားတဲ့ပုံစံလည်း အမျိုးမျိုးရှိသေးတယ်။ အချင်းချင်းရေဘောလုံးလုကြတဲ့အခါမှာလည်း ဘောလုံးရရှိရေးကို ရှေးရှုပြီး တစ်ဖက်သားထိခိုက်နာကျင်အောင် မကြမ်းတမ်းသင့်ဘူး။ အပျော်ကစားကြတာဖြစ်ပေမယ့် စည်းနဲ့ကမ်းနဲ့ဖြစ်ရမယ်။ စည်းစနစ်နဲ့ ရေကစားရင် နောင်အခါ အလေ့အကျင့်ရလာပြီး စည်းစနစ်ကျတဲ့သူဖြစ်လာမယ်။ အားလုံးက သန့်သန့်ရှင်းရှင်းနဲ့ ရေကစားတတ်လာရင် စည်းကမ်းဆိုတာတွေကို သီးသန့်ထုတ်ပြန်စရာမလိုတော့ဘူးပေါ့ကွယ်”

“ဟုတ်ကဲ့ ဘိုးလေး။ မှတ်သားထားပါ့မယ်”

“လမ်းလျှောက်သင်္ကြန်ကို သွားတဲ့အခါ ကိုယ့်အဖွဲ့နဲ့ကိုယ် မျက်ခြည်မပြတ်စေနဲ့”

“ဟုတ်ကဲ့ဘိုးလေး”

မောင်ထူး၊ ကိုဦးနှင့် ပူစူးမတို့သုံးဦး၏အသံက ညီညာစွာ သံပြိုင်ထွက်ကျလာသည်။

“ထပ်ပြီးသတိပေးချင်တာက မြန်မာ့ရိုးရာသင်္ကြန်ဖြစ်လို့ မြန်မာ့ယဉ်ကျေးမှုနဲ့ အမျိုးသားရေးကို အထူးသတိထားရမယ်။ အိမ်မှာဖြစ်ဖြစ်၊ ကျောင်းမှာဖြစ်ဖြစ်၊ ရပ်ကွက်ထဲမှာဖြစ်ဖြစ် ရေကစားတဲ့အခါ အဓိကအနေနဲ့ ရေကို တန်ဖိုးရှိစွာအသုံးချနိုင်ရမယ်။ ဆရာ ဆရာမတွေကို ရေလောင်းချင်ရင် ခွင့်တောင်းပြီး လက်ခံပါမှ ရေလောင်းရမယ်နော်။ အပျော်ကြူးရင် ခိုက်ရန်ဖြစ်ပွားတတ်လို့ အပျော်မကြူးဖို့ ဘိုးလေးက သတိထပ်ပေးချင်တယ်”

“ဟုတ်ကဲ့ဘိုးလေး။ မြေးတို့အားလုံး သတိပြုဆင်ခြင်ကြပါမယ်ဆိုတာ ကတိပေးပါတယ်။

“သာဓုကွယ် သာဓု သာဓု”။ ။

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ မောင်မောင်ဖြူ၏ "နွေဦးကာလ မြူထသောခါ" အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့၊ ဗုဒ္ဓဟူးနေ့နှင့် သောကြာနေ့တို့တွင် ဖော်ပြပေးသွားမည် ဖြစ်ပါသည်။




၃-၅-၂၀၂၃ ရက်မှအဆက်

"ဟုတ်တယ် ဆရာကြီး။ ကျုပ်တို့ အဲဒီသတင်းကြားရပြီးကတည်းက ထန်းပင်တွေများ တကယ်လို့ ခုတ်လှဲပစ်ရင်တော့ ခက်ရချည်ရဲ့ဆိုပြီး အလွန်ပူနေတာ" ဟု ကိုဖိုးလုံးကပါ စိုးရိမ်သံဖြင့် တောသားလူရိုးများပီပီ ပြောလိုက်၏။

အခြား ထန်းသမားများကလည်း ကိုစံအေးတို့၏ စကားကို ထောက်ခံဘိအလား ခေါင်းတညိတ်ညိတ်နှင့်ပြုရင်း ဆရာကြီးဦးလှဒင် ပြန်ပြောမည့်စကားကိုသာ နားစွင့်နေကြသည်။

"ဒီကိစ္စနဲ့ပတ်သက်လို့ တော်တော် တလောက ကျွန်တော် သတင်းစာထဲမှာ ဖတ်လိုက်ရပါတယ်။ မလုပ်ဖြစ်ဘူးလို့ဆိုတယ်။ ဘာကြောင့်တုံးဆိုတော့ ထန်းဆယ်ပင်မှ စက္ကူတစ်တန်သာ ထွက်သတဲ့။ အဲဒါ ပထမ ဦးနုအစိုးရ လက်ထက်တုန်းက အမေရိကန်အကူအညီနဲ့ ထန်းစက္ကူလုပ်ဖို့ စီမံကိန်းရေးဆွဲခဲ့တာပေါ့။ အဲဒီလို ထန်းဆယ်ပင်မှ စက္ကူတစ်တန်သာ ထွက်တဲ့အကြောင်း အမေရိကန်က စကားပြန်လိုက်တော့ အခု တော်လှန်ရေးအစိုးရက ဒီစီမံကိန်းဟာ အကျိုးမများတဲ့စီမံကိန်းဆိုပြီး ပယ်လိုက်သတဲ့။ နောက်ပြီးတော့ ပြည်မြို့နယ်ဘက်က ထန်းသမားတွေကလည်း ထန်းပင်ကနေပြီး စက္ကူထုတ်လုပ်ဖို့၊ စက္ကူစက်တည်ရန်အတွက် အမေရိကန်နဲ့ ကမ်းလှမ်းစဉ်ကတည်းက "ဒီစီမံကိန်းဟာ ထန်းနဲ့အသက်မွေးမြူတဲ့ ထန်းသမားတွေအဖို့ အကြီးအကျယ် ဝမ်းရေးထိခိုက်သွားလိမ့်မယ်" ဆိုတဲ့အကြောင်း ကန့်ကွက်ခဲ့ဖူးတယ်။ မလုပ်ဖြစ်တာကတော့ ဒီအကြောင်းတွေလည်း ပါသပေါ့လေ"

"အဲသလိုဆို တော်ပါသေးရဲ့ဗျာ။ ခုမှပဲ စိတ်အေးရတော့တယ်။ အရင်ဖြင့် ကျုပ်တို့တက်နေတဲ့ ထန်းပင်တွေ ဘယ်တော့များ လာခုတ်ကြမလဲလို့"

ကိုစံအေးကလည်း လူရိုးပီပီ သူ့ရင်ထဲရှိသည့်အတိုင်း ဝမ်းသာအားရ စိတ်အေးချမ်းသောအသံဖြင့် ပြောလိုက်ရာ အခြားအားလုံးသော ထန်းသမားများမှာလည်း စိတ်လက်ချမ်းမြေ့သွားကြသည်။

"ဒါနဲ့ ဆရာကြီး၊ အခုလို ကျွန်တော်တို့ ထန်းသမားတွေရဲ့ တွေ့ကြုံနေရတဲ့ အခက်အခဲတွေ၊ နစ်နာချက်တွေ။ ပမာဆိုပါတော့ ထင်းလုံလုံလောက်လောက် မရတာ၊ ထန်းအမတော်ကြေး မရတာ၊ အဲဒါတွေကို တောင်သူလယ်သမားတွေက တော်လှန်ရေးအစိုးရနဲ့ တွေ့ဆုံဆွေးနွေးသလို ကျွန်တော်တို့ထန်းသမားတွေကလည်း တော်လှန်ရေးအစိုးရနဲ့ တွေ့ဆုံပြီး ထုတ်ဖော်ပြောပြလိုက်ရရင် ဘယ်လောက်ကောင်းမလဲလို့"

တစ်ချိန်လုံးငြိမ်နေသော ဦးဖိုးခကလည်း သူ့ဆန္ဒကို တင်ပြလိုက်၏။ ဤတွင် ကွမ်းတဖြွတ်ဖြွတ်ဝါးနေသော ဘကြီးထွန်းဘော်က အားတက်သရောဖြင့် -

"မောင်ဖိုးခပြောတာ ဟုတ်သပေါ့။ သလို အစိုးရတွေနဲ့ ပြောဖို့ကျ မင်းတို့ မပြောဝံ့ရင်နေ၊ ငါ တက်ပြောစမ်းချင်လှသကွာ။ တို့များငယ်ငယ် ထန်းသမားဘဝကစပြီး ခု မင်းတို့ခေတ် ထန်းသမားဘဝအခြေအနေတွေအထိ တစ်ခုမကျန်ပေါ့ကွာ"

နွေရာသီပီပီ ပူအိုက်လှသည်။

ညဦးပိုင်းက လေပြင်းပြင်းတိုက်ခတ်နေသော်လည်း ယခုမူ လေငြိမ်သွား၍ ပိုပြီးအိုက်စပ်လာသည်။ တစ်ခါတစ်ရံ တောင်လေကလေး ဝှေ့လာမှသာ နည်းနည်းအေးသလို ဖြစ်လာသည်။ ဤသည်ကလည်း ခဏသာ။

"ဒီလို တွေ့ဆုံဆွေးနွေးဖို့ကျတော့ ကျွန်တော်တို့ ခင်ဗျားတို့ထန်းသမားတွေကလည်း ကြိုးစားယူရမှာပဲ။ ကျွန်တော်တို့နယ်တွေမှာဆိုရင် မြို့နယ်၊ ခရိုင်အလိုက် လုံခြုံရေးနှင့် အုပ်ချုပ်မှုကော်မတီဆိုတဲ့ တော်လှန်ရေးအစိုးရရဲ့ ကိုယ်စားလှယ်အဖွဲ့တွေရှိတယ်။ ဒါကို အတိုနည်းနဲ့ခေါ်တော့ "လ အ က" လို့ ခေါ်ပါတယ်။ ဒီတော့ ကျွန်တော်တို့ မြို့နယ် "လ အ က" က တစ်ဆင့် ဗဟို "လ အ က" တော်လှန်ရေးအစိုးရအထိ တောင်းဆိုယူရမှာပေါ့"

"ဖြစ်အောင်ကြိုးစားစမ်းပါ ဆရာကြီးရယ်" ဟု ဘကြီးထွန်းဘော်က အားပါးတရ ပြောလိုက်၏။

"ကြိုးစားပါ့မယ်ခင်ဗျာ၊ ဒါနဲ့ ..."

ဆရာကြီးဦးလှဒင်သည် သူ့စကားကို ဖြတ်လိုက်ပြီး ထန်းသမားအားလုံးကို ဝှေ့ပတ်၍ အနည်းငယ်စူးစိုက်စွာ ကြည့်လိုက်၏။ ပြီးမှ ဆက်လက်၍ -

"ဒါနဲ့ ကျွန်တော်တို့ ဆွေးနွေးပွဲ လုပ်လာတာလည်း အတော်လေးတောင် ညဉ့်နက်လာပြီ။ ခင်ဗျားတို့လည်း မနက် ထန်းတက်ရဦးမှာနဲ့၊ ကျွန်တော်ဖြစ်စေချင်တဲ့ လုပ်ငန်းတစ်ခုကို ခပ်တိုတိုပဲ ပြောချင်ပါတယ်။ ဘာလဲလို့ဆိုရင် "စုပေါင်းထန်းလျက် ကျိုချက်ရေးလုပ်ငန်း" ပဲ။ ဒါကို အခု ဒီမှာရောက်လာကြတဲ့ ထန်းသမားတွေဟာ စုပြီးလုပ်စေချင်တယ်။ အဲဒါ ခင်ဗျားတို့ ဘယ်လိုသဘောရကြသလဲ။ ခင်ဗျားတို့ရဲ့ဆန္ဒကို ပြောကြစမ်းပါဦး"

ကိုအေးဆွေသည် ယခုမှ သက်မချမိသည်။ စောစောကမူ ယခုညတွင် စုပေါင်းထန်းလုပ်ငန်းအကြောင်းကို ဆွေးနွေးမှ ဆွေးနွေးဖြစ်ပါဦးမလားဟု ပူပင်မိကာ စိတ်စောနေမိသည်။

ဤတွင် တစ်ချိန်လုံး ဘာတစ်ခွန်းမျှ စကားဝင်မပြောဘဲ နားထောင်၍သာနေသော ထန်းသမားကြီးတစ်ဦးဖြစ်သူ ဦးထွန်းဖေက -

"ဘယ်လိုလဲ ဆရာကြီး၊ မောင်အေးဆွေ ပြောပြထားလို့တော့ အတော်အတန် သိပြီးပါပြီ။ သို့ပေမဲ့ ကောင်းကောင်း သဘောမပေါက်သေးလို့ ထပ်ပြီး ပြောပါဦး"

အားလုံးသော ထန်းသမားများကလည်း ဦးထွန်းဖေနည်းတူ ထပ်၍ သိချင်ပုံရသည်။ ဆရာကြီးဦးလှဒင်ရှင်းပြမည့် စုပေါင်းထန်းလုပ်ငန်းအကြောင်းကိုသာ နားစွင့်နေကြသည်။

ယင်းကဲ့သို့ အားလုံးသော ထန်းသမားများက စိတ်ဝင်စားနေပုံကိုတွေ့ရသောအခါ ကိုအေးဆွေမှာ ကျေနပ်နေမိ၏။ မိမိပြောစဉ်ကမူ မိမိအား သူတို့လက်ပေါ်တွင် ကြီးပြင်းလာရသူပီပီ ကလေးငယ်တစ်ယောက်လို သဘောထားကာ အထင်မကြီးကြပေ။ ပြောလိုက်တိုင်း အရွှန်းဖောက်ပြီး သိမ်ဖျင်းအောင် လုပ်ပစ်လိုက်ကြသည်။

ကိုဖိုးလုံးကဆိုလျှင် "အေးဆွေရာ၊ စိတ်ကူးယဉ် အလုပ်တွေ မလုပ်စမ်းပါနဲ့။ ကြံကြံစည်စည် စုပေါင်းပြီး ထန်းလျက်ကျိုချက်ရမယ်လို့။ ဘယ်သူကလာလုပ်မှာလဲ။ မင်းသာ အေးအေးဆေးဆေး ပြန်ပြီး စာရေးအလုပ်တို့ ဘာအလုပ်တို့ သွားလုပ်စမ်းပါကွာ။ မင်း မြို့တက်ပြီး အင်္ဂလိပ်လို ၁၀ တန်းအောင်အောင်သင်ထားပြီး မင်းပညာတွေ အလကားဖြစ်နေရှော့ပေါ့" ဟု ဆိုခဲ့၏။

ကိုယ်ပိုင် ထန်းလေးတက်နေသော ဦးမာကဆိုလျှင်လည်း "မောင်အေးဆွေရယ် ဘယ်ဖြစ်ပါ့မလဲ။ တို့ထန်းတောဆိုရင် အလွန်ထန်းရည်ကောင်းတယ် မဟုတ်လား။ ငါ့ဆီက ထန်းရည်ကောင်းကောင်းနဲ့ သူများဆီက မကောင်းတဲ့ထန်းရည်တွေနဲ့ ရောကျိုလိုက်ရင် ထန်းလျက်ကျတော့ မကောင်းတဲ့ ထန်းလျက်တွေရမှာပေါ့။ မဖြစ်ပါဘူးကွာ" ဟု ခါးခါးသီးသီး ငြင်းပယ်ခဲ့သည်။

ပြီးခဲ့သော နှစ်ပတ်လောက်က ဆိုလျှင်လည်း ထွေးရီသည် ချောင်းမင်းကန်သို့ ရေခပ်သွားရင်း စိတ်မကောင်းစရာ သတင်းတစ်ခုကို ယူဆောင်လာခဲ့၏။

"ကိုရင်၊ ကိုရင့်အကြောင်းကိုလေ ရွာထဲက လှမိုးကလေ မနှင်းရွှေရယ်၊ မရင်မြရယ်၊ ပြီးတော့ တခြားကောင်မတွေကို ပြောနေတယ်။ ကိုရင်ဟာ ရန်ကုန်မှာသွားပြီး အလုပ်တောင် ရအောင်မရှာနိုင်ဘူးတဲ့။ လူနုံ လူအတဲ့။ ကိုရင့်နောက်မှ မြို့ကျောင်းနေပြီး ၁၀ တန်းအောင်သွားတဲ့ အုန်းလွင်တောင် ရန်ကုန်မှာ အလုပ်သွားရှာတာ မဟုတ်ဘဲနဲ့ ရေနံချောင်းမှာတင် အလုပ်ရသွားပြီတဲ့။ အလကားဒီအေးဆွေဟာ လူညံ့လူဖျင်းတဲ့။ ရန်ကုန်မှာ အလုပ်ရှာမရလို့ သည်မှာပြန်လာပြီး အလုပ်မရှိ အလုပ်ရှာပြီး ဘာဥသန်းရှာတယ်ဆိုလား ပြောတတ်ပါဘူး။ အဲဒါ သူတို့ပြောနေတာ ကျွန်မကြားခဲ့ရတယ်။ ကျွန်မဖြင့် စိတ်တိုလိုက်တာလေ မပြောပါနဲ့တော့"

ဒီကဲ့သို့ လူတိုင်းက မိမိအား ဝိုင်းပြီး အထင်သေးနေကြသည်ကို သိရသောအခါ စိတ်ဓာတ်များ ကျမသွားစေရန် မိမိကိုယ်ကို မနည်းပင်ထိန်းထားခဲ့ရလေသည်။ ယခုမူ စုပေါင်းလုပ်ငန်းကို ဆရာကြီးဦးလှဒင်က ပြောပြ၍လားမသိ။ ပုဂ္ဂိုလ်ကြောင့် အထင်ကြီးကာ ဂရုတစိုက် နားထောင်နေကြသည်ကို တွေ့မြင်နေရသောအခါ ကိုအေးဆွေမှာ ဝမ်းသာလာရသည်။

ဆရာကြီး ဦးလှဒင်သည် စုပေါင်းလုပ်ငန်း၏ အခြေခံသဘောများအကြောင်းကို လူပြိန်းများ နားလွယ်အောင် အရပ်သုံးစကားဖြင့် တစ်လုံးချင်း ရှင်းပြသည်။ ဗိုလ်ချုပ်ကြီးနေဝင်း၏ အုန်းတောမိန့်ခွန်းနှင့် ဆွေးနွေးချက်များကို ကိုးကား၍လည်းကောင်း၊ ပဲခူးခရိုင် စံပြသမဝါယမ ရွာသစ် ၄ ရွာ ပေးအပ်သော အခမ်းအနားတွင် ပြောကြားသည့် ဗိုလ်ချုပ်ကြီးနေဝင်း၏ မိန့်ခွန်းကို ကိုးကား၍လည်းကောင်း၊ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ၏ တွေးခေါ်မြော်မြင်ရေး သဘောတရားစာတမ်းပါ အချို့အချက်အလက်များကို ကိုးကား၍လည်းကောင်း ပြောပြလေသည်။ တစ်ခါတစ်ရံ ထန်းသမားများ၏ မေးခွန်းများကိုလည်း ပြန်လည်၍ စိတ်ရှည်လက်ရှည် ရှင်းပြနေသည်။

"အချုပ်အားဖြင့် ကျွန်တော်ပြောရမယ်ဆိုရင် စုပေါင်းပြီးလုပ်တယ်ဆိုတဲ့သဘောက ကျွန်တော်တို့ ထန်းမှတင်မဟုတ်ဘူး။ စုပေါင်းစိုက်ပျိုးရေးပဲဖြစ်စေ၊ စုပေါင်းမွေးမြူရေးပဲဖြစ်စေ၊ စုပေါင်းပြီး အရောင်းအဝယ်လုပ်တဲ့ ဈေးဆိုင်ပဲဖြစ်စေ တစ်ဦးချင်း တစ်ယောက်ချင်းလုပ်တာထက် အများနဲ့ စုပေါင်းလုပ်တာက စရိတ်ကုန်သက်သာသလောက် အကျိုးဖြစ်ထွန်းတဲ့နေရာမှာလည်း ပိုမိုတယ်ဆိုတာဟာ လက်တွေ့ပါ။

"နောက်ပြီးတော့ ကိုယ့်လုပ်ငန်းကထွက်တဲ့ ကုန်ပစ္စည်းကိုလည်း စုပေါင်းပြီးရောင်းရင် ဈေးနှိမ်မခံရဘူး။ တစ်ခါ ဝယ်စရာရှိလို့ စုပေါင်းပြီး ဝယ်ရင်လည်း ဈေးချိုချိုနဲ့ အမျိုးမှန်ပစ္စည်းကို ရနိုင်တယ်။ ကိုယ့်အပေါ်မှာ အမြတ်မတန်တဆ တင်တာတွေ၊ ကြားထဲက ဖြတ်စားလှျပ်စားလုပ်တာတွေဟာလည်း ကင်းပျောက်သွားတယ်။

"ဒီလို စုပေါင်းပြီး လုပ်တဲ့အခါမှာလည်း ညီညွတ်ဖို့ အလွန်အရေးကြီးပါတယ်။ ကျွန်တော်တို့ မြန်မာ့ဆိုရိုးစကားတစ်ခု ရှိတယ်မဟုတ်လား။ "တစ်ယောက်အားနှင့် ယူသော်မရ၊ တစ်သောင်းအားနှင့် ယူသော်ရ၏" ဆိုတာလို ဘာပဲလုပ်လုပ် ညီညီညွတ်ညွတ်နဲ့ မခိုမကတ်ကြဘဲ လုပ်ကြမယ်ဆိုရင် အောင်မြင်မယ်လို့ ဆိုလိုတာပါ။ ဒါကြောင့် ညီညွတ်ခြင်းဟာ ခွန်အားဖြစ်ပါတယ်။ **ဆက်လက်ဖော်ပြပါမည်။**

"စုပေါင်းလုပ်ငန်းကို ဆရာကြီးဦးလှဒင်က ပြောပြ၍လားမသိ။ ပုဂ္ဂိုလ်ကြောင့် အထင်ကြီးကာ ဂရုတစိုက် နားထောင်နေကြသည်ကို တွေ့မြင်နေရသောအခါ ကိုအေးဆွေမှာ ဝမ်းသာလာရသည်။ ဆရာကြီးဦးလှဒင်သည် စုပေါင်းလုပ်ငန်း၏ အခြေခံသဘောများအကြောင်းကို လူပြိန်းများ နားလွယ်အောင် အရပ်သုံးစကားဖြင့် တစ်လုံးချင်းရှင်းပြသည်။ "အချုပ်အားဖြင့် ကျွန်တော်ပြောရမယ်ဆိုရင် စုပေါင်းပြီးလုပ်တယ်ဆိုတဲ့သဘောက ကျွန်တော်တို့ ထန်းမှတင်မဟုတ်ဘူး။ စုပေါင်းစိုက်ပျိုးရေးပဲဖြစ်စေ၊ စုပေါင်းမွေးမြူရေးပဲဖြစ်စေ၊ စုပေါင်းပြီး အရောင်းအဝယ်လုပ်တဲ့ ဈေးဆိုင်ပဲဖြစ်စေ တစ်ဦးချင်း တစ်ယောက်ချင်း လုပ်တာထက် အများနဲ့ စုပေါင်းလုပ်တာက စရိတ်ကုန်သက်သာသလောက် အကျိုးဖြစ်ထွန်းတဲ့နေရာမှာလည်း ပိုမိုတယ်ဆိုတာဟာ . . ."

ဆရာမောင်မောင်ဖြူ၏ "နွေဦးကာလ မြူထသောခါ" စာအုပ်အား စာရေးသူ၏ မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။
**စာတည်း**

# သိဒ္ဓိအောင်စေတီတော် ရွှေထီးတော်တင်လှူ ပူဇော်ပွဲအခမ်းအနားနှင့် စတုတ္ထအကြိမ် အသံမစဲမဟာပဋ္ဌာန်းမြတ်ရွတ်ဖတ်ပူဇော်ပွဲ ဖွင့်ပွဲ ကျင်းပ



**နေပြည်တော် ဧပြီ ၁၁**

ပြည်ထောင်စုနယ်မြေ နေပြည်တော် လယ်ဝေးခရိုင် ဒက္ခိဏသီရိမြို့နယ် ကျွန်းတက်ပွဲဘုန်းတော်ကြီးကျောင်းဝင်းအတွင်းရှိ သိဒ္ဓိအောင်စေတီတော် ရွှေထီးတော်တင်လှူပူဇော်ပွဲ အခမ်းအနားကို ယနေ့နံနက် ၇ နာရီ မိနစ် ၂၀ က ကျင်းပရာ ဒက္ခိဏသီရိမြို့နယ် သံဃနာယကအဖွဲ့ အကျိုးတော်ဆောင် ကျွန်းတက်ပွဲကျောင်းတိုက်ပဓာန နာယက ဆရာတော် ဘဒ္ဒန္တခေမာစာရ မထေရ်မြတ် အမှူးပြုသည့် ဆရာတော်၊ သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြသည်။

အခမ်းအနားသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင်နှင့်ဇနီး ဒေါ်မေမြင့်မောင်၊ နေပြည်တော်ကောင်စီအဖွဲ့ဝင်များနှင့် ၎င်းတို့၏ဇနီးများ၊ နေပြည်တော်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇင်မင်းကိုနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနိုင်ဝင်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ ဝန်ထမ်းများ၊ အလှူရှင်များနှင့် ဧည့်ပရိသတ်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ဆရာတော်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင်နှင့် နေပြည်တော်ကောင်စီအဖွဲ့ဝင်များက သိဒ္ဓိအောင်စေတီတော်အထွတ်တွင် ရွှေထီးတော်၊ ငှက်မြတ်နားတော်နှင့် စိန်ဖူးတော်တို့ကိုလည်းကောင်း၊ တာဝန်ရှိသူများနှင့် ဘုရားဒါယကာများက အရန်စေတီတော်များ၏ အထွတ်တွင် ရွှေထီးတော်များကိုလည်းကောင်း တင်လှူပူဇော်ကြပြီး ရွှေထီးတော်၊ ငှက်မြတ်နားတော်နှင့် စိန်ဖူးတော်တို့ကို အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပူဇော်ကြပြီး ရတနာရွှေမိုး ငွေမိုးများ ရွာသွန်းဖြိုးကြသည်။

ထို့နောက် ဆရာတော်၊ သံဃာတော်များက ဗုဒ္ဓါဘိသေကအနေကဇာတင်၍ ဗုဒ္ဓါဘိသိက်သွန်းလောင်းတော်မူကြသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီက ကြီးမှူးကျင်းပသည့် ဒက္ခိဏသီရိမြို့နယ်လုံးဆိုင်ရာ စတုတ္ထအကြိမ် အသံမစဲ မဟာပဋ္ဌာန်းမြတ်ရွတ်ဖတ်ပူဇော်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် အဆိုပါဘုန်းတော်ကြီးကျောင်းရှိ ဓမ္မာရုံ၌ ကျင်းပသည်။

ရှေးဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင်နှင့် ဧည့်ပရိသတ်များက ဒက္ခိဏသီရိမြို့နယ် သံဃနာယကအဖွဲ့ အကျိုးတော်ဆောင်၊ ကျွန်းတက်ပွဲကျောင်းတိုက်ပဓာန နာယက ဆရာတော် ဘဒ္ဒန္တခေမာစာရ မထေရ်မြတ်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး အခမ်းအနားမှူးက ပဋ္ဌာန်းရောင်ခြည်တော်ဖွင့် ဂါထာကို ရွတ်ဖတ်ပူဇော်သည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌက သာသနာတော်ဆိုင်ရာများ လျှောက်ထားပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် ဇနီးတို့က ပန်းပေါင်းစုံ ဗုဒ္ဓရုပ်ပွားတော်မြတ် ၄၅ ဆူနှင့် လှူဖွယ်ပစ္စည်းများကိုလည်းကောင်း၊ နေပြည်တော်ကောင်စီအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ပန်းပေါင်းစုံဗုဒ္ဓရုပ်ပွားတော်မြတ် ၁၈ ဆူနှင့် ပဋ္ဌာန်းကျမ်းစာအုပ်၊ ပဋ္ဌာန်းပရိတ်ပန်းအိုး၊ ပရိတ်ရေများနှင့် နဝကမ္မ အလှူတော်ငွေများကိုလည်းကောင်း ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် ဧည့်ပရိသတ်များက ဆရာတော်၊ သံဃာတော်များ ရွတ်ဖတ်တော်မူသည့် ငါးရံ့မင်းပရိတ်တော်ကို နာယူကြပြီး ဒက္ခိဏသီရိမြို့နယ် ကျီးသဲလေးထပ် ပညာရေးစင်တာ ပဓာနနာယကဆရာတော် မဟာဂန္ထဝါစကပဏ္ဍိတ ဒေါက်တာဘဒ္ဒန္တစန္ဒာဝရ မထေရ်မြတ်ထံမှ အနုမောဒနာတရားနာကြား၍ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ယင်းနောက် ဆရာတော်၊ သံဃာတော်များ ဦးဆောင်၍ ပရိသတ်အားလုံးက ပဋ္ဌာန်းပစ္စယုဒ္ဒေသပါဠိတော် သုံးကြိမ်ရွတ်ဖတ်ပူဇော်ခဲ့ကြပြီး ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို၍ အခမ်းအနားကို ရုပ်သိမ်းကာ ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ် လှူဒါန်းခဲ့ကြသည်။

ဒက္ခိဏသီရိမြို့နယ်လုံးဆိုင်ရာ စတုတ္ထအကြိမ် အသံမစဲမဟာပဋ္ဌာန်းမြတ် ရွတ်ဖတ်ပူဇော်ပွဲကို ဧပြီ ၁၁ ရက်မှ ၁၃ ရက်အထိ သုံးရက်တိုင်တိုင် ကျင်းပပူဇော်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# အနောက်တောင်တိုင်းစစ်ဌာနချုပ်၏ ဒသမအကြိမ် စုပေါင်း ရဟန်းခံ၊ ရှင်ပြု၊ သီလရှင်ဝတ် အလှူတော်မင်္ဂလာ ကျင်းပ

**နေပြည်တော် ဧပြီ ၁၁**

အနောက်တောင်တိုင်းစစ်ဌာနချုပ်၏ ဒသမအကြိမ် စုပေါင်း ရဟန်းခံ၊ ရှင်ပြု၊ သီလရှင်ဝတ် အလှူတော်မင်္ဂလာကို ဧပြီ ၁၀ ရက်တွင် တိုင်းစစ်ဌာနချုပ် ဧရာဝတီခန်းမ၌ ပြုလုပ်ရာ ဧရာဝတီတိုင်းဒေသကြီး နိုင်ငံတော်ဩဝါဒါစရိယ နိဂြောဓာရုံ ညောင်ပင်သာကျောင်းတိုက် ဦးစီးပဓာန နာယကဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တဝိသုတ အမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူကြပြီး တိုင်းမှူး ဗိုလ်မှူးချုပ်ကြည်ခိုင်နှင့် အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**ဆံချမင်္ဂလာ**

ဦးစွာ ရဟန်းလောင်းများ၊ ရှင်သာမဏေလောင်းများ၊ သီလရှင်လောင်းများအား ရှင်လောင်းလှည့်လည်၍ သမိုင်းဝင် ရွှေမုဋ္ဌောမဟာစေတီတော်မြတ်ကြီးအား လှည့်လည်ပူဇော်ကြသည်။ ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ပုသိမ်မြို့ မဟာရန်ကင်းတောင်ကျောင်းတိုက် ဦးစီးပဓာန နာယက ဆရာတော် ဘဒ္ဒန္တသုမနထံမှ ၁၀ ပါးသီလ ခံယူဆောက်တည်ကြပြီး သံဃာတော်များ ရွတ်ပွားချီးမြှင့်တော်မူသည့် ပရိတ်တရားတော်များကို နာယူကာ သံဃာတော်များ၊ တိုင်းမှူးနှင့် အလှူရှင်များက ရဟန်းလောင်း ၇၄ ပါး၊ ရှင်သာမဏေလောင်း ၁၂ ပါးနှင့် သီလရှင်လောင်းငါးပါးတို့ကို ဆံချမင်္ဂလာ ပြုလုပ်၍ သာသနာ့ဘောင်သို့ သွတ်သွင်းချီးမြှင့်ပေးကြသည်။

ဆက်လက်၍ ယနေ့နံနက်ပိုင်းတွင် မဟာရန်ကင်းတောင်ကျောင်းတိုက်၌ သံဃာတော်များ၊ ဒုလ္လဘ ရဟန်း/သာမဏေများနှင့် သာသနာ့နွယ်ဝင် သီလရှင်များကို တိုင်းမှူးနှင့် တက်ရောက်လာကြသူများက သိမ်ဆင်းလောင်းလှူကြပြီး ဩဝါဒါစရိယ နိဂြောဓာရုံ ညောင်ပင်သာကျောင်းတိုက် ဦးစီးပဓာန နာယက ဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြကာ သံဃာတော်များ ရွတ်ပွားချီးမြှင့်တော်မူသည့် ပရိတ်တရားတော်များကို နာယူကြသည်။



ယင်းနောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများ၊ အလှူရှင်များက သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး ဧရာဝတီတိုင်းဒေသကြီး သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ (သုဓမ္မာ)မရမ်းချိုကျောင်းတိုက် ဦးစီးပဓာနနာယက ဆရာတော် အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တသောဘိတထံမှ အနုမောဒနာ တရားနာယူကာ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အရှေ့အလယ်ပိုင်းစစ်ဌာနချုပ်၏ သတ္တမအကြိမ်မြောက် ရှင်ပြုရဟန်းခံ အလှူတော်မင်္ဂလာ ကျင်းပ

**နေပြည်တော် ဧပြီ ၁၁**

အရှေ့အလယ်ပိုင်း စစ်ဌာနချုပ် သတ္တမအကြိမ်မြောက် ရှင်ပြုရဟန်းခံ



အလှူတော်မင်္ဂလာကို ဧပြီ ၁၀ ရက်နှင့် ယနေ့တွင် ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ခိုလမ်မြို့ရှိ ချမ်းမြေ့ဂုဏ်ဝေ ပရဟိတ သာသနာပြုကျောင်းတိုက်၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်းနှင့် တာဝန်ရှိသူများ၊ ရဟန်းခံ၊ ရှင်သာမဏေ၊ နားသကြမည့် အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ တပ်ရင်း/တပ်ဖွဲ့ အသီးသီးမှ ရဟန်းခံ၊ ရှင်လောင်း၊ နားသကြမည့် အရာရှိ၊ စစ်သည်၊ မိသားစုဝင်များက ရှင်လောင်း လှည့်လည်ယာဉ်များဖြင့် ခိုလမ်မြို့အတွင်းရှိ တန်ခိုးကြီးဘုရားပုထိုးစေတီတော်များအား လှည့်လည်ပူဇော်ကြပြီး ချမ်းမြေ့ဂုဏ်ဝေ ပရဟိတ သာသနာပြုကျောင်းတိုက်၌ ရဟန်းခံ၊ ရှင်လောင်းများအား ဆံချခြင်းမင်္ဂလာကိုပြုလုပ်ကြသည်။

ထို့နောက် ရဟန်း၊ ရှင်သာမဏေများ၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ချမ်းမြေ့ဂုဏ်ဝေ ပရဟိတသာသနာပြုကျောင်းတိုက် ဆရာတော်ဘဒ္ဒန္တဉာဏုတ္တရ အမှူးပြုသော သံဃာတော်များထံမှ ငါးပါးသီလနှင့် ပရိတ်တရားတော်များနာယူကြပြီး အရာရှိ၊ စစ်သည်၊ မိသားစုဝင်များကို သင်္ကန်းစည်းပေးခြင်းနှင့် သာသနာ့ဘောင်သို့ သွတ်သွင်းပေးရာ ရဟန်း ၆၈ ပါး၊ ရှင်သာမဏေ ၃၉ ပါး၊ သီလရှင် ၁၅ ပါး စုစုပေါင်း ၁၂၂ ပါးကို ရဟန်းခံ၊ ရှင်သာမဏေ ၊ နားသမင်္ဂလာ ပြုပေးနိုင်ခဲ့သည်။

ဆက်လက်၍ ယနေ့တွင် သိမ်ထွက်ရဟန်းသံဃာတော်များအား ချမ်းမြေ့ဂုဏ်ဝေ ပရဟိတသာသနာပြုကျောင်းတိုက်၌ တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များက သိမ်ဆွမ်းများလောင်းလှူကြပြီး ကျောက်မဲကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တသုဇာတ အမှူးပြုသော သံဃာတော်များထံမှ ငါးပါးသီလနှင့်ပရိတ်တရားတော်များ နာယူကြကာ သံဃာတော်များအား လှူဖွယ်ပစ္စည်းများ၊ အလှူငွေများနှင့် နေ့ဆွမ်း ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ၂၀၂၃ ခုနှစ် မတ်လအတွင်း ဝန်းကျင်လေထုအရည်အသွေး လေ့လာဆန်းစစ်ခြင်းနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

မြန်မာနိုင်ငံတစ်ဝန်းရှိ ဝန်းကျင်လေထုအရည်အသွေးအခြေအနေအား လေ့လာဆန်းစစ်နိုင်ရန်အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေဖြင့် ပြည်ထောင်စုနယ်မြေ / တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဝန်းကျင်လေထုအရည်အသွေးကို Environmental Perimeter Air Station (EPAS) – Haz–Scanner ၊ Air Quality Monitoring Station (AQM–65) ၊ Scentroid (SL – 50 Scentinal) ၊ Aeroqual (Series – 500 Portable Air Quality Monitor) နှင့် Continuous Particulate Monitor များဖြင့် Particulate Matter 2.5 ($PM_{2.5}$)၊ Particulate Matter 10 ($PM_{10}$)၊ Sulphur Dioxide ($SO_2$)၊ Nitrogen Dioxide ($NO_2$)၊ Ozone ($O_3$)နှင့် Carbon Monoxide (CO) စသည့် အဓိက Parameter များကို ပုံမှန်တိုင်းတာပြီး လေ့လာဆန်းစစ်လျက်ရှိပါသည်။

<table>
<tr><th rowspan="2">စဉ်</th><th rowspan="2" colspan="2">ပြည်ထောင်စုနယ်မြေ/ တိုင်းဒေသကြီး/ပြည်နယ် တိုင်းတာသည့်နေရာ</th><th colspan="6">တိုင်းတာသည့် Parameter များ</th></tr>
<tr><th>၂.၅ မိုက်ခရွန် အရွယ်ရှိသော အမှုန်အမွှားများ</th><th>၁၀ မိုက်ခရွန် အရွယ်ရှိသော အမှုန်အမွှားများ</th><th>ဆာလဖာဒိုင် အောက်ဆိုဒ်</th><th>နိုက်ထရိုဂျင်ဒိုင် အောက်ဆိုဒ်</th><th>အိုဇုန်း</th><th>ကာဗွန်မိုနောက်ဆိုဒ်</th></tr>
<tr><td>၁</td><td colspan="8">ပြည်ထောင်စုနယ်မြေ နေပြည်တော်</td></tr>
<tr><td></td><td>၁</td><td>ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူးရုံးဝင်း ဥတ္တရသီရိမြို့နယ်</td><td>ထိခိုက်စေနိုင်</td><td>လက်ခံနိုင်သော</td><td colspan="4">ကောင်းမွန်</td></tr>
<tr><td>၂</td><td colspan="8">ရန်ကုန်တိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူးရုံးဝင်း ဗိုလ်တထောင်မြို့နယ်</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td>၃</td><td colspan="8">မန္တလေးတိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူးရုံးဝင်း၊ အမရပူရမြို့နယ် မန္တလေးမြို့</td><td>ထိခိုက်စေနိုင်</td><td>လက်ခံနိုင်သော</td><td colspan="4">ကောင်းမွန်</td></tr>
<tr><td></td><td>၂</td><td>ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးရုံးဝင်း အောင်မြေသာစံမြို့နယ် မန္တလေးမြို့</td><td>ထိခိုက်စေနိုင်</td><td>လက်ခံနိုင်သော</td><td>ကောင်းမွန်</td><td>ခံနိုင်ရည်နည်းပါးသူအတွက် ထိခိုက်နိုင်</td><td colspan="2">ကောင်းမွန်</td></tr>
<tr><td></td><td>၃</td><td>ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးရုံးဝင်း ညောင်ဦးမြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td></td><td>၄</td><td>ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးရုံးဝင်း ကျောက်ဆည်မြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td></td><td>၅</td><td>ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးရုံးဝင်း မိတ္ထီလာမြို့</td><td>ခံနိုင်ရည်နည်းပါးသူအတွက် ထိခိုက်နိုင်</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td></td><td>၆</td><td>ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးရုံးဝင်း ပြင်ဦးလွင်မြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td>၄</td><td colspan="8">စစ်ကိုင်းတိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူးရုံးဝင်း မုံရွာမြို့</td><td>ခံနိုင်ရည်နည်းပါးသူအတွက် ထိခိုက်နိုင်</td><td colspan="2">လက်ခံနိုင်သော</td><td colspan="3">ကောင်းမွန်</td></tr>
<tr><td>၅</td><td colspan="8">တနင်္သာရီတိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူးရုံးဝင်း ထားဝယ်မြို့</td><td colspan="5">ကောင်းမွန်</td><td>တိုင်းတာနိုင်ခြင်းမရှိပါ။</td></tr>
<tr><td>၆</td><td colspan="8">ပဲခူးတိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန ရုံးရှေ့၊ ပဲခူးမြို့</td><td>ခံနိုင်ရည်နည်းပါးသူအတွက် ထိခိုက်နိုင်</td><td>လက်ခံနိုင်သော</td><td>ကောင်းမွန်</td><td>လက်ခံနိုင်သော</td><td>ခံနိုင်ရည်နည်းပါးသူအတွက် ထိခိုက်နိုင်</td><td>တိုင်းတာနိုင်ခြင်းမရှိပါ။</td></tr>
<tr><td>၇</td><td colspan="8">ကချင်ပြည်နယ်</td></tr>
<tr><td></td><td>၁</td><td>ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူးရုံးဝင်း မြစ်ကြီးနားမြို့</td><td colspan="5">ကောင်းမွန်</td><td>တိုင်းတာနိုင်ခြင်းမရှိပါ။</td></tr>
<tr><td>၈</td><td colspan="8">ကရင်ပြည်နယ်</td></tr>
<tr><td></td><td>၁</td><td>စည်ပင်သာယာရေးအဖွဲ့ရုံးဝင်း ဘားအံမြို့နယ်</td><td>ခံနိုင်ရည်နည်းပါးသူအတွက် ထိခိုက်နိုင်</td><td>လက်ခံနိုင်သော</td><td colspan="4">ကောင်းမွန်</td></tr>
<tr><td>၉</td><td colspan="8">မွန်ပြည်နယ်</td></tr>
<tr><td></td><td>၁</td><td>ဈေးကြိုပိုင်းအနီး၊ မော်လမြိုင်မြို့</td><td>လက်ခံနိုင်သော</td><td>လက်ခံနိုင်သော</td><td colspan="4">ကောင်းမွန်</td></tr>
<tr><td>၁၀</td><td colspan="8">ရခိုင်ပြည်နယ်</td></tr>
<tr><td></td><td>၁</td><td>ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူးရုံးဝင်း စစ်တွေမြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td></td><td>၂</td><td>တောင်ရင်းအုပ်စု၊ တိုးချဲ့ရပ်ကွက်၊ ကျောက်ဖြူမြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td>၁၁</td><td colspan="8">ရှမ်းပြည်နယ်</td></tr>
<tr><td></td><td>၁</td><td>ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူးရုံးဝင်း တောင်ကြီးမြို့</td><td>ခံနိုင်ရည်နည်းပါးသူအတွက် ထိခိုက်နိုင်</td><td>တိုင်းတာနိုင်ခြင်းမရှိပါ။</td><td>ကောင်းမွန်</td><td>ကောင်းမွန်</td><td colspan="2">တိုင်းတာနိုင်ခြင်းမရှိပါ။</td></tr>
<tr><td></td><td>၂</td><td>ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးရုံးဝင်း တာချီလိတ်မြို့</td><td>ထိခိုက်စေနိုင်</td><td>ခံနိုင်ရည်နည်းပါးသူအတွက် ထိခိုက်နိုင်</td><td>ကောင်းမွန်</td><td>ကောင်းမွန်</td><td>တိုင်းတာနိုင်ခြင်းမရှိပါ။</td><td>ကောင်းမွန်</td></tr>
<tr><td></td><td>၃</td><td>ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးရုံးဝင်း လားရှိုးမြို့</td><td>တိုင်းတာနိုင်ခြင်းမရှိပါ။</td><td>လက်ခံနိုင်သော</td><td colspan="2">ကောင်းမွန်</td><td>တိုင်းတာနိုင်ခြင်းမရှိပါ။</td><td>ကောင်းမွန်</td></tr>
</table>

လေထုအရည်အသွေးညွှန်းကိန်း (Air Quality Index – AQI)

| | |
|---|---|
| 0–50 | လေထုအရည်အသွေးကောင်းမွန်သောအဆင့် |
| 51–100 | လက်ခံနိုင်သော လေထုအရည်အသွေးရှိသည့် အဆင့် |
| 101–150 | ခံနိုင်ရည်နည်းပါးသောသူများအတွက်သာ ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 151–200 | ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 201–300 | ကျန်းမာရေးကို အလွန်ထိခိုက်စေနိုင်သောအဆင့် |
| 301–500 | ကျန်းမာရေးအတွက် ဘေးအန္တရာယ်ရှိသောအဆင့် |

လေထုအပူချိန်၊ လေတိုက်နှုန်း၊ လေတိုက်ခတ်ရာလမ်းကြောင်း၊ စိုထိုင်းမှု၊ မိုးရွာသွန်းမှုအခြေအနေ၊ မော်တော်ယာဉ်အသုံးပြုမှုအခြေအနေ၊ စက်ရုံများမှ ထုတ်လွှတ်အခိုးအငွေ့များ ထုတ်လွှတ်မှုအခြေအနေနှင့် ဝန်းကျင်လေထုအရည်အသွေးတိုင်းတာသည့်နေရာ အနီးဝန်းကျင်အခြေအနေတို့အပေါ်မူတည်၍ တိုင်းတာရရှိသည့် ဝန်းကျင်လေထုအရည်အသွေးရလဒ်များသည် ပြောင်းလဲမှုရှိနိုင်ပါကြောင်း သုံးသပ်ရရှိပါသည်။

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန**

# ၂၀၂၃ ခုနှစ် ဧပြီလ (ဒုတိယ)ဆယ်ရက်ပတ်အတွက် စိုက်ပျိုးရေးမိုးလေဝသခန့်မှန်းချက်

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနိုင်ပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနိုင်ပါသည်။

**မိုးရွာသွန်းမှုအခြေအနေ**

နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲအောက် လျော့နည်းနိုင်ပြီး တနင်္သာရီတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်ပါသည်။

**အမြင့်ဆုံးအပူချိန်အခြေအနေ**

ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တောင်ပိုင်းတို့တွင် (၇၄) ဒီဂရီဖာရင်ဟိုက်မှ (၈၅)ဒီဂရီ ဖာရင်ဟိုက်အတွင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့်မြောက်ပိုင်း)၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် (၈၆)ဒီဂရီဖာရင်ဟိုက်မှ (၉၆)ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် (၉၇)ဒီဂရီဖာရင်ဟိုက်မှ (၁၀၇)ဒီဂရီဖာရင်ဟိုက်အတွင်း ရှိနိုင်ပါသည်။

**အနိမ့်ဆုံးအပူချိန်အခြေအနေ**

ချင်းပြည်နယ်တွင် (၄၅) ဒီဂရီဖာရင်ဟိုက်ခန့်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် (၅၅)ဒီဂရီဖာရင်ဟိုက်မှ (၆၆)ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် (၆၇)ဒီဂရီဖာရင်ဟိုက်မှ (၇၈) ဒီဂရီဖာရင်ဟိုက်အတွင်း ရှိနိုင်ပါသည်။

**လေထုစိုထိုင်းဆအခြေအနေ**

မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တောင်ပိုင်းတို့တွင် (၄၀%)မှ (၅၀%)အတွင်း၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(အရှေ့ ပိုင်းနှင့် မြောက်ပိုင်း)နှင့် ကယားပြည်နယ်တို့တွင် (၅၁%)မှ (၆၁%) အတွင်း၊ ပဲခူးတိုင်းဒေသကြီး (အရှေ့ပိုင်းနှင့်အနောက်ပိုင်း)၊ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် (၆၂%)မှ (၇၂%)အတွင်းနှင့် ပဲခူးတိုင်းဒေသကြီးတောင်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် (၇၃%)မှ (၈၃%) အတွင်း အသီးသီးရှိနိုင်ပါသည်။

**ပင်ငွေ့ရေငွေ့ပြန်နှုန်းအခြေအနေ**

ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် (၄၀ မီလီမီတာ)မှ (၅၀ မီလီမီတာ)အတွင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီးတောင်ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ် (မြောက်ပိုင်းနှင့်တောင်ပိုင်း)၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် (၅၁ မီလီမီတာ)မှ (၆၀ မီလီမီတာ)အတွင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်းနှင့် အနောက်ပိုင်း)၊ ရှမ်းပြည်နယ်အရှေ့ပိုင်းနှင့် ကယားပြည်နယ်တို့တွင် (၆၁ မီလီမီတာ)မှ (၇၀ မီလီမီတာ)အတွင်းနှင့် မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် (၇၁ မီလီမီတာ)၊ (၈၁ မီလီမီတာ) အသီးသီးရှိနိုင်ပါသည်။

**မြေဆီလွှာအောင်းရေအခြေအနေ**

စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် (ခြောက်သွေ့)အခြေအနေ အသီးသီးရှိနိုင်ပါသည်။


# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဦးထိပ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ကျောက်စာရုံစေတီ(၁၂ × ၁၂ × ၁၈)ပေ ၁ ဆူ တန်ဖိုး-၂၇၉ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ကျောက်စာရုံစေတီ ၁ ဆူ(ပိဋကသုံးပုံ မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ ချပ်ပါ) | ၂၇၉. ၀၀ | ၇၂၀ ဆူ | ၇၂၀ | - |
| ၂။ | သာသနာ့ဗိမာန်တော်(သိမ်တော်ကြီး)(၂၈၀×၂၀၅)ပေ | ၆၀၀၀၀ | ၁ လုံး | ၁၉၁၄၄ သိန်း | ၄၀၈၅၆ သိန်း |
| ၃။ | သုဓမ္မာဇရပ်(၅၄×၃၀×၃၂)ပေ | ၂၉၇၀. ၀၀ | ၆ | ၅ | ၁ |
| ၄။ | ဂေါပကရုံး(၄၈×၂၄×၂၉)ပေ | ၄၈၁၀. ၀၀ | ၁ | - | ၁ |
| ၅။ | မော်ကွန်းတိုက်(၇၂×၃၀×၃၂)ပေ | ၈၀၇၉ | ၁ | ၁ | - |
| ၆။ | အဝင်မုခ်ဦး(အနောက်ဘက်) | ၂၈၆၅ | ၁ | ၁ | - |
| ၇။ | ရွေ့လျားစက်လှေကား(Walking Escalator) | | | | |
| | (က) Acrylic အမိုးအကာလုပ်ငန်း | ၄၅၄၃. ၁၀ | ၁ | - | ၁ |
| | (ခ) Pile Foundation လုပ်ငန်း၊ အဆောက်အဦ RC Structure လုပ်ငန်း၊ မိုးကြိုးလွှဲတပ်ဆင်ခြင်းလုပ်ငန်း၊ ထိန်းချုပ်ခန်းများတည်ဆောက်ခြင်းလုပ်ငန်း | ၃၂၈၄. ၃၀ | ၁ | - | ၁ |
| ၈။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅. ၀၀ | ၁၈ ခု | ၁ ခု | ၁၇ ခု |
| ၉။ | High Mast မီးတိုင်(၂၀ မီတာ) ၁ တိုင်လျှင် | ၄၉၄. ၀၀ | ၉ တိုင် | ၂ တိုင် | ၇ တိုင် |
| ၁၀။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂. ၀၀ | ၂၀၀ ခန်း | ၉ ခန်း | ၁၉၁ ခန်း |
| ၁၁။ | မြန်မာမှုတစ်ဖက်လှုံခြံစည်းရိုး ၂၇ ပေခန်း | ၃၁. ၀၀ | ၄၅၅ ခန်း | ၉၃ ခန်း | ၃၆၂ ခန်း |
| ၁၂။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၃၂. ၀၀ | ၅၀ တိုင် | - | ၅၀ တိုင် |
| ၁၃။ | လမ်းမီးတိုင်(၆ မီတာ) ၁ တိုင်လျှင် | ၁၆. ၈၅ | ၂၀၈ တိုင် | - | ၂၀၈ တိုင် |
| ၁၄။ | Garden Light (၄ မီတာ) ၁ တိုင်လျှင် | ၁၉. ၀၀ | ၃၆၆ တိုင် | - | ၃၆၆ တိုင် |
| ၁၅။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇. ၀၀ | ၆၅၂ ခု | ၁၄၄ ခု | ၅၀၈ ခု |
| ၁၆။ | စကျင်ကျောက်ပြား ၁ ကျင်းနှုန်း | ၈. ၅၀ | ၇၅၇၆. ၃၅ ကျင်း | - | ၇၅၇၆. ၃၅ ကျင်း |
| ၁၇။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှု) | ၄. ၅၀ | ၂၁၈. ၁၄ ကျင်း | ၂၉ ကျင်း | ၁၈၉. ၁၄ ကျင်း |
| ၁၈။ | ကွန်ကရစ် ၈ လက်မထုခင်းခြင်း | ၆. ၅၀ | ၈၄၇၃ ကျင်း | - | ၈၄၇၃ ကျင်း |
| ၁၉။ | မုစလိန္ဒအိုင် | ၂၂၇၃၁. ၀၂ | ၁ | ၅၃၄၅ သိန်း | ၁၇၃၈၆. ၀၂ သိန်း |
| | (က) မုစလိန္ဒအိုင်ရေကန်လုပ်ငန်း | ၆၇၁၀. ၅၉ | ၁ | - | ၁ |
| | (ခ) မုစလိန္ဒအိုင်အဝင်မုခ်ဦးတည်ဆောက်ခြင်း | ၃၆၀၆. ၃၆ | ၁ | - | ၁ |
| | (ဂ) မုစလိန္ဒအိုင်အတွင်းအပြင်ပတ်လမ်းရင်ပြင်ကွန်ကရစ်ခင်းလှေကားများပြုလုပ်ပေးခြင်း | | | | |
| | ၁။ အရှေ့ဘက်အပိုင်း(၃၇၉၉ စပေ) | ၁၇၁၁. ၈၅ | ၁ | - | ၁ |
| | ၂။ အနောက်ဘက်အပိုင်း(၃၇၉၉ စပေ) | ၁၇၁၁. ၈၅ | ၁ | - | ၁ |
| | ၃။ တောင်ဘက်ရင်ပြင်(၆၄၈၂ စပေ) | ၂၅၉၄. ၂၆ | ၁ | - | ၁ |
| | ၄။ မြောက်ဘက်ရင်ပြင်(၅၅၅၂ စပေ) | ၂၂၃၆. ၄၀ | ၁ | - | ၁ |
| | (ဃ) စကျင်ကျောက်ပြားခင်းခြင်း(၃၁၇. ၆၅ ကျင်း) | ၈. ၅၀ | ၃၁၇. ၆၅ | - | ၃၁၇. ၆၅ |
| | (င) ရေကန်ပတ်လည် ကနုတ်သံပန်းလက်ရန်းတပ်ဆင်ခြင်း | ၂၅. ၂၀ | ၄၇ | - | ၄၇ |
| | (စ) အတွင်း/အပြင် မီးနှင့်အပြင်ရေဆက်သွယ်ခြင်း | | | | |
| | ၁။ အတွင်း/အပြင် မီးဆက်သွယ်ခြင်း | ၅၄၀. ၀၀ | ၁ | - | ၁ |
| | ၂။ အပြင်ရေဆက်သွယ်ခြင်း | ၇၂၀. ၀၀ | ၁ | - | ၁ |
| ၂၀။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ × ၁၇၆ ပေ) | ၂၁၉. ၀၀ | ၁၂၇ ခု | - | ၁၂၇ ခု |
| ၂၁။ | ပိဋကသုံးပုံကျမ်းစာအုပ်များ(မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ မျက်နှာစီပါ)(Creamy Paper) လှူဒါန်းနိုင်ရေး[၅၃ ကျမ်း(၄၀ အုပ်)]တစ်စုံလျှင် | ၁၂. ၀၀ | ၁၀၀၀ စုံ | ၅၇၄ စုံ | ၄၂၆ စုံ |
| ၂၂။ | ပိဋကသုံးပုံကျမ်းစာအုပ်များ(မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ မျက်နှာစီပါ)(Bibble Paper) လှူဒါန်းနိုင်ရေး[၅၃ ကျမ်း(၄၀ အုပ်)]တစ်စုံလျှင် | ၂၀. ၀၀ | ၅၀၀ စုံ | ၂၂၀ စုံ | ၂၇၉ စုံ |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၁၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅**

**(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆**

## ဦးစောအောင်တင့်
### မြို့နယ်ပညာရေးမှူး(ငြိမ်း)
### အသက်(၈၃)နှစ်

ရှမ်းပြည်နယ်၊ တောင်ကြီးမြို့နေ (ဦးစောတင့်စိန်-ဒေါ်မေရီစိန်)တို့၏သားကြီး၊ (ဦးကာ-ဒေါ်သစ်)တို့၏သားသမက်၊ ဦးဝင်းမြတ်အောင်-ဒေါ်စပါယ်ခိုင်၊ ဒေါ်ငြိမ်းစုစုသွယ်တို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မရွှန်းလဲ့ဝတီ၊ မအင်ကြင်းမွှေး၊ မအေးကဗျာတို့၏ ချစ်လှစွာသောဘိုးဘိုး၊ ဒေါ်ခင်သန်းအေး (အလယ်တန်းပြ-ငြိမ်း)၏ ချစ်လှစွာသောခင်ပွန်း ဦးစောအောင်တင့်သည် ၁၁-၄-၂၀၂၃ (အင်္ဂါနေ့) နံနက် ၆:၁၀ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ဘဝတစ်ပါးသို့ ကူးပြောင်းသွားပါသဖြင့် ၁၁-၄-၂၀၂၃ (အင်္ဂါနေ့) နံနက် ၁၁ နာရီခန့်တွင် မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်ဆွေများအား ညှိုးငယ်သောစိတ်ထားဖြင့် အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဒေါ်မြမြဝင်း(ခ)(တင့်တင့်)
### အထက်တန်းပြဆရာမ(ငြိမ်း)
### အ.ထ.က(၁)/(၃) မုံရွာ
### အသက်(၈၇)နှစ်

မုံရွာမြို့၊ ကူးတို့တောင်ရပ်၊ ကမ်းနားလမ်းနေ (ဦးအောင်သိုက်-ဒေါ်သိန်းနု)တို့၏သမီးလတ်၊ စင်ကာပူနိုင်ငံနေ ဒေါက်တာမောင်မောင်အေး-ဒေါ်လှလှဝင်းတို့၏ညီမ၊ မုံရွာမြို့နေ ဦးတင့်အောင်-ဒေါ်တင်တင်ချို(ခ)ဒေါ်ချိုတီ၊ ရန်ကုန်မြို့နေ (ဦးထွန်းလင်း)-ဒေါ်မေကြည်စန်းတို့၏အစ်မ၊ တူ/တူမ ၁၀ ယောက်တို့၏အန်တီ၊ မြေး ၁၀ ယောက်တို့၏အဘွားလေး ဒေါ်မြမြဝင်း(ခ)(တင့်တင့်)သည် ၁၁-၄-၂၀၂၃ (အင်္ဂါနေ့) နံနက် ၆:၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၃-၄-၂၀၂၃ (ကြာသပတေးနေ့) နံနက်တွင် အမှတ်(၉၀၇)၊ ထောက်ရှာပင်လမ်း၊ (၃၇)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ကြပါရန် ညှိုးငယ်စွာဖြင့် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဒုတိယဗိုလ်မှူးကြီးခင်ကြွယ်(ငြိမ်း)
### ကြည်း-၉၇၆၄
### ဗိုလ်သင်တန်းကျောင်း အပတ်စဉ်-၂၉
### ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)၊ နိုင်ငံတော်သမ္မတရုံး
### အသက်(၈၈)နှစ်

ရန်ကုန်မြို့နေ (ဦးထွန်းဖေ-ဒေါ်မမကြီး)တို့၏သား ရန်ကုန်မြို့၊ အမှတ်(၂၆) ဆန်းသစ်ဦးလမ်း၊ ဖော့ကန်ရပ်ကွက်၊ အင်းစိန်မြို့နယ်နေ ဒေါ်ဆွေဆွေလွင်၊ မြန်မာစာနည်းပြ(ငြိမ်း)၊ နတ်မောက်စက်မှုလက်မှုအထက်တန်းကျောင်း၏ ချစ်လှစွာသော ခင်ပွန်း၊ ဦးအောင်ကြွယ်၊ ဦးထင်ကြွယ်တို့၏ချစ်လှစွာသော ဖခင်ကြီး ဦးခင်ကြွယ်သည် ၁၀-၄-၂၀၂၃(တနင်္လာနေ့) ညနေ ၄:၄၀ နာရီတွင် ဝိတိုရိယဆေးရုံကြီး၌ ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ၁၂-၄-၂၀၂၃(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၃:၀၀ နာရီတွင် ရေဝေးသုသာန်တွင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။

(နေအိမ်မှ ကားများ မွန်းလွဲ ၁:၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## "ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း"

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ထူပါရုံ(၁)ရပ်ကွက်၊ ထူပါရုံ(၅)လမ်း(နောက်)၊ အမှတ်(၁၀၄၆/ခ)၊ ဒုတိယထပ်တိုက်ခန်းအပါအဝင် ယင်းတိုက်ခန်းနှင့်သက်ဆိုင်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား လက်ရှိပိုင်ဆိုင်ပြီး တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုသူ ဒေါ်ဇင်စံပယ်အောင် [၁၂/ဗတထ(နိုင်)၀၀၁၀၂၈]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ဤကြော်ငြာပါသည့်နေ့ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပြီးနောက်ပိုင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်စုစုခိုင် (LL.B,D.B.L,D.I.L)** | **ဒေါ်ခင်စောသိန်း(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၅၅၃)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၂၈၆)** |

**တိုက်(၁၀/၁၂)၊ ပထမထပ်၊ အခန်း(၁၀၄/H)၊ ၃၅-လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉ ၇၃၀၂၆၁၉၉၊ ၀၉ ၄၄၃၀၂၆၁၉၉**

---

## အလ္လာဟ်အရှင်မြတ်အမိန့်တော်ခံယူခြင်း
### ဘီဘီဖာသွေမာ(ခ)ဒေါ်နီနီမာ
### ဘဏ္ဍာရေးမှူး
### မြန်မာမွတ်စလင်အမျိုးသားရေးရာအဖွဲ့ချုပ်(မ.အ.ဖ)
### ရန်ကုန်တိုင်းဒေသကြီး-အဖွဲ့ခွဲ
### အသက် (၆၈)နှစ်

အမှတ် (၅၅)၊ မြေညီထပ်၊ ဖို့မြေရပ်ကွက်၊ မြန်မာ့ဂုဏ်ရည်လမ်း၊ မင်္ဂလာတောင်ညွှန့်မြို့နယ်နေ ဟာဂျီဦးအောင်စိန်ထွန်း၏ဇနီး ဘီဘီဖာသွေမာ(ခ)ဒေါ်နီနီမာသည် ၉-၄-၂၀၂၃ ရက် ည ၈:၁၂ နာရီခန့်တွင် အလ္လာဟ်အရှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ၁၀-၄-၂၀၂၃ ရက် မွန်းလွဲ ၁ နာရီတွင် ဇိုဟိုနမာဇ်အပြီး ရေဝေးအစ္စလာမ့်ဥယျာဉ်တော်၌ မြေမြှုပ်သင်္ဂြိုဟ်ပြီးစီးပါကြောင်း မ.အ.ဖ အဖွဲ့ခွဲအဆင့်ဆင့်အား သိစေအပ်ပါသည်။

အလုပ်အမှုဆောင်အဖွဲ့
မြန်မာမွတ်စလင်အမျိုးသားရေးရာအဖွဲ့ချုပ်(မ.အ.ဖ)
ရန်ကုန်တိုင်းဒေသကြီး-အဖွဲ့ခွဲ

---

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဦးအောင်မြတ်မိုး
### အသက်(၆၁)နှစ်

ရန်ကုန်မြို့၊ တောင်ဒဂုံမြို့နယ်၊ မြယမုံအိမ်ရာ၊ အမှတ်(၄၈)နေ ဦးအောင်မြတ်မျိုး (ညွှန်ကြားရေးမှူး၊ ဆည်/ရေ)၏ အစ်ကိုသည် ၁၀-၄-၂၀၂၃ (တနင်္လာနေ့)တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**တည်ဆောက်ရေး(၁)ဝန်ထမ်း မိသားစုများ**
**(ဆည်/ရေ)၊ လှည်းကူးမြို့နယ်**

---

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ကျောက်ရေတွင်းရပ်ကွက်၊ ရွှေဘုန်းပွင့် ဘုရားလမ်း၊ အမှတ်(၁/က)၊ ဧရိယာအကျယ်အဝန်း (၂၂x၅၀)ပေရှိသော ဘိုးဘွားပိုင်မြေနှင့် ယင်းမြေပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိပိုင်ဆိုင်ပြီး တရားဝင် ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဒေါ်ခင်ထားကြည် [၁၂/ဥကမ(နိုင်)၀၇၄၆၂၇]ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်း အထောက်အထား(မူရင်း) အပြည့်အစုံဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အထက်ပါအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **ဒေါ်နုနုဆွေ** | **ဦးနိုင်လင်းထွန်း(LL.B)** |
| **[၁၂/မရက(နိုင်)၀၆၈၂၃၆]** | **အထက်တန်းရှေ့နေ(စဉ်-၂၈၆၄၀)** |

**အမှတ်(၂၉၅)၊ နွယ်သာကီ(၈)လမ်း၊ (က)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း- ၀၉-၄၂၅၀၁၁၈၇၈**

---

## "၁၆-၃-၂၀၂၃ ရက်ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ (၂၄)ပါ အများသိစေရန် ကြေညာခြင်းအပေါ် ပြန်လည်ရှင်းလင်းကြေညာခြင်း"

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၆) ရပ်ကွက်၊ ၅၂-လမ်းသွယ်၊ အမှတ် (အက်စ်/၂၉)နေ ဒေါ်ရင်မေသန်း [၁၂/လမန(နိုင်)၀၆၀၉၁၃]၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်း ပြန်လည်ရှင်းလင်းကြေညာပါသည်-

၁။ ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃)၊ မြေကွက်အမှတ် (၁၅၉)၊ နှစ်(၆၀)ဂရန်မြေ၊ (၆၀ပေx၅၀ပေ)မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော လှိုင်သာယာမြို့နယ်၊ ၆ ရပ်ကွက်၊ အောင်ပြည့်စုံလမ်း၊ အမှတ် (၁၅၉)ဟုခေါ်တွင်သော အခန်း (၂၀)ပါ (၂)ထပ်တိုက် (၁)လုံးနှင့် (၁)ထပ်တိုက် (၁)လုံးသည် ဦးမြင့်သန်းနှင့် ဒေါ်သန်းမြတို့၏ သားသမီးများအားလုံး အမွေဆိုင်သောပစ္စည်းဖြစ်သည်ဆိုခြင်းမှာ မမှန်ပါ။ အဆိုပါမြေကွက်အနက် ခေါင်းရင်းဘက်ခြမ်းရှိ (၃၀ပေx၅၀ပေ) မြေကွက်နှင့် ယင်း(၃၀ပေx၅၀ပေ) အကျယ်မြေပေါ် ရှိ အခန်း (၂၀)ပါ (၂)ထပ်တိုက် (၁)လုံးသည် ဒေါ်ရင်မေသန်းက မြေဝယ်ယူပြီးဆောက်လုပ်ခဲ့သော ဒေါ်ရင်မေသန်းပိုင် မြေနှင့် တိုက်ဖြစ်ပြီး တစ်ထပ်တိုက်နှင့် တစ်ထပ်တိုက်တည်ရှိရာ မြေအကျယ် (၃၀ပေx၅၀ပေ)မြေကွက်မှာ မိဘများ၏ အမွေကျန်ရစ်သော ပစ္စည်းဖြစ်ပါသည်။

၂။ ရန်ကုန်မြို့၊လှိုင်မြို့နယ်၊ (၇)ရပ်ကွက်၊ ကျောင်းကုန်း(၃)လမ်း၊ အမှတ် (၈၃၇)၊ (ဘီ-၆)၊ (၄၇ပေx၁၁.၅ပေ) တိုက်ခန်းသည် ဖခင် ဦးမြင့်သန်းနှင့် မိခင် ဒေါ်သန်းမြ၏ ပစ္စည်းသက်သက်မဟုတ်ပါ။ မိခင် ဒေါ်သန်းမြ၊ သမီး ဒေါ်ရင်မေသန်း၊ သမီး ဒေါ်ဥမ္မာအောင်တို့ (၃)ဦးပိုင် ပစ္စည်းဖြစ်ပါသည်။

၃။ ယာဉ်အမှတ် (3H/3183) TOYOTA-RAV4 ZCA26 ယာဉ်အမျိုးအစား Station Wagon အဖြူရောင် မော်တော်ယာဉ်သည် အမွေဆိုင်ပစ္စည်းမဟုတ်ပါ။ ဒေါ်ရင်မေသန်းပိုင် ပစ္စည်းဖြစ်ပါသည်။

၄။ မြန်မာ့စီးပွားရေးဘဏ်နှင့် KBZ ဘဏ်တို့၌ ဒေါ်သန်းမြနှင့် ဒေါ်ရင်မေသန်း (၂)ဦးအမည်ဖြင့် ထည့်သွင်းသောငွေများသည် ဒေါ်သန်းမြနှင့် ဒေါ်ရင်မေသန်း တစ်ဝက်စီပိုင်ဆိုင်သော ငွေများဖြစ်ပါသည်။

၅။ မိခင် ဒေါ်သန်းမြ၏ ငွေကြေးနှင့် လက်ဝတ်လက်စား ရွှေထည်ပစ္စည်းများသည် ဒေါ်ရင်မေသန်းထံတွင်မရှိပါ။ မိခင် ဒေါ်သန်းမြ၏ ရွှေဆွဲကြိုး (၃)ကျပ်သား တစ်ကုံး၊ ရွှေလက်စွပ် ငါးမူးသားတစ်ကွင်းနှင့် ငွေကျပ်သိန်းတစ်ရာတိတိမှာ သား ဦးမျိုးအောင်ထံတွင်လည်းကောင်း၊ ဒေါ်သန်းမြ၏ ရွှေလက်ကောက် (တစ်ကွင်းလျှင် ငါးမူးသား)စုစုပေါင်း လေးကွင်းသည် သမီး ဒေါ်မိုးသီတာထံတွင်လည်းကောင်း ရှိနေပါသည်ဟု ပြန်လည်ရှင်းလင်းကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးမြဟန် B.A (Law)., LL.B., D.B.L., D.M.L.**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၂၇၀၁)နှင့် နိုတြီပဗ္ဗလစ်**
**အမှတ် (၉၆)၊ (B-၅)၊ ဂန္ဓမာကံမြင့်ကွန်ဒို၊ ၃၇-လမ်း၊ ကုန်သည်လမ်းနှင့် မဟာဗန္ဓုလလမ်းကြား၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

---

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အေးသာယာရပ်ကွက်၊ အမှတ်(အ/၉၉)ဟုခေါ်တွင်သော ဒေါ်အေးအေးဆင့် အမည်ပေါက် စလစ်မြေ ပေ(၄၀x၆၀) အကျယ်အဝန်းရှိ မြေနှင့်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လက်ရှိပိုင်ဆိုင်ထားသူ ဦးမြတ်မင်းဟိန်း [၁၂/တမန(နိုင်)၁၀၂၅၂၉]ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သော ဒေါ်တင်သူသူငြိမ်း [၁၀/မလမ(နိုင်)၁၄၉၃၁၇]က အပြီးအပိုင်ဝယ်ယူရန် (၁၀-၄-၂၀၂၃)ရက်စွဲပါ အရောင်းအဝယ်စရန်ပေးစာချုပ်ဖြင့် စရန်ငွေပေးချေပြီးဖြစ်ရာ အဆိုပါမြေကွက်အရောင်းအဝယ်ကို ကန့်ကွက်လိုပါက မည်သူမဆို ပိုင်ဆိုင်မှုအထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်တို့ထံသို့ ဤကြော်ငြာစာပါပြီး (၁၄)ရက်အတွင်း ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား တရားဝင်ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ -**

| | |
|---|---|
| **ဒေါ်သန္တာဆွေ(LL.B, LL.M)** | **ဒေါ်နော်ဆည်းဇာ(LL.B)** |
| **(စဉ်-၁၀၄၀၇/၁၅)** | **(စဉ်-၁၂၆၃၇/၁၇)** |
| **ဦးကျော်ဇေယျ(LL.B)** | **ဒေါ်မြင့်မြင့်သန်း (LL.B, LL.M)** |
| **(စဉ်-၁၃၁၈၁/၁၇)** | **(စဉ်-၁၃၂၄၀/၁၇)** |

**ဒေါ်ဝေမာနွယ်(LL.B) (စဉ်-၁၄၇၁၁/၁၈)**
**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်(၉)၊ သိပ္ပံလမ်း၊ အုတ်ဖိုစုရပ်ကွက်၊ သန်လျင်မြို့။**
**ဖုန်း- ၀၉-၄၂၂၂၈၁၁၁၈**

---

## အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ Hiway Complex စီမံကိန်း၊ ယုဇနလမ်း၊ တိုက်(A) (၆)ထပ်တိုက်၏ တတိယထပ် အခန်းအမှတ်(၃၀၄) တိုက်ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို ပိုင်ရှင် ဒေါ်ကေခိုင်စုဝေ [၁၄/ပသန(နိုင်)၁၇၁၉၁၀]ထံမှ အပြီးအပိုင်ဝယ်ယူရန် ကျွန်မ၏မိတ်ဆွေက စရန်ငွေပေးချေပြီးဖြစ်၍ အရောင်းအဝယ်ကို ကန့်ကွက်လိုပါက ဤကြေညာချက်ပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများဖြင့် ကျွန်မထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်ပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သဲသဲ (တရားလွှတ်တော်ရှေ့နေ) (စဉ်-၇၃၄၀)**
**LL.B, D.B.L, D.I.L, ABE(UK)**
**အမှတ်(၃၄)၊ မြေညီ၊ အနောက်အာဇာနည်လမ်း၊ ဆရာစံမြောက်အနောက်ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၉-၅၀၁၁၅၀၉**

---

## အများသိစေရန်ကြေညာခြင်း

ရခိုင်ပြည်နယ်၊ စစ်တွေမြို့၊ ကျောင်းကြီးလမ်းရပ်ကွက်၊ မြသာထွန်းလမ်း၊ အိမ်အမှတ်- ၄/မသ/၁၇ နေ ဒေါ်မခင်ဝင်း (ဘ) ဦးထွန်းစိန်အောင် [၁၁/စတန(နိုင်)၀၄၀၇၆၉]၊ အိမ်အမှတ်- ၄/မသ/၁၅(က)နေ ဒေါ်ပန်းညွန့်စိန် (ဘ) ဦးအစိန်၊ အေအိုင်ချ်- ၀၂၁၈၃၅၊ ဒေါ်ဦးခင်ညွန့် (ဘ) ဦးမောင်အေးသာ [၁၁/စတန(နိုင်)၁၀၀၅၈၂]၊ ဒေါ်ခင်သန်းအေး (ဘ) ဦးမောင်အေးသာ [၁၁/စတန(နိုင်)၀၇၀၂၆၆] တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

စစ်တွေမြို့၊ အင်ဘာလာအကွက်အမှတ်- ၂၆၊ ဦးပိုင်အမှတ်- ၇၈ (ယခုအခေါ် ကျောင်းကြီးလမ်းရပ်ကွက်၊ မြသာထွန်းလမ်း) ဟုခေါ်ဆိုသော အလျား (၄၀)ပေx အနံ (၈၀)ပေ အကျယ်အဝန်းရှိမြေကွက်ကို ဒေါ်ပန်းညွန့်စိန်၏ယောက္ခမဖြစ်သူ ဒေါ်မေဇူးက လွန်ခဲ့သော နှစ်ပေါင်း(၉၀)ကျော်ခန့်မှစ၍ အိန္ဒိယနိုင်ငံသား ဦးဆူလတန်ထံတွင် မြေငှားရမ်းခပေး၍ မိမိ၏ကိုယ်ပိုင်ငွေဖြင့် နေအိမ်ကို အခိုင်အမာဆောက်လုပ်ပြီး၊ သီးခြားခြံစည်းရိုးကာရံကာ မိသားစုများနှင့်အတူ နေထိုင်လာခဲ့ကြပါသည်။ ၁၉၅၇ ခုနှစ်တွင် ဒေါ်မေဇူး၏သားဖြစ်သူ ဦးထွန်းစိန်အောင်က မိသားစုနှင့်အတူ အဆိုပါမြေကွက်အတွင်းရှိ ခြေရင်းခြမ်းမြေကွက်လပ်တွင် အိမ်သီးခြားဆောက်လုပ်နေထိုင်ခဲ့ပါသည်။ ၁၉၆၃ ခုနှစ်တွင် ဦးထွန်းစိန်အောင်က အိမ်သစ်ဆောက်လုပ်ကာ သားသမီးများနှင့်အတူ နေထိုင်လာခဲ့ပြီး၊ ယခုအခါ ဒေါ်မချစ်စိန်၊ ဒေါ်ခိုင်စိန်ဝင်း၊ ဒေါ်မခင်ဝင်းတို့ နေထိုင်လျက်ရှိပါသည်။ မိခင် ဒေါ်မေဇူး၏နေအိမ်တွင် အခြားသားတစ်ဦးဖြစ်သူ ဦးမောင်အေးသာက ဇနီး ဒေါ်ပန်းညွန့်စိန် မိသားစုနှင့်အတူနေထိုင်လာခဲ့ပါသည်။ အဆိုပါနေအိမ်ကို ဦးမောင်အေးသာ၏ မိသားစုများက ၁၉၈၇ ခုနှစ်တွင်လည်းကောင်း၊ ၂၀၀၅ ခုနှစ်တွင်လည်းကောင်း အိမ်သစ်ဆောက်လုပ်ပြီး ယခုအချိန်အထိ နေထိုင်လာခဲ့ပါသည်။

စစ်တွေမြို့၊ အင်ဘာလာအကွက်အမှတ်- ၂၆၊ ဦးပိုင်အမှတ်- ၇၈ နှင့် သက်ဆိုင်သော အခွန်ငွေများကို ဦးထွန်းစိန်အောင် မိသားစုနှင့် ဒေါ်မေဇူး (ဦးမောင်အေးသာ မိသားစု)တို့က ၁၉၆၇ ခုနှစ်မှစ၍ ယနေ့တိုင်အောင် ပေးဆောင်ကာ ပိုင်ရှင်အဖြစ် လက်ရှိထားနေထိုင်လာခဲ့ပါသည်။ အဆိုပါမြေကွက်ကို ဝယ်ယူသည်ဆိုသူသည် မည်သည့်အခါကမျှ လက်ရောက်မရခဲ့၍ လက်ရှိနေထိုင်သူများသည် ထိုသူ၏ခွင့်ပြုချက် သဘောတူညီချက်အရ နေထိုင်ခြင်းမဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။


**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်ကျော်စိန် LL.B(Advocate)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၆၉၆၁/၂၀၀၁)**
**အမှတ်-၈၃/အခန်း-၁၄(ဒီ)၊ဒုတိယထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်။ ဖုန်း-၀၉-၇၉၂၂၁၅၄၂**

---

## လျှပ်စစ်ဓာတ်အားကို ချွေတာနိုင်သည့် နည်းလမ်းများ

➢ လေအေးပေးစက်၏ လေစစ်ဇကာနှင့် ဓာတ်ငွေ့တို့ကို ပုံမှန်စစ်ဆေးထိန်းသိမ်းခြင်းဖြင့် အအေးဓာတ် အပြည့်ရအောင် ဆောင်ရွက်ပါ။



---

သင့်သွေးဖြင့် အသက်ကယ်ပါ

အိုဇုန်းလွှာနှင့် ရာသီဥတု ကောင်းမွန်ဖို့ လက်တွဲညီညီ ဆောင်ရွက်စို့

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၁၂)ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေး မူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

(ဃ) ပြည်ထောင်စုတစ်ဝန်း တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လမ်းပန်းဆက်သွယ်မှု လုံခြုံ ချောမွေ့စေရေး။

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှု ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင် ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ဂ) သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်မြှင့်တင်နိုင်ရေး ဒေသထွက်ကုန်ကြမ်းများကို အခြေခံသည့် အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်း(MSME)များကို ရေရှည်အာမခံချက်ရှိအောင် အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

(ဃ) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာ ဖူလုံရေးတို့အတွက် ပြည်သူ့လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားရေးစိတ်ဓာတ်ကို အခြေခံသည့် ကိုးကွယ်ယုံကြည်မှု၊ ယဉ်ကျေးမှု၊ အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

(ဂ) နိုင်ငံ၏ အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုခိုင်မာအောင်တည်ဆောက်၍ တစ်မျိုးသားလုံး သက်ရှည် ကျန်းမာသည့် ကျန်းမာရေးစနစ်ဖြစ်ပေါ်လာရေး။

(ဃ) ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေးအတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်နိုင်ရန် ဘက်စုံပညာရေးကဏ္ဍမြှင့်တင်ရေး။

❖ **လူအများစုလုပ်ကိုင်သည့် စီးပွားရေးလုပ်ငန်းများကို အားပေးဆောင်ရွက်မှသာလျှင် နိုင်ငံ့စီးပွားရေးသည်လည်း ဖွံ့ဖြိုးတိုးတက်မည်ဖြစ်သဖြင့် မိမိတို့အနေဖြင့် MSME လုပ်ငန်းများကို အားပေးဆောင်ရွက်နေခြင်းဖြစ်...**

❖ **MSME လုပ်ငန်းများကို အားပေးဆောင်ရွက်နေရခြင်းမှာ တိုင်းပြည်၏စီးပွားရေးမြှင့်တင်ရန်၊ ပြည်ပသွင်းကုန်များ အစားထိုးနိုင်ရန်နှင့် ပြည်ပသို့ ပြည်တွင်းထုတ်ကုန်များ တင်ပို့နိုင်ရန် စသည့် ရည်ရွယ်ချက်များဖြင့် ဆောင်ရွက်နေခြင်းဖြစ်...**

❖ **ဒေသမှထွက်ရှိသည့် ကုန်ကြမ်းများကို အခြေခံသည့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ရမည်ဖြစ်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၃ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်နေ့တွင် ပြုလုပ်သော စစ်ကိုင်းတိုင်းဒေသကြီး၊ ဟုမ္မလင်းခရိုင်အတွင်းရှိ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိ၊ မြို့ဖများ၊ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) လုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးမှုမှ ကောက်နုတ်ချက်)

**ယနေ့ ဖတ်စရာ**

**တရုတ်နိုင်ငံ မြို့တော်ပေကျင်း အပါအဝင် အခြားသောနေရာများ၌ လေပြင်းတိုက်ခတ်မှုကြောင့် အဝါရောင်သဲများ ပျံ့နှံ့**



စာမျက်နှာ » ၁၃

PDF **အမည်ခံအကြမ်းဖက်သမားများက မင်းကင်းမြို့နယ် မအူကျေးရွာအတွင်းရှိ အခြေခံပညာအလယ်တန်းကျောင်းခွဲအား မီးရှို့ဖျက်ဆီး**

စာမျက်နှာ » ၁၅

## သထုံမြို့၌ ပထမအကြိမ် လမ်းလျှောက်သင်္ကြန်ပွဲတော် ကျင်းပမည်

**သထုံ ဧပြီ ၁၁**

မွန်ပြည်နယ် သထုံမြို့၌ ယခုနှစ် မြန်မာ့ရိုးရာ အတာသင်္ကြန်ပွဲတော်တွင် ပြည်သူများ အေးချမ်းပျော်ရွှင်စွာ ရေကစားနိုင်ရေး ပထမဆုံးအကြိမ်အဖြစ် လမ်းလျှောက်သင်္ကြန်ပွဲတော်ကို ထည့်သွင်းကျင်းပသွားမည်ဖြစ်သည်။

လမ်းလျှောက်သင်္ကြန် ပွဲတော်ကို သထုံမြို့၏ကျက်သရေဆောင် လေးဆူဓာတ်စံရွှေစာရံ စေတီတော်မြတ်ကြီး မြောက်ဘက်မုခ်အရှေ့ရှိ ဘုရားလမ်းပေါ်တွင် အေးချမ်းပျော်ရွှင်စွာကျင်းပနိုင်ရေး တာဝန်ရှိသူတို့က ပြင်ဆင်လျက်ရှိပြီး မဟာသင်္ကြန်အကြိုနေ့ မွန်းလွဲပိုင်းမှစတင်၍ စည်ကားသိုက်မြိုက်စွာ ဖွင့်လှစ်ကာ နေ့စဉ်စတုဒိသာများ ကျွေးမွေးလှူဒါန်းသွားမည်ဖြစ်သည်။

**စာမျက်နှာ ၂၅ ကော်လံ ၄ သို့ ✪**





## မုံရွာမြို့၌ ထီးအလက်ပေါင်း ၃၀၀၀ ကျော်ဖြင့် လမ်းလျှောက်သင်္ကြန်ကျင်းပရန် စီစဉ်ထားရှိ

**မုံရွာ ဧပြီ ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ ကန်သာယာတွင်ကျင်းပမည့် မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော်၌ ပုသိမ်ထီးအပါအဝင် ထီးအလက်ပေါင်း ၃၀၀၀ ကျော်ဖြင့် လမ်းလျှောက်သင်္ကြန်ကျင်းပနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း မုံရွာမြို့ မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော် ကျင်းပရေးဦးစီးကော်မတီမှ သိရသည်။

"မုံရွာမြို့ ကန်သာယာမှာရှိတဲ့ ဗဟိုမဏ္ဍပ်ရဲ့ဘေး ဝဲ၊ ယာ တစ်လျှောက်မှာ လမ်းလျှောက်သင်္ကြန်ကျင်းပနိုင်အောင်စီစဉ်ထားပါတယ်။ ပုသိမ်ထီး ၁၅၀၀ ကျော်နဲ့ ရောင်စုံထီး ၁၅၀၀ ကျော် စုစုပေါင်း ထီးအလက် ၃၀၀၀ ကျော် ဆောင်ရွက်ထားရှိမှာဖြစ်ပါတယ်။ မုံရွာမြို့ ကန်သာယာမှာ ကျင်းပမယ့် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကို မည်သူမဆို ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲနိုင်အောင် စီစဉ်ဆောင်ရွက်ထားရှိတာဖြစ်လို့ လာရောက်ဆင်နွှဲကြဖို့လည်း **စာမျက်နှာ ၂၅ ကော်လံ ၁ သို့ ❖**